www.burmeseclassic.com


www.burmeseclassic.com

www.burmeseclassic.com

[illegible]

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှုနိုင်မာရေး
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
[illegible]၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

- မီးအပူဒဏ်ကို မခံနိုင်သော သံချောင်းသည်
  ဘယ်နည်းနှင့်မှ ဓားကောင်းတစ်လက်
  မဖြစ်လာနိုင်ပေ၊
  လောကဓံ၏နှိပ်စက်မှု မခံရသေးလျှင်လည်း
  အောင်မြင်မှုကို ရှာဖွေနိုင်မည်မဟုတ်ပါချေ။

- သေနတ်ကိုင်ခွင့်ရသူက
  သေနတ်ကိုအားကိုးသည်။
  ကလောင်ကိုင်ခွင့်ရသူက
  ကလောင်ကိုအားကိုးသည်။
  သေနတ်ကျည်ဆံက ကမ္ဘာအနှံ့မရောက်နိုင်ပေ..
  ကလောင်ဖြင့်ရေးသောစာက..
  ကမ္ဘာ့နေရာအနှံ့အပြားသို့တိုင် ရောက်နိုင်လေ၏။

- အခြားသူက အထင်သေးလျှင်
  မိမိအစွမ်းအစကိုပြပြီး ထင်ပေါ်အောင်လုပ်ပြပါ..၊
  အားလုံးက မနာလိုဖြစ်နေလျှင်တော့...
  ရှိသမျှကိုဖုံးပြီး ကျစ်လစ်စွာနေပါ..၊

# [illegible]

- ပစ္စည်းဖြစ်သော်လည်း ကြာရှည်မသုံးရပါက
  ပစ္စည်းကောင်း မခေါ်ကိုက်ပေ..။
  အသက်ရှည်နေသော်လည်း ဘာမှအသုံးမဝင်ပါက
  လူကောင်းတစ်ယောက် မဖြစ်တော့ပေ..။

- ပညာတတ်သည့်တိုင် အသိပညာမရှိပါက
  သုံးလျှင်လည်း အကျိုးမရပေ..
  အသိပညာရှိသော်လည်း ဘာမှမတတ်ပါက
  ဘယ်နေရာမှအသုံးပြု၍ အကျိုးမရှိပေ..၊
  အသိနှင့်ပညာ နှစ်ခုပြည့်စုံပါက
  အကျိုးကျေးဇူးရရှိနိုင်ပေ၏။

- ကိုယ်က အကူအညီတောင်းရသောအခါ
  ဦးခေါင်းငုံ့ထားတတ်ရပါတယ်၊
  ကိုယ်က အကူအညီပေးခွင့်ရလျှင်လည်း
  ဦးခေါင်းမော့ပြီး မပေးပါနဲ့..။

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ကျွန်တော့်အနေနှင့် 'ဂမ္ဘီရဆန်းကြယ်' ဟု ခေါင်းစဉ် တပ်ထားသော ဝတ္ထုများကိုရေးသားရာမှာ သာမန်ထိတ်လန့် ကြောက်ရွံ့ ဖွယ်ရာဝတ္ထုများချည်း ရေးသားခြင်းမျိုးမဟုတ်ဘဲ ဝတ္ထုတစ်အုပ်စီတွင် ပရိသတ်အတွက် ဗဟုသုတရစေမည့်အကြောင်းအရာများကို ဦးစားပေးထည့်သွင်း ရေးသား လေ့ရှိပါသည်။

ထိုသို့ရေးသားရာမှာလည်း မြန်မာနိုင်ငံသာမက ကမ္ဘာ့နေရာ အနှံ့အပြားမှ စိတ်ဝင်စားဖွယ်ရာ သုတရသများ ကို ရှာဖွေထည့်သွင်းရေးသားလေ့ရှိပါသည်။

စာဖတ်သူများအတွက် တစ်စုံတစ်ရာ ရပါစေ ဟူသော စေတနာဖြင့် ထည့်သွင်းရေးသားခြင်း ဖြစ်ပါသဖြင့် ကျွန်တော့်စာဖတ်ပရိသတ်များ ဗဟုသုတ ရသများ ရကြသည်ဆိုလျှင်ပင် ကျွန်တော်အတွက် ပင်ပန်းရကျိုးနပ်ကာ ကျေနပ်ရမည်ဖြစ်ပါသည်။

စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေ၊

စာဖတ်သူများ မေတ္တာရိပ်အောက်မှ. . .

(စာရေးသူ)

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) – မိစ္ဆာစွပ်းအားနှင့် သွေးစုပ်ဖုတ်ကောင်များ

အခန်း(၂) – သွေးစုပ်သူနှင့် ရန်ငြိုးရန်စ

အခန်း(၃) – ပျောက်နေသော အစွယ်တစ်ချောင်း

အခန်း(၄) – အမှောင်ရိပ်ထဲမှ အရိပ်မည်း

အခန်း(၅) – အာဃာတရန်ငြိုး

အခန်း(၆) – မရဏပန်းကိုတွေ့ကြရခြင်း

အခန်း(၇) – ပဟေဠိဆန်သော လူသတ်ကောင်

အခန်း(၈) – အမှောင်ရိပ်ထဲမှ သွေးစုပ်ဖုတ်ကောင်

အခန်း(၉) – သွေးစုပ်ဖုတ်ကောင်အယူအဆများ


အခန်း(၁၀) – တစ်ကျော့ပြန်လာသော ကြမ္မာဆိုး

အခန်း(၁၁) – ကြောက်စရာ မိစ္ဆာသစ်ပင်အန္တရာယ်

အခန်း(၁၂) – ပျော်ရွှင်ဖွယ်ရာဘဝလမ်းခရီး


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

## ပိတ္တာစွမ်းအားနှင့် သွေးစုပ်ဖုတ်ကောင်များ

တစ်နေ့သ၌ ကျွန်ုပ်သည် ခရီးထွက်ရာမှ ပြန်လာပြီးနောက် ရေးလက်စလုံးချင်းစာမူလည်း ပြီးစီးသွားသဖြင့် ထုတ်ဝေသူလက်ထဲသို့ အပ်နှံပြီးနောက်. . စိတ်လက်ပေါ့ပါးစွာဖြင့် နားနေသောအချိန် ဖြစ်သဖြင့် ငါးထပ်ကြီးဘုရားကုန်းဘက်၌ ဖွင့်လှစ်ထားသည့် 'အညာသား လက်ဖက်ရည်ဆိုင်' ဘက်သို့ ထွက်လာခဲ့လေသည်။

ယာခင်ရက်များကတော့ ရေးလက်စစာမူ အပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်သေးသောကြောင့် တပည့်ကျော် မောင်တိုးအောင် ဝယ်ပေးသော အစားအသောက်များကို အိမ်မှာပင် စားသောက်လေ့ရှိသဖြင့် အပြင်သို့ မထွက်ဖြစ်ခဲ့ပေ။

အပြင်မထွက်ရခြင်းအကြောင်းမှာလည်း စာရေးရာတွင် အာရုံစူးစိုက်မှု နည်းမည်စိုးသောကြောင့်ဖြစ်သည်။

ပတ်ဝန်းကျင်သို့ ထွက်လိုက်လျှင် မြင်သမျှကြားသမျှအကြောင်းအရာများက ပါလာလေရာ. . တစ်ခါတစ်ရံ ရေးလက်စစာမူကို အထောက်အပံ့ရသည်မျိုး ရှိသကဲ့သို့. . .

အနှောင့်အယှက်တွေ့စေသော အကြောင်းအရာမျိုးများနှင့်လည်း တွေ့ရတတ်ပေသည်။

ထို့ကြောင့် စာရေးနေသောအချိန်တွင် အပြင်ထွက်လေ့မရှိဘဲ လုံးချင်းစာမူပြီးသောအခါမှသာ အပြင်သို့ ထွက်လေ့ရှိသည်။

ကျွန်ုပ်နေသောနေရာမှာ ရွှေခုံတိုင်(ယခုရွှေဂုံတိုင်) ကုန်းဘက်၌ဖြစ်သောကြောင့် ငါးထပ်ကြီးကုန်းဘက်နှင့် သိပ်မဝေးလှပေ။

လွတ်လပ်ရေးမရမီအချိန်က ထိုနေရာတစ်ဝိုက်မှာ လူနေအိမ်ခြေသိပ်မများဘဲ တောင်ကုန်းများ၊ တောချုံများစွာ ထူထပ်ပေသည်။

အများအားဖြင့်တော့ ပန်းစိုက်သူများ၊ အသီးအနှံ





စိုက်ခင်းများသာ အများအပြားရှိကြလေသည်။ အချို့နေရာများတွင် နို့စားနွားနှင့် ဆိတ်မွေးသောခြံအချို့တော့ ရှိသည်။

မြို့လယ်နှင့်ဝေးသဖြင့် အတန်ငယ်ဝေးသောကြောင့် နားအေးပါးအေး နေနိုင်သောနေရာလည်း ဖြစ်လေသည်။

အညာသားလက်ဖက်ရည်ဆိုင်မှာ ငါးထပ်ကြီးဘုရား မြောက်ဘက်မုခ်အနီးမှာ ရှိသည်။

ဝါး၊ ဓနိများဖြင့် ဆောက်လုပ်ထားသော တဲအတွင်းမှာ စားပွဲ၊ ကုလားထိုင်များချပြီး ရောင်းသော လက်ဖက်ရည်ဆိုင်ဖြစ်သည်။

ထိုကဲ့သို့ ရောင်းသော်လည်း လက်ဖက်ရည်ဖျော်သော အညာသား၏ လက်ရာကောင်းမှုကြောင့်သော်လည်းကောင်း၊ စားပွဲထိုးများ၏ ဆောင်ရွက်မှုကောင်းသဖြင့်သော်လည်းကောင်း လူစည်ကားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖြစ်သည်။

အစားအသောက်ရောင်းသောဆိုင်များမှာ စေတနာဖြင့် ရောင်းသောဆိုင်မျိုးမှာ ကြီးပွားတိုးတက်မှုရှိလေသည်။

အစားအသောက် သုံးမတ်ဖိုးနှင့် စေတနာတစ်မတ်ဖိုးထည့်ရောင်းလျှင် ထိုဆိုင်မှာ ရေရှည်ခံပြီး. . စေတနာမပါဘဲ ရောင်းသောဆိုင်မှာ တာရှည်မခံပေ. .၊

လက်ဖက်ရည်ရောင်းသောဆိုင်မှာ ပိုပြီးအရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ဖက်ရည်ဖျော်သူ ကျွမ်းကျင်ဖို့လိုသလို စားပွဲထိုး ကောင်းဖို့လည်းအရေးကြီးသည်။

မှာတာတခြား ဖျော်တာတခြား ဖြစ်နေလျှင်သော်လည်းကောင်း၊ စားပွဲထိုးရှိသော်လည်း ခေါ်မကြား အော်မကြား ဖြစ်နေလျှင်သော်လည်းကောင်း၊

လက်ဖက်ရည်မှာလျှင် ကော်ဖီလာချ၊ ကော်ဖီမှာလျှင် လက်ဖက်ရည်လာချသည့် စားပွဲထိုးရှိသောဆိုင်မျိုးမှာ ကြာရှည်ခံမည်မဟုတ်ပေ။

တစ်ခါက ဗျိုင်းရေအိုးစင် လမ်းမပေါ်မှ နာမည်ကြီး လက်ဖက်ရည်ဆိုင်သို့ ရောက်သွားပြီး လက်ဖက်ရည်မှာကြသည်။ အကြိုက်ချင်းမတူသဖြင့် ကိုယ်ကြိုက်တာကိုယ်မှာသည်။ စားပွဲထိုးက ထိုသို့မှာသည်များကို လုံးဝဂရုမစိုက်ဘဲ လက်ဖက်ရည် ခွက်အရေအတွက်ကိုသာ မှတ်ယူသွားသည်။

လာချပေးတော့ အားလုံးအတူတူဖြစ်နေသည်။

ဘာကြောင့် ထိုသို့ဖြစ်ရသလဲ မေးကြည့်တော့. . .

"လက်ဖက်ရည် တစ်မျိုးပဲရောင်းတယ်၊ ကျန်တာတွေ မသိဘူး. ."

ဟု ပြောပြီးထွက်သွားသည်။

ကျွန်ုပ်တို့လည်း လက်ဖက်ရည်ပင် သောက်ချင်စိတ်မရှိတော့သဖြင့် ပိုက်ဆံရှင်းပေးခဲ့ပြီး လက်ဖက်ရည်ခွက်များကို ဒီအတိုင်းထားခဲ့ကြလေသည်။





ထိုကဲ့သို့သောဆိုင်မျိုးကို နောက်တစ်ခါ လက်ဖက်ရည်သောက်ဖို့ခေါ်ပါက ဘယ်သောအခါမှ လိုက်ချင်တော့မည် မဟုတ်ပေ။

ရန်ကုန်မြို့တွင် အစားအသောက် ကောင်းမွန်ရုံသာမက စားပွဲထိုးကောင်းသော ဆိုင်အချို့ရှိပါသည်။

ထိုအထဲတွင် ကြည့်မြင်တိုင်ဘက်မှ လက်ဖက်ရည်ဆိုင်လည်း တစ်ဆိုင်အပါအဝင်ဖြစ်ပေသည်။ ထိုဆိုင်သို့ သွားရောက်စားသောက်ကြသူတိုင်း သဘောကျသောဆိုင်ပင်ဖြစ်၏။

အညာသားလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်ဖျော်ရာမှာလည်းကောင်း၊ စားပွဲထိုးများကလည်း အဆင်ပြေသဖြင့် အမြဲတစေ လူစည်ကားနေတတ်သော ဆိုင်မျိုးဖြစ်သည်။

ထို့ပြင် ဆိုင်ရှေ့မှာရောင်းချနေသော 'မောင်ရွှေဘိန်းမုန့်' ကောင်းသဖြင့်လည်း လူကြိုက်များနေရခြင်းဖြစ်သည်။

လက်ဖက်ရည်တစ်ခွက်တစ်မတ်၊ မောင်ရွှေဘိန်းမုန့်တစ်ခြမ်းလျှင် တစ်မတ်သာပေးရသဖြင့် လက်ဖက်ရည် တစ်ခွက်နှင့် ဘိန်းမုန့်တစ်ခြမ်း စားသောက်လျှင်ပင် ဝမ်းပြည့်နိုင်လောက်သည်မို့ လက်လုပ်လက်စားများအတွက် တွက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်သော အစားအသောက်များလည်းဖြစ်သည်။

ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ. . ထောင့်ဘက်၌ရှိသော စားပွဲတစ်လုံးတွင်ထိုင်လျက် လက်ဖက်ရည် နှင့်အစားအသောက်များ မှာယူလျက် စားသောက်နေစဉ် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာမင်းထင်ကျော် ရောက်လာလေတော့သည်။

သူရောက်လာသဖြင့် နောက်ထပ်လက်ဖက်ရည် တစ်ခွက် ထပ်မှာပြီး စကားပြောကြလေသည်။

"မောင်ထင်ကျော် ရောက်လာပုံထောက်တော့ ကိစ္စအထွေအထူးများ ရှိနေလို့လား"

"ဆရာ့ကို မေးစရာရှိလို့ပါ"

"လက်ဖက်ရည်လည်းသောက်. . မေးစရာရှိတာလည်း မေးပေါ့ဗျာ. ."

ဒေါက်တာမင်းထင်ကျော်က စားပွဲပေါ်သို့ ရောက်လာသော လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီးမှ စကားပြန်ဆက်လေသည်။

"အခုကာလမှာ 'သွေးစုပ်ဖုတ်ကောင်' လို မကောင်းဆိုးဝါးတွေ ရှိနေနိုင်သေးသလားဆိုတာ သိချင်လို့ပါ. ."

ထိုစကားကြားသောအခါ ကျွန်ုပ်က ဆေးတံအတွင်းသို့ ဆေးဖြည့်နေရင်းမှ ပြန်ပြောလိုက်သည်။

အောင်မြင်စာပေ



"အရင်ကတော့ နိုင်ငံခြားရုပ်ရှင်တွေမှာ 'ဒရက်ကူလာ' ဆိုတဲ့ သွေးစုပ်ဖုတ်ကောင်အကြောင်း ရိုက်ပြတဲ့ ရုပ်ရှင်ဇာတ်လမ်းတွေ အတော်ကလေး လူကြိုက်များခဲ့တာပဲ၊ အဲဒီနောက်ပိုင်း မြန်မာပြည်မှာလည်း သွေးစုပ်ဖုတ်ကောင် ရောဂါတွေ အတော်ကလေး ခေတ်စားခဲ့သေးတယ်. ."

"ဘယ်လိုမျိုးတွေလဲ ဆရာ. ."

"သေပြီးတဲ့နောက် ဖုတ်ဝင်ပြီး လူတွေရဲ့သွေးကို စုပ်ယူပြီး အသက်ရှင်တဲ့ သွေးစုပ်ဖုတ်ကောင်တွေအကြောင်းကို လူတွေက သဘောကျကြတော့. . ဝတ္ထုဇာတ်လမ်းတွေ အတော်များများ ရေးခဲ့ကြတယ်၊ ကဝေသာရ ကလောင်အမည်နဲ့ ရေးတဲ့ဇာတ်လမ်းတွေက အတော်များများ အဲ့ဒါတွေပါပဲ. ."

ကျွန်ုပ်က ဆေးဖြည့်ပြီးသောဆေးတံကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"အဲဒါတွေနဲ့ပတ်သက်ပြီး ဆရာကော ဘယ်လိုမြင်သလဲ"

"ခေတ်အဆက်ဆက်မှာတော့ ဒါမျိုးတွေကတော့ ရှိခဲ့ကြတာပါပဲ၊ မြတ်စွာဘုရားလက်ထက်မှာလည်း ဖုတ်၊ ပြိတ္တာ၊ ဘီလူး၊ သရဲသဘက်ဆိုတာတွေ ရှိခဲ့ကြတာပဲ၊ ဒါကြောင့် ပရိတ်တော်တွေနဲ့ တားဆီးခဲ့ကြရတယ်. ."

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


"မှန်ပါတယ်. . ရတနာ့သုတ်၊ မေတ္တာသုတ်နဲ့ ဓဇဂ္ဂ သုတ်တွေဟာ မကောင်းဆိုးဝါးတွေရဲ့ ဘေးအန္တရာယ်က ကင်းအောင် ရွတ်ဖတ်ကြတဲ့ သုတ်တော်တွေပါပဲ. ."

"ရှေးခေတ်ဘုရင်တွေ လက်ထက်မှာလည်း သရဲ၊ တစ္ဆေတွေနဲ့ပတ်သက်ပြီး ထင်ရှားတဲ့သာဓကတွေ အများကြီး ရှိခဲ့ကြတယ်"

"မှန်ပါတယ်. . . မြတ်စွာဘုရား ရှိတော်မူစဉ်မှာ ဝေသာလီပြည်မှာ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ဘီလူးတွေရဲ့ နှိပ်စက်မှုကြောင့်. . တိုင်းပြည်ပျက်ရတဲ့ အကြောင်းတွေလည်း ရှိခဲ့ပါတယ်၊ ဒါထက် သွေးစုပ်ကောင်တွေနဲ့ပတ်သက်တဲ့အကြောင်း အရာမျိုးတွေရော ရှိခဲ့တယ်မဟုတ်လားဆရာ"

"သွေးစုပ်ဖုတ်ကောင်ဆိုတဲ့ ဝေါဟာရဟာ. . . လူ တိရစ္ဆာန်တွေရဲ့ သွေးနဲ့ အသက်ဆက်နေတဲ့ မကောင်းဆိုးဝါး တွေလို့ အဓိပ္ပါယ်ရှိတယ်၊ အဲဒီမှာ အမျိုးအစားကတော့ အများကြီးရှိတာပေါ့လေ"

ကျွန်ုပ်က ဆေးတံကိုဖွာရင်း ပြောလိုက်ရာ. . .

ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားဟန်ရှိလေသည်။

"ဘယ်လိုအမျိုးအစားတွေလဲ ဆရာ. ."

"ဖုတ်ကောင်ဆိုတဲ့ဝေါဟာရက သေရာကထလာတဲ့



သူတွေကိုပြောတဲ့ အရပ်စကားပဲ၊ အမှန်တော့ မကောင်းဆိုး ဝါး ဝိညာဉ်တွေဆိုရင် ပိုပြီးမှန်တာပေါ့၊ အဲဒီမှာလည်း လူနဲ့ တိရစ္ဆာန်တွေကိုသတ်ပြီး သွေးစုပ်တဲ့ မကောင်းဆိုးဝါးတွေရှိ သလို မသတ်ဘဲ. . သွေးကိုစုပ်ယူရုံပဲ စုပ်ယူတာတွေလည်းရှိ တယ်၊ အချို့ကျတော့လည်း သူတို့ရဲ့ခန္ဓာနုပျိုဖို့ အခြားသူရဲ့ သွေးကို စုပ်ယူတာလည်းရှိတယ်၊ ဒါမျိုးကတော့ အနောက် တိုင်းမှာ အဖြစ်များလေ့ရှိတယ်. ."

"မှန်ပါတယ်. ."

"ဟိုဘက်ပိုင်းမှာ သွေးစုပ်ဖုတ်ကောင်ရောဂါ အတော်ကလေး ထခဲ့ကြသေးတယ်၊ သွေးစုပ်ဖုတ်ကောင်ဂိုဏ်း ဖွဲ့ပြီး အဖွဲ့လိုက်လှုပ်ရှားကြတာတွေ ရှိတယ်၊ အနောက်နိုင်ငံ တွေမှာတော့ သွေးစုပ်ဖုတ်ကောင်ဂိုဏ်းနဲ့ မနုဿဝံပုလွေလို့ ခေါ်တဲ့ လူတစ်ပိုင်း ဝံပုလွေတစ်ပိုင်းဖြစ်နေတဲ့ ဂိုဏ်းတွေဟာ အတော်ကလေး ကြောက်စရာကောင်းကြတယ်. ."

"ဘာကြောင့် ဒီလိုလုပ်ကြတာလဲ ဆရာ"

"တစ်အချက်ကတော့ သူတို့အသက်ရှည်ဖို့ အတွက် ပေါ့၊ နောက်တစ်ချက်ကတော့ ခန္ဓာကိုယ်နုပျိုစေဖို့လည်း ပါ တယ်၊ အရေးကြီးဆုံးအချက်ကတော့ သွေးစုပ်ဖုတ်ကောင် ဂိုဏ်းဝင်ပဲဖြစ်ဖြစ် မနုဿဝံပုလွေဂိုဏ်းဝင်ပဲဖြစ်ဖြစ် ဒီဘဝ ရောက်သွားပြီးရင် စွမ်းအားတွေရလာကြတယ်လို့ ယုံကြည်


www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့အချက်က အဓိကကျတယ်. . မောင်ထင်ကျော်ရဲ့. . ”

“တကယ်ရော အဲဒီလိုစွမ်းအားမျိုးတွေ ရနိုင်ပါ့မလားဆရာ. . ”

“သူတို့မှာ မိစ္ဆာစွမ်းအားတော့ အတန်အသင့် ရချင်ရမှာပေါ့၊ အများအားဖြင့်တော့ မကောင်းတဲ့စိတ်က နောက်ကနေ တွန်းအားပေးနေတာကြောင့် သူတို့ကိုယ်သူတို့ စွမ်းအားတွေရှိနေကြတယ်လို့ ထင်နေတာမျိုးတွေလည်း ဖြစ်နိုင်တာပေါ့”

“နိုင်ငံခြားရုပ်ရှင်တွေထဲမှာတော့ ဝံပုလွေတစ်ပိုင်း လူတစ်ပိုင်းတွေနဲ့ သွေးစုပ်ဖုတ်ကောင်တွေဟာ သာမန်လူတွေ မလုပ်နိုင်တာမျိုးတွေ လုပ်ကြတာမျိုးတွေ့ တွေ့ရတယ်”

“ဒါကလည်း ရုပ်ရှင်ထဲမှာမို့ ကြည့်ကောင်းအောင် ရိုက်ပြကြ တယ်ဆိုပေမယ့် မဖြစ်နိုင်ဘူးလို့တော့ မပြောနိုင်ဘူး၊ အမှန်တော့ ဒီလို မိစ္ဆာစွမ်းအားရတဲ့ အဖြစ်မျိုးတွေ ဒီမှာလည်းရှိတာပဲ”

“ဘယ်လိုမျိုးလဲ ဆရာ”

ကျွန်ုပ်က စားပွဲပေါ်မှာချထားသော လက်ဖက်ရည် ပန်းကန်ကိုယူပြီး မော့သောက်လိုက်သည်။

ပြီးမှ ရေနွေးကြမ်းဖြင့် အာရှင်းလိုက်ပြီးမှ ဆေးတံကို ဆက်ဖွာရင်း ပြောပြရသည်။





“ရှေးက ကဝေအတတ်ပညာတတ်တဲ့ သူတွေဟာ လူစင်စစ်ကနေ လင်းတအသွင်ပြောင်းပြီး ကောင်းကင်ဘုံကို ပျံနိုင်ကြတယ်၊ ထမန်းကျား အယူအဆရှိသူတွေဟာ လူစင်စစ်ကနေ ထမန်းကျား အသွင်ပြောင်းနိုင်ကြတဲ့ အဖြစ်အပျက်တွေ ရှိခဲ့ကြတယ်၊ အမှန်တော့ ဒါတွေဟာ စိတ်အစွဲအလမ်း ယုံကြည်မှု လွန်ကဲမှုကတစ်ဆင့် ဖြစ်ပေါ်လာတဲ့ တိုတမ်ဝါဒ တစ်ခုပါပဲ. . ”

တိုတမ်ဝါဒနှင့်ပတ်သက်သော. . အသေးစိတ်အကြောင်းအရာများကို အခြားရေးသားပြီးသော စာအုပ်များတွင် အတန်အသင့် ရေးသားဖော်ပြခဲ့ပြီး ဖြစ်သဖြင့် အသေးစိတ်တော့ ထပ်မံမရေးတော့ပြီ. . ၊

ကမ္ဘာပေါ်တွင် ခြသေ့်တိုတမ်ဝါဒ၊ မိကျောင်းတိုတမ်ဝါဒ၊ ဝံပုလွေတိုတမ်ဝါဒ၊ ဝိညာဉ်လောက တိုတမ်ဝါဒဟူ၍ မိမိတို့ ယုံကြည်စွဲလမ်းမှုများအလိုက် အမျိုးမျိုးသော တိုတမ်ဝါဒများ ရှိကြသည်။

တိုတမ်ဝါဒမှာ စွဲလမ်းယုံကြည်မှု လွန်ကဲခြင်းတစ်မျိုး ဖြစ်ပေသည်။

အချို့က သစ်ပင်၊ အချို့က ပန်းပွင့်အစရှိသော. . ယုံကြည်စွဲလမ်းမှုမျိုးများလည်း ရှိကြသေးသည်။

ကွန်ဂိုတောအတွင်းမှာ နေကြသော လူရိုင်းတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

မှာ ပန်းပွင့်ကို ယုံကြည်စွဲလမ်းမှု ရှိကြသည်။

ပန်းပွင့်ကိုပင် ကိုးကွယ်ကြသဖြင့် ၎င်းတို့သေဆုံးသွားပြီး နောက်ပိုင်းမှာ ထိုပန်းပွင့်၏အလယ်ဝတ်ဆံနေရာတွင် လူမျက်နှာ ပုံသဏ္ဍာန်များပေါ်လာသည်။

ထိုကဲ့သို့ပေါ်လာခြင်းကိုပင် မြင့်မြတ်သည့် ပန်းပွင့်ဘဝသို့ ရောက်သွားသည်ဟု ထင်မှတ်ယုံကြည်ကြသည်။

ခြသေ့်တိုတမ်ဝါဒယုံကြည်သူက ခြသေ့်များမှာ ၎င်းတို့၏ ဆွေမျိုးတော်စပ်သဖြင့် အန္တရာယ်မရှိဟု ယုံကြည်သောကြောင့် ခြသေ့်များကို မကြောက်ရွံ့ကြပေ။

ထိုသူများမှာ ခြသေ့်ပေါသောနေရာ၌ပင် ရဲဝံ့စွာ သွားလာဝံ့ကြသည်။

မိကျောင်းတိုတမ်ဝါဒရှိသူကလည်း မိကျောင်းပေါသောမြစ်များ ချောင်းများထဲမှာ ကူးခတ်သွားလာဝံ့ကြသည်။

ဝိညာဉ်နှင့် ပတ်သက်ပြီး တိုတမ်ဝါဒရှိသူများကတော့ မကောင်းဆိုးဝါးမိစ္ဆာများသည် ၎င်းတို့အား အနှောင့်အယှက် မပေးကြသည့်အပြင် လိုအပ်သောအကူအညီများပင် ပေးကြသည်ဟု ယုံကြည်ကြသည်။

မှော်ဆရာများ၊ အောက်လမ်းဆရာများ၊ စုန်း ကဝေပညာ လိုက်စားသူများမှာ ထိုကဲ့သို့သော ယုံကြည်စွဲလမ်းမှုမျိုး ရှိကြလေသည်။





"အမှန်တော့ ရှေးကရှိခဲ့ဖူးတဲ့ လူကနေ ကျားအသွင်ပြောင်းနိုင်တယ်ဆိုတဲ့ ထမန်းကျား(သမန်းကျား) အယူအဆတွေဟာ မိစ္ဆာစွမ်းအားကြောင့် ဖြစ်ပေါ်လာတယ်လို့ ဆိုနိုင်ပါတယ်"

"ဘယ်လိုကြောင့်လဲ ဆရာ"

"သာမန်လူတစ်ယောက်ဟာ . တောထဲမှာရှိတဲ့ တိရစ္ဆာန်တစ်ကောင်ကို ဒီအတိုင်းဖမ်းလို့မရနိုင်ဘူး၊ လူစိတ်ဖျောက်၊ ကျားစိတ်ကျားမာန်သွင်းပြီး ကိုယ့်ကိုယ်ကိုယ် ထမန်းကျားဘဝရောက်အောင် ပြောင်းပြီးမှ သားကောင်ကို လိုက်ဖမ်းရင်ရကြတယ်၊ ဒါဟာ မိစ္ဆာစွမ်းအားကို အသုံးချနိုင်တယ်ဆိုတဲ့ သာဓကပဲပေါ့"

"ဆရာပြောမှပဲ သွေးစုပ်ဖုတ်ကောင်တွေ မနုဿဝံပုလွေတွေမှာ မိစ္ဆာစွမ်းအားတွေရှိကြတာကို သဘောပေါက်ရတော့တယ်"

ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်သောက်ခြင်းကို လက်စသပ်လိုက်ပြီး စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်သည်။ တစ်ဖွာနှစ်ဖွာဖွာပြီးတော့မှ ကျွန်ုပ်က မေးလိုက်သည်။

"ဒီအကြောင်းတွေ တကူးတကလာမေးနေပုံထောက်တော့ ဘာများထူးခြားမှုရှိလို့လဲ မောင်ထင်ကျော်ရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ရှိလို့လာခဲ့တာပါ. . လောလောဆယ် မှော်ဘီဘက်က ခြံကြီးတစ်ခြံမှာ သွေးစုပ်ဖုတ်ကောင်နဲ့ပတ်သက်တဲ့ အဖြစ်အပျက် တစ်ခုပေါ်နေလို့ပါ. ."

"ဟင်. . သေချာရဲ့လား မောင်ထင်ကျော်ရဲ့"

ဒေါက်တာမင်းထင်ကျော်က ၎င်းအိတ်ထဲမှာ အသင့်ပါလာသော စာအိတ်တစ်လုံးကိုပေးသဖြင့် ကျွန်ုပ်လည်း လှမ်းယူလိုက်သည်။

စာအိတ်မှာ အိတ်မှဖောက်ထားပြီးဖြစ်သောကြောင့် အထဲမှစာရွက်ကို ဆွဲထုတ်ယူ၍ ဖတ်ကြည့်လိုက်သည်။

"ဆို. . .
မိတ်ဆွေကြီး ဒေါက်တာမင်းထင်ကျော်ခင်ဗျား. . .
ကျွန်တော်တို့မိသားစုတွင် ကြီးစွာသော အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရပါတယ်. .၊
အခြားမဟုတ်ပါဘူး၊ သွေးစုပ်ဖုတ်ကောင်အန္တရာယ်တစ်ခုနှင့် ကြုံတွေ့နေရပါတယ်. .၊
သွေးစုပ်ဖုတ်ကောင်ဘဝရောက်နေသူမှာလည်း အခြားသူ မဟုတ်ပါဘူး. .၊
ဒီအကြောင်းတို့ စာဖြင့်ရေးပြောပါက မသင့်လျော်သည်က တစ်ကြောင်း၊ မပြည့်စုံသည်ကတစ်ကြောင်း ဖြစ်သည်မို့





ထောကြောင့် ယခုစာရေးပါက မိတ်ဆွေကြီးကိုယ်တိုင် ကျွန်တော့်နေအိမ်သို့ လာရောက်၍ စုံစမ်းပေးစေလိုပါတယ်. .၊

မိတ်ဆွေကြီးတို့လာလျှင် အကြောင်းစုံတွေ့မြင်ရတော့မည် ဖြစ်ပါသဖြင့် ဆက်ဆက်လာစေလိုပါတယ်။

ကျန်းမာချမ်းသာကြပါစေ
ဦးကျော်ခေါင်
သစ်ရွှေမြိုင်ဥယျာဉ်ခြံ
မှော်ဘီမြို့. . .၊

ဟု ရေးထားသည်ကို တွေ့ရလေသည်။

"သွေးစုပ်ဖုတ်ကောင်က ဘယ်သူတဲ့လဲ မောင်ထင်ကျော်ရဲ့. ."

"ကျွန်တော်လည်း အသေအချာတော့ မသိရသေးဘူး၊ သူ့စာထဲမှာ ထည့်မရေးချင်ပုံ ထောက်ကြည့်ရင်တော့ သူတို့အိမ်သူအိမ်သားထဲက တစ်ယောက်ယောက်ပဲ ဖြစ်မယ်ထင်ပါတယ်"

"ဒီတော့ ဘယ်လိုလုပ်ချင်သလဲ"

"သူ အကူအညီတောင်းတဲ့အတိုင်း မှော်ဘီသွားကြည့်ဖို့တော့ စိတ်ကူးရှိလို့ ဆရာ့ကိုပါလာခေါ်တာပဲ. ."

"ကျုပ်ကတော့ လိုက်ခဲ့ဖို့ဝန်မလေးပါဘူး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း သွေးစုပ်ဖုတ်ကောင်နဲ့ တွေ့နေရရင်တော့ . . ကျုပ်တို့နှစ်ယောက်နဲ့ချည်းသွားတာထက် ဦးဇန်ကောင်းကိုပါ တစ်ပါတည်း ခေါ်သွားကြရင် ပိုမကောင်းပေဘူးလား . ."

"အင်း . . ဒါလည်းကောင်းတာပါပဲ၊ ဒါထက် ဒီစာ ဖတ်ပြီးတော့ ဆရာ့အမြင်လည်းပြောပါဦး"

"ဟုတ်မဟုတ်တော့ လက်တွေ့သွားကြည့်မှပဲ သိရတော့မှာပဲ . . တွေးကြည့်နေတာနဲ့စာရင် ပြေးကြည့်တာက ပိုပြီး သေချာတာပေါ့ မောင်ထင်ကျော်ရယ် . ."

ကျွန်ုပ်စကားကြောင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက်မှာတော့ ကျသင့်ငွေများကို ရှင်းလင်းပြီးနောက် ဆိုင်ထဲမှထွက်ခဲ့ကြလေတော့သည်။

အပြင်သို့ရောက်သောအခါ လမ်းဘေးမှာ ရပ်ထားသော ဒေါက်တာမင်းထင်ကျော်ကားနှင့်ပင် ဦးဇန်ကောင်းနေသော ကြားတောရလမ်းဘက်သို့ မောင်းထွက်ခဲ့ကြလေသည်။







# အခန်း(၂)

# သွေးစုပ်သူနှင့် ရန်ငြိုးရန်စ

မော်ဘီသည် လွတ်လပ်ရေးမရခင် ရှေ့ပိုင်းအချိန်ကာလများက ယခုအချိန်မှာ မြင်တွေ့ရသကဲ့သို့ မြို့အင်္ဂါရပ်နှင့်ညီညွတ်သော အနေအထားမျိုးမရှိဘဲ ကားလမ်းနံဘေးမှာ တည်ထားသော ရွာကြီးတစ်ရွာပင် ဖြစ်လေသည်။

သို့သော်လည်း မော်ဘီဆရာသိန်းစသော ကျမ်းပြုပုဂ္ဂိုလ်များနှင့် မော်ဘီဘိုးဘိုးကြီး နတ်နန်းရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လူသိများသောနေရာတစ်ခု ဖြစ်ခဲ့လေသည်။

မော်ဘီတစ်ဝိုက်မှာ ရေမြေသဘာဝ ကောင်းမွန်သောကြောင့် သစ်တောကြီးများ၊ ဝါးတောကြီးများ အသီးအနှံ စိုက်ပျိုးကြသော ခြံကျယ်ကြီးများရှိကြလေသည်။

အချို့သီးနှံစိုက်ပျိုးသော ခြံကျယ်ကြီးများမှာ တစ်ဧက၊ နှစ်ဧကသာမကဘဲ ဧကအတော်များများအထိ ကျယ်ဝန်းကြလေသည်။

မော်ဘီမြို့အစွန်နေရာဘက်လောက်တွင် သီးနှံစိုက်ပျိုးသောခြံ၊ သစ်ခွပန်းများစိုက်ပျိုးသောခြံ၊ အခြားပန်းမျိုးစုံတို့စိုက်ပျိုးကြသည့်ခြံများ ရှိကြသည်။

ထိုခြံကြီးများမှာ ကားလမ်း၊ မီးရထားလမ်းနှင့် မဝေးသောနေရာတွင် တစ်ခြံနှင့်တစ်ခြံဆက်စပ်လျက် ရှိကြလေသည်။

အချို့ခြံကြီးများမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထောင်စိုက်ပျိုးထားကြသောကြောင့် သစ်ပင်ကြီးများဖြင့် မှိုင်းညို့လျက်ရှိနေကြသည်။

အဝေးမှကြည့်လျှင် တောတန်းကြီးသဖွယ် ဖြစ်နေတော့သည်။ ထိုခြံကျယ်ကြီးများထဲတွင် အငြိမ်းစားသစ်တောဝန်ထောက် ဦးကျော်ခေါင်ပိုင်ဆိုင်သည့် 'သစ်ခွမြိုင်' ခြံလည်း တစ်ခြံအပါအဝင် ဖြစ်လေသည်။





ဦးကျော်ခေါင်ပိုင်ဆိုင်သော ခြံကျယ်ကြီးမှာ မော်ဘီမြို့အဝင် လက်ယာဘက်အတွင်းပိုင်း၌ ရှိလေသည်။

သုံးဧကလောက်အကျယ်အဝန်းရှိပြီး ထိုခြံထဲတွင် သီးနှံပင်များ၊ သစ်ခွပန်းမျိုးစုံများ၊ အခြားထူးဆန်းသော သစ်ပင်ပန်းပင်များစွာ တို့ရှိကြလေသည်။

ဦးကျော်ခေါင်သည် သစ်တောဝန်ထမ်းဘဝဖြင့် မြန်မာတစ်နိုင်ငံလုံး၌ရှိသော သစ်တောကြီးများအတွင်းသို့ လှည့်လည်သွားလာခဲ့ရသည်။

ဝန်ထောက်ဘဝရောက်တော့လည်း မြန်မာနိုင်ငံတနံတလျား သူမရောက်ဖူးသောနေရာ မရှိလောက်အောင် သွားခဲ့ရသူဖြစ်သည်။

အထက်ပိုင်းဒေသသစ်တောကြီးများ၊ အလယ်ပိုင်းဒေသမှာရှိသော သစ်တောကြီးများနှင့် အောက်ပိုင်းဒေသများမှာရှိသော သစ်တောကြီးများကို သွားရောက်ခဲ့ရလေသည်။

မျက်နှာဖြူအစိုးရကလည်း ဦးကျော်ခေါင်ကို သစ်တောသစ်ပင် ကျွမ်းကျင်သူဖြစ်သည့်အပြင် မြန်မာနိုင်ငံ တနံတလျား ခရီးသွားလာနိုင်သူဖြစ်သောကြောင့် သစ်တောဝန်ထောက်ရာထူးအထိပေးကာ နေရာအနှံ့သို့စေလွှတ်ခဲ့သည်။

ထိုကဲ့သို့ သွားလာရခြင်းကိုပင် ဦးကျော်ခေါင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သဘောကျလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူသည် ခရီးသွားလာရခြင်းကို ဝါသနာပါသူဖြစ်ပြီး နောက်တစ်ချက်က ထူးဆန်းသောပစ္စည်းများကို စုဆောင်းရခြင်းကို များစွာဝါသနာပါသောကြောင့်ဖြစ်သည်။

တောနက်ကြီးများထဲမှာသာ တွေ့ရလေ့ရှိသော. . သစ်ခွပန်းမျိုးစုံတို့အပြင် ထူးဆန်းသော ပန်းပင်၊ သစ်ပင်များကိုလည်း စုဆောင်းယူဆောင်လာလေ့ရှိသည်။

ဦးကျော်ခေါင်သည် ယခင်မိန်းမနှင့်. . သားတစ်ယောက်ရခဲ့ပြီး၊ ထိုသား(၁၅)နှစ်သား အရွယ်လောက်အထိ သားနှင့်အတူတူ မနေရပေ။

နောက်ပိုင်း မိန်းမသေဆုံးသွားသောအခါ သားဖြစ်သူကို ဆွေမျိုးများနှင့် အပ်နှံထားရလေသည်။

ထိုသား၏အမည်မှာ မာလဖြစ်သည်။

မာလသည် ငယ်စဉ်ကတည်းက ကျန်းမာရေးချူချာသူ ဖြစ်သောကြောင့် ခြေရောလက်ပါ မသန်စွမ်းဘဲ ပိုလီယိုရောဂါသည်ကဲ့သို့ ဖြစ်နေသည်။

မျက်နှာမှာ ရွဲ့နေပြီး. . . လမ်းလျှောက်လျှင်လည်း တရွတ်ဆွဲနေသူဖြစ်သည်။

ဦးကျော်ခေါင်မှာ အလုပ်များသူဖြစ်သည်ကတစ်





ကြောင်း၊ ၎င်းတာဝန်ကလည်း အမြဲတစေခရီးထွက်သူ ဖြစ်သောကြောင့် သားဖြစ်သူနှင့်ပင် အတူတူမနေနိုင်ပေ. . ။

ထို့ကြောင့် မာလစိတ်ထဲမှာ ငယ်စဉ်ကတည်းက စွဲနေသော အချက်တစ်ခုရှိသည်။

အခြားမဟုတ်ပေ. . .

ဖခင်ဖြစ်သူမှာ သူ့ကိုမချစ်သဖြင့် ပစ်ပယ်ထားသည်ဟု သတ်မှတ်နေသည့် အချက်ဖြစ်သည်။

တကယ်တော့ မာလမှာ မိဘမေတ္တာငတ်နေသော ဒုက္ခိတတစ်ယောက်ပင်ဖြစ်သည်။

နောက်ပိုင်းမှာတော့ ဦးကျော်ခေါင်မှာ ရှမ်းပြည်နယ်ဘက်၌ရှိသော သစ်တောကြီးများသို့ သွားရောက်တာဝန်ထမ်းဆောင်ရင်းနှင့် နန်းမာလာနှင့်တွေ့ကြလေသည်။

နန်းမာလာမှာ စော်ဘွားမျိုးနွယ်တစ်ဦးဖြစ်ပြီး ရုပ်ရည်ချောမောလှပသူဖြစ်သည်။

သူတို့နှစ်ယောက် တွေ့ဆုံချစ်ကြိုက်ပြီး လက်ထပ်ကြသောအချိန်တွင် ဦးကျော်ခေါင်က အသက်(၅၀)ကျော် အရွယ်ရှိပြီး နန်းမာလာက အသက်(၃၀)ဝန်းကျင်အရွယ်ခန့်သာ ရှိလေသည်။

တစ်ခုတော့ရှိသည်. . .

နန်းမာလာနှင့် လက်မထပ်ခင်အချိန်က ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်မှ သတင်းတစ်ခုတော့ ကြားရသည်။

အခြားမဟုတ်ပေ. . .

နန်းမာလာတို့မျိုးရိုးမှာ ရုပ်ရည်ချောမောသလောက် ပြုစားတတ်သော မှော်ပညာများ တတ်ကျွမ်းကြသည်ဆိုသော သတင်းပင်ဖြစ်သည်။

သို့သော်လည်း ဦးကျော်ခေါင်က ထိုအယူအဆများကို ယုံကြည်မှုမရှိပေ။

ထိုအချိန်ကတော့ နန်းမာလာအပေါ်မှာ အရူးအမူးချစ်ခင်နှစ်သက်နေသောကြောင့် ကျန်တာတွေကို အလေးမထားသည့် သဘောလည်းဖြစ်ပေလိမ့်မည်။

နောက်ပိုင်းမှာတော့ နန်းမာလာနှင့်လက်ထပ်ပြီး သူသွားလေရာနေရာသို့ ခေါ်ဆောင်သွားလေသည်။

သူကတော့. . အသက်ကြီးမှ ချောမောလှပသော အမျိုးသမီးကိုရသဖြင့် များစွာချစ်ခင်နှစ်သက်မှု ရှိလေသည်။

ထိုကဲ့သို့အိမ်ထောင်ကျပြီးတော့မှ ငှက်ဖျားရောဂါစွဲကပ်လာသောကြောင့် အလုပ်မှ နားလိုက်ရလေသည်။

ထိုသို့အနားယူပြီးနောက် မှော်ဘီဘက်မှာရှိသော ခြံကျယ်ကြီးတစ်ခြံကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူပြီးနောက် ထိုခြံဝန်းထဲမှာပင်. . တိုက်ခံနှင့် နှစ်ထပ်အိမ်ကြီးတစ်လုံး ဆောက်ပြီး သွားရောက်နေထိုင်ကြသည်။





ထိုခြံထဲသို့ သူစုဆောင်းထားသော သစ်ပင်၊ ပန်းပင်၊ သစ်ခွပန်းမျိုးစုံတို့ ရွှေ့ပြောင်းစိုက်ပျိုးပြီးနောက် ဥယျာဉ်ခြံကြီးအဖြစ် ပြုလုပ်လေသည်။

ခြံထဲမှာအလုပ်လုပ်ရန် အလုပ်သမားများကိုလည်း လစာရိက္ခာနှင့် နေထိုင်စရာများပေးထားပြီး အလုပ်လုပ်စေသည်။

ကျွမ်းကျင်သောခြံအလုပ်သမားများကြောင့် ဥယျာဉ်ခြံကြီးမှာ နှစ်အနည်းငယ်အတွင်းမှာ ဖြစ်ထွန်းအောင်မြင်လာခဲ့လေသည်။

ဦးကျော်ခေါင်က ထိုအိမ်ကြီးသို့ ရွှေ့ပြောင်းနေထိုင်သောအခါ ဆွေမျိုးများထံအပ်နှံထားသော သားဖြစ်သူမာလကိုပါ ၎င်းတို့နှင့်အတူတူ ခေါ်ထားလေသည်။

ထိုသို့ခေါ်စဉ်က မာလက မလိုက်ချင်သောကြောင့် ငြင်းသည်။

"ကျွန်တော် မလိုက်ချင်ဘူး. ."

"ဘာဖြစ်လို့လဲ. . သားရဲ့၊ အခု ဖေဖေတို့ အတူတူနေလို့ရပြီလေ. ."

"ဒါပေမယ့် အဖေက ကျွန်တော့်ကိုမချစ်ပါဘူး၊ ဒါကြောင့် နောက်မိန်းမ ယူတာမဟုတ်လား"

"သားကို မချစ်လို့ နောက်မိန်းမ ယူတာမဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ကွယ်၊ သားကို ဖေဖေကချစ်ပါတယ်၊ နောက်မိန်းမ ယူတာက အဖေ့အတွက် အထောက်အကူရအောင်လို့ပါ. . "

သို့သော် မာလက သိပ်မလိုက်ချင်ပေ. .

"ကျွန်တော် ဒီမှာပဲနေမယ်. . . ဖေဖေနဲ့မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲ သားရဲ့. . "

"အဖေ့မိန်းမက ကျွန်တော့်ကိုနှိပ်စက်လိမ့်မယ်၊ ကျွန်တော် သူ့ကိုကြောက်တယ်"

"မကြောက်ပါနဲ့ကွယ်. . မင်းကို မနှိပ်စက်စေရပါဘူး၊ လက်ဖျားနဲ့တောင် မထိရဖို့ အဖေစောင့်ရှောက်ပေးပါ့မယ်"

ထိုကဲ့သို့ အတန်တန်ချော့မော့ပြီး ခေါ်လာသောအခါမှ မာလမှာ မလိုက်ချင်လိုက်ချင်နှင့်လိုက်လာပြီး ဦးကျော်ခေါင်တို့နှင့် အတူတူလာနေလေသည်။

သို့သော်လည်း သူ့အမူအရာမှာ အမြဲတစေ တစ်ခုခုကို ကြောက်လန့်နေသကဲ့သို့ ရှိနေလေသည်။

မာလရောက်လာကာစကတည်းက နန်းမာလာကလည်း ကြည်ကြည်ဖြူဖြူပင်ရှိသဖြင့် ဦးကျော်ခေါင်မှာ. . သူစိုးရိမ်နေသကဲ့သို့ မဖြစ်သောကြောင့် အတန်အသင့်တော့ စိတ်ချမ်းသာမှုတော့ ရရှိလေသည်။

ထိုကဲ့သို့စိတ်ချမ်းသာမှုမှာ ကြာရှည်တော့မခံပေ။





နောက်ထပ်တစ်နှစ်ခန့် ကြာသောအခါ နန်းမာလာမှာ ကလေးတစ်ယောက် မွေးလာသည်။

သမီးကလေးဖြစ်ပြီး ဖြူဖြူစင်စင်နှင့် ချစ်စရာကောင်းသော ကလေးဖြစ်သည်။

ထိုကလေး လသားအရွယ် ရောက်လာသောအခါ အသက်အရွယ်ကြီးမှ သားသမီးရသော ဦးကျော်ခေါင်တို့ လင်မယားနှစ်ယောက်စလုံးမှာ ချစ်မဝနိုင်အောင် ရှိကြလေသည်။

ဦးကျော်ခေါင်ပင် ခြံထဲမှလုပ်ငန်းကိစ္စများပြီးပါက ကလေးအနားမှာသာနေပြီး ချီပိုးချော့မြူနေတော့သည်။

ထိုကဲ့သို့ လင်မယားနှစ်ယောက်. . ကလေးတစ်ယောက်နှင့် ပျော်ရွှင်ကြည်နူးနေသဖြင့် ဒုက္ခိတဖြစ်နေရှာသော မာလကိုပင် လှည့်မကြည့်နိုင်ကြတော့ပေ။

ဂရုမစိုက်နိုင်ကြတော့ပေ။

ထိုအခါ မာလခမျာမှာလည်း ဖခင်ဖြစ်သူက နောက်ကလေးအငယ်ရသဖြင့် သူ့ကိုဂရုမစိုက်နိုင်တော့သည့်အခါ တစ်နေရာမှပင် မကျေမနပ်ဖြင့် ကြည့်နေရတော့သည်။

ထိုအခြေအနေကို ဦးကျော်ခေါင်တစ်ယောက် မရိပ်မိခဲ့ပေ။

တစ်နေ့မှာတော့ ခြံထဲမှပြန်ရောက်လာသောအခါ


www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာမှာ ထိုင်ငိုနေသော မာလကိုတွေ့ရသဖြင့်. . မေးကြည့်ရသည်။

"မာလ. . ဘာဖြစ်လို့ငိုနေတာလဲ"

မာလက သူ့လက်မောင်းမှာထင်နေသော အရှိုးရာများကို ပြသည်။

"ဟင်. . မင်းလက်မောင်းမှာ အရှိုးရာတွေပါလား၊ ဘယ်သူ ရိုက်တာလဲ"

"ဟို စုန်းမကြီးရိုက်တာ. ."

"ဘယ်စုန်းမကြီးလဲ. . အဖေ့ကိုလည်းပြောပြပါဦး"

"ဘယ်သူရှိရမလဲ. . အဖေ့မိန်းမပေါ့၊ သူက စုန်းမတစ်ယောက်ဗျ၊ စုန်းမတောင် ရိုးရိုးမဟုတ်ဘူး. . . လူတွေရဲ့သွေးကို စုပ်ယူချင်နေတဲ့ သွေးစုပ်စုန်းမဗျ. . အဖေသိရဲ့လား"

မာလက ငိုယိုရင်းပြောရာ ထိုစကားကြားသဖြင့် ဦးကျော်ခေါင်မှာ မျှားစွာအံ့သြသွားလေသည်။

"မဟုတ်ပါဘူး. . သားရယ်၊ သူက သာမန်လူတစ်ယောက်ပါပဲ. .၊ မင်းထင်သလို စုန်းမတစ်ယောက်ဆိုတာ မဟုတ်ပါဘူး"

"အဖေက ကျွန်တော်ပြောတာကိုမယုံဘူး၊ ဟိုတစ်နေ့က ကလေးလည်ပင်းကသွေးကို စုပ်ယူနေတာကို ကျွန်တော်ကိုယ်တိုင် မြင်ရတာဗျ၊ ဒါကြောင့် သူ ကျွန်တော့်ကိုရိုက်တာ"





"ဟင်. ."

မာလက သေသေချာချာ ပြောနေသဖြင့် ဦးကျော်ခေါင်မှာ ယုံရအခက်၊ မယုံရအခက် ဖြစ်ရတော့သည်။

နောက်တော့ မာလကို ချော့မော့ထားခဲ့ပြီး ကလေးထိန်းအဖြစ်ထားသူ မနန်းမေကိုခေါ်ပြီး တိုးတိုးတိတ်တိတ်မေးကြည့်ရသည်။

"မနန်းမေ. . နင်သိသမျှ၊ မြင်သမျှ ငါ့ကိုပြောပြပါ၊ သူတို့နှစ်ယောက် ဘယ်လိုပုံဖြစ်ကြတာလဲ၊ နန်းမာလာက မာလကို ဘာကြောင့်ရိုက်တာလဲ"

ထိုသို့မေးသောအခါ မနန်းမေက သူသိသမျှ၊ မြင်သမျှ ပြန်ပြောပြလေသည်။

"ကျွန်မလည်း သေသေချာချာတော့ မသိရပါဘူး ဆရာကြီး၊ အဲဒီအချိန်က မာလက မမလေးအခန်းဝ ရောက်နေပြီး ဘာတွေပြောနေမှန်းတော့ မကြားရပါဘူး၊ အဲဒီအချိန်မှာ အခန်းထဲက ကလေးငိုသံကိုလည်း အဆက်မပြတ် ကြားနေရပါတယ်. ."

"ကလေးငိုတော့ နင်က မသွားဘူးလား"

"ကျွန်မရောက်သွားတဲ့အချိန်မှာ မမလေး အခန်းထဲက ထွက်လာပြီး မာလကို ရိုက်နေတာ တွေ့ရပါတယ်၊ ဒါကြောင့် အနားမသွားဝံ့တော့တာနဲ့ တစ်နေရာက ကြည့်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"နင်လှမ်းကြည့်နေတဲ့အချိန်မှာ ဘာတွေထူးခြားမှု တွေ့ရသလဲ. ."

"ကျွန်မ လှမ်းကြည့်လိုက်တော့ မမလေးရဲ့ပါးစပ်မှာ သွေးတွေပေနေတာ တွေ့ရပါတယ်"

"ဟင်. ."

ထိုစကားကြောင့် ဦးကျော်ခေါင်မှာ များစွာထိတ်လန့်သွားမိလေသည်။

သားဖြစ်သူ မာလ အမြဲတစေပြောနေသော စကားတစ်ခွန်းကိုပါ ပြန်လည်သတိရလာသည်။

"သူက စုန်းမကြီး အဖေရဲ့. . ၊ စုန်းမတောင် ရိုးရိုးစုန်းမ မဟုတ်ဘူး၊ လူတွေရဲ့ သွေးတွေကိုစုပ်ယူနေတဲ့ သွေးစုပ်စုန်းမဗျ. . သိရဲ့လား. ."

ထိုကိစ္စမှာ ဦးကျော်ခေါင်ရင်ထဲမှာ မတင်မကျနှင့် ရှိနေတော့သည်။

ယခင်က ချစ်လှပါသည်ဆိုသော နန်းမာလာအပေါ်မှာ တဖြည်းဖြည်းနှင့် သံသယဝင်လာလေသည်။

တစ်နေ့တော့ ခြံထဲမှာ အလုပ်တွေများနေသောကြောင့် ညဉ့်ဦးပိုင်းအချိန်ရောက်မှ အိမ်သို့ပြန်ရောက်သွားလေတော့သည်။



အိမ်ထဲသို့ဝင်လိုက်သည်နှင့် မာလ၏ စူးစူးဝါးဝါး အော်ဟစ် ငိုနေသံကိုကြားရသဖြင့် ကပျာကယာသွားလေသည်။ နန်းမာလာနေသော အခန်းပေါက်ဝ ရောက်သောအခါ. . . နန်းမာလာက မာလကို ဒေါသတကြီး ရိုက်နှက်နေသည်ကို တွေ့ရလေသည်။

"ဒီလိုလုပ်ရသလားဟဲ့. . . ကဲဟယ်. . ကဲဟယ်"

မာလမှာ မသန်စွမ်းသူဖြစ်သောကြောင့် သူ့ကိုယ်သူ မကာကွယ်နိုင်ဘဲ နန်းမာလာရိုက်နှက်သမျှ လိုမ့်ခံနေရလေသည်။ ထိုမြင်ကွင်းကိုမြင်သောအခါ ဦးကျော်ခေါင်မှာ စိတ်မထိန်းနိုင်တော့သဖြင့် ပြေးဝင်သွားပြီး တုတ်ဖြင့်ရိုက်နေသည့် နန်းမာလာကို တွန်းဖယ်လိုက်သည်။

"မင်း. . . ရက်စက်လှချည်လား၊ ဘာကြောင့် ဒီလောက်ရိုက်နေရတာလဲ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ. . ငါ့ကို ပြောပြစမ်း"

ထိုသို့ပြောပြီး နန်းမာလာကိုကြည့်လိုက်တော့ ပါးစပ်မှာ သွေးများပေနေသည်ကို တွေ့ရသည်။

မနီးမဝေးမှာလည်း ကလေးထိန်း မနန်းမေက. . ကလေးကို ပွေ့ချီထားလျက်နှင့် မျက်စိမျက်နှာပျက်နေသည်။ ဦးကျော်ခေါင်က တစ်စုံတစ်ခုကိုသတိရသဖြင့် မနန်းမေအနီးသို့သွားပြီး ကလေးကိုကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးမှာ စူးစူးဝါးဝါးငိုနေပြီး လည်ပင်းနေရာမှာ သွေးစများရှိနေသည်။

ထိုသွေးများက အကျီနှင့်ပတ်ထားသော အနီးစမှာပင် စွန်းပေနေသည်။

ထိုမြင်ကွင်းကိုမြင်တော့ ဦးကျော်ခေါင်မှာ ဒေါသဖြစ်သွားလေတော့သည်။

"ဟင်. . မင်း. . မင်း တယ်လည်းရက်စက်တဲ့မိန်းမပါလား၊ ကိုယ့်ရင်သွေးကိုတောင် မညှာနိုင်တော့ဘဲ သွေးစုပ်နေတယ်ပေါ့၊ ဒီအကြောင်းတွေကို မာလက တွေ့မြင်သွားတော့. . . မာလကိုပါ အသေသတ်ဖို့ ကြိုးစားနေတာပေါ့. . ဟုတ်လား. . ၊

အစကတော့ ရိုးသားဖြူစင်တဲ့ မိန်းမထင်ပြီး. . ယူခဲ့မိတာ၊ အခုမှပဲ ကိုယ့်ရင်သွေးကိုတောင် မညှာနိုင်ဘဲ သွေးစုပ်ယူနေတဲ့ စုန်းမတစ်ယောက်မှန်း သိရတော့တယ်. . "

ထိုကဲ့သို့ ရင့်ရင့်သီးသီးပြောလိုက်သောအခါ နန်းမာလာလည်း ဘာမှပြန်မပြောဘဲ မာလကို ဒေါသမျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်ပြီး အခန်းတွင်းသို့ပြန်ဝင်ကာ တံခါးပိတ်ထားလိုက်လေတော့သည်။

အပြင်မှ အကြိမ်ကြိမ်ခေါ်သော်လည်း. . ဖွင့်မပေးတော့ပေ။






ထို့နောက်မှာတော့ ကလေးငယ်ကို နန်းမာလာနှင့် အတူ မထားဝံ့တော့သဖြင့် ကလေးထိန်းမနန်းမေနှင့်အတူ ထားပြီး စောင့်ရှောက်ခိုင်းထားရလေသည်။




www.burmeseclassic.com



www.burmeseclassic.com



## အခန်း(၃)

# ပျောက်နေသောအစွယ်တစ်ချောင်း

ထိုကဲ့သို့သောအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး တစ်ပတ်ခန့် အချိန်ကြာသောအခါတွင် အခြေအနေမှာ တစ်နေ့တခြား ဆိုးဝါးလာသောကြောင့် ဦးကျော်ခေါင်က ဒေါက်တာမင်းထင်ကျော်ထံသို့ စာရေး၍ အကူအညီတောင်းခဲ့ခြင်း ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးကျော်ခေါင်တို့



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကတည်းက သိကျွမ်းခဲ့ကြသူများဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မြောက်ပိုင်းဒေသ၌ ရှိသော တောများသို့သော်လည်းကောင်း၊ အလယ်ပိုင်းဒေသမှ တောများသို့သော်လည်းကောင်း မကြာခဏသွားရောက်ရလေရာ ဦးကျော်ခေါင် သစ်တောဝန်ထောက်ဘဝတွင် အကူအညီများစွာ ရခဲ့လေသည်။

ၐင်းလက်မှတ်ပါသော စာတစ်စောင်ပါသွားရုံနှင့်ပင် မည်သည့်တောမဆို ဝင်ထွက်သွားလာနိုင်ခဲ့သည်။

ထိုမှာရှိကြသော သစ်တောဝန်ထမ်းများကလည်း သစ်တောဝန်ထောက်၏ အသိမိတ်ဆွေများဖြစ်သဖြင့် လိုအပ်သည်များ အကူအညီပေးကြလေသည်။

ထိုကဲ့သို့သော ကျေးဇူးများရှိခဲ့သောကြောင့် ဦးကျော်ခေါင်က အကူအညီတောင်းသောအခါ ဒေါက်တာမင်းထင်ကျော်က ချက်ခြင်းဆိုသလိုပင် ကျွန်ုပ်နှင့်ဦးဇန်ကောင်းတို့နှစ်ယောက်ကိုပါခေါ်ပြီး မော်ဘီသို့ ကားဖြင့်သွားကြလေသည်။

ရန်ကုန်နှင့်မော်ဘီမှာ မဝေးလှသောကြောင့် နံနက်ပိုင်း အချိန်မှာပင်. . ဦးကျော်ခေါင်နေထိုင်သော သစ်ခွမြိုင်ဥယျာဉ်ခြံသို့ ရောက်သွားကြသည်။

ကျွန်ုပ်တို့ရောက်သွားသောအခါ ဦးကျော်ခေါင်ကိုယ်တိုင်ထွက်လာပြီး ကြိုလေသည်။





သူသည် ဒေါက်တာမင်းထင်ကျော်ကို တွေ့မြင်သောအခါ များစွာအားရှိသွားဟန်လည်းရှိသည်။

"ကျုပ်ဖြင့် စားရေမယ့်သာရေးလိုက်ရတယ်၊ လာမှလာဖြစ်ပါ့မလားလို့ စိတ်ပူနေမိတာဗျ. . အခုမှပဲ. ."

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ ဦးကျော်ခေါင်. .၊ ကျွန်တော်တို့ရောက်လာမှတော့. . ခင်ဗျားကြုံတွေ့နေရတဲ့ ပြဿနာတွေကို တတ်နိုင်သမျှ ပြေလည်အောင်ဖြေရှင်းပေးသွားမှာပါ"

"ကျေးဇူးတင်လိုက်တာဗျာ. ."

ထိုသို့ပြောပြီး အိမ်ကြီးအတွင်းသို့ ခေါ်သွားလေသည်။ အိမ်ကြီးမှာ ရှေးလက်ရာမျိုးဖြင့် ဆောက်ထားသောကြောင့် သစ်ပင်များ အုံ့ဆိုင်းနေသောနေရာ၏ အလယ်တွင် ဂမ္ဘီရဆန်သော အိမ်ကြီးသဖွယ်ရှိနေလေသည်။

ဒေါက်တာမင်းထင်ကျော်က အိမ်ထဲမဝင်ခင်ကတည်းက ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်နေလေသည်။ အိမ်ထဲရောက်သောအခါ အိမ်ထဲမှာချထားသော ကုလားထိုင်များမှာ အသီးသီးထိုင်ကြပြီးနောက် မေးလိုက်သည်။

"ဦးကျော်ခေါင်တို့အိမ်မှာရှိတဲ့ လူတွေအကြောင်း နည်းနည်းလောက် ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာတော့ ကျုပ်ရယ်၊ ကျုပ်မိန်းမရယ်၊ အရင်မိန်းမနဲ့ပါလာတဲ့ ကျုပ်သားတစ်ယောက်လည်းရှိပါတယ်၊ သူကတော့ ပိုလီယိုရောဂါကြောင့် မသန်မစွမ်းဖြစ်နေရှာပါတယ်"

"ဆက်ပြောပါဦး"

"အခုအမျိုးသမီးနဲ့တော့ သမီးလေးတစ်ယောက် ရထားပါတယ် . . လသားအရွယ်ပဲရှိပါသေးတယ်"

"ကလေးကအခု ဘယ်မှာထားပါသလဲ"

"ကလေးထိန်း မနန်းမေနဲ့ပဲ သူ့အခန်းမှာထားပါတယ်"

"ဒါထက် ခင်ဗျားအမျိုးသမီးကရော ဘယ်မှာလဲ"

"သူကတော့ ပြဿနာတွေဖြစ်ပြီးကတည်းက အခန်းထဲမှာ တံခါးပိတ်ပြီးနေတာ . . အပြင်ကခေါ်လည်း ဖွင့်မပေးတော့ဘူး"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ နန်းမာလာဆိုသောအမျိုးသမီးအတွက် စိုးရိမ်စိတ်ဝင်သွားလေသည်။

ဦးကျော်ခေါင်က ဆက်ပြောသည်။

"ကျုပ်တို့လေးယောက်အပြင် . . ထမင်းချက်တစ်ယောက်၊ ကလေးထိန်းတစ်ယောက် ဒီအိမ်ကြီးပေါ်မှာ နေကြပါတယ်၊ ခြံထဲမှာ အလုပ်သမားတွေ အများကြီး ရှိကြပါတယ်၊ သူတို့ကတော့ အကြောင်းကိစ္စရှိလို့ခေါ်မှ အိမ်ပေါ်လာကြပါတယ်"





"ကျွန်တော် . . ကလေးကို အရင်ကြည့်ပါရစေ"

ထိုသို့ပြောသောအခါ ကလေးထိန်းမနန်းမေကို ကလေးပါ ခေါ်ခဲ့ရန်ပြောလိုက်ရာ . . မကြာခင် ကလေးပါ ခေါ်လာလေသည်။

ကလေးမှာ လသားအရွယ်ခန့်သာ ရှိသေးပြီး ဖြူဖြူစင်စင်နှင့် ချစ်စရာကောင်းသော ပုံပန်းသဏ္ဌာန်ရှိသည်။

အသားမှာ ဖြူဖွေးနေသော်လည်း တစ်ခုခုဖြစ်နေဟန်ဖြင့် အသားအရောင်မှာ တစ်မျိုးဖြစ်နေသည်။

ဒေါက်တာမင်းထင်ကျော်က ကလေးကိုယူပြီး ကြည့်လိုက်တော့ လည်ပင်းနေရာမှာ နီရဲနေသောဒဏ်ရာကို တွေ့ရလေသည်။

ထိုဒဏ်ရာအရှိန်ကြောင့် မှိန်းနေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဒဏ်ရာကို အသေအခြာ ကြည့်သောအခါ ချွန်ထက်သည့်အရာတစ်ခုဖြင့် ခြစ်ထားသောနေရာကို တွေ့ရသည်။

အနားမှာရှိနေသော ဦးဇန်ကောင်းက ကလေးဒဏ်ရာအခြေအနေကို ကြည့်ပြီး တိုးတိုးပြောသည်။

"ကလေးက . . သွေးဆိပ်တက်နေတာ မောင်ထင်



www.burmeseclassic.com

www.burmeseclassic.com

ကျော်၊ ကြာကြာထားရင် သေသွားနိုင်တယ်"

ထိုစကားကြားသောအခါ အနီးမှာရှိနေသော ဦးကျော်ခေါင်မှာ မျက်လုံးပြူးသွားတော့သည်။

"ဗျာ. . ကျုပ်သမီးလေး စိုးရိမ်ရတယ်. . ဟုတ်လား၊ လုပ်ကြပါဦးဗျာ. . ကယ်နိုင်ရင် ကယ်ပေးကြပါဦး"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ ဦးကျော်ခေါင်၊ ကျွန်တော်တို့ အစွမ်းကုန် အကူအညီပေးပါ့မယ်"

"ကျုပ်သမီးလေးသာ တစ်စုံတစ်ခုဖြစ်သွားရင်တော့ ဒီမိန်းမယုတ်ကို ကျုပ်ကိုယ်တိုင် သတ်မိမှာအမှန်ပဲ"

"ဒေါသမကြီးပါနဲ့ဗျာ. .၊ ပြဿနာတစ်ခုကို ခေါင်းအေးအေးနဲ့မစဉ်းစားဘဲ ဒေါသနဲ့ဖြေရှင်းရင် ခင်ဗျားမှားမှာပေါ့၊ အခု အခြေအနေက ဘယ်လိုဖြစ်တယ်. . . ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာ တပ်အပ်မပြောနိုင်သေးတော့ စိတ်အေးအေးထားပါ. ."

ထိုကဲ့သို့ပြောတော့မှ သက်ပြင်းရှည်ကြီးချလိုက်ပြီး ငြိမ်ကျသွားလေတော့သည်။

ဦးဖန်ကောင်းက ၎င်းယူလာသော ဆေးလွယ်အိတ်အတွင်းမှ ဆေးပုလင်းတစ်ပုလင်းထုတ်ယူကာ ထိုအထဲမှ ဆေးမှုန့်အနည်းငယ်ကို ယူ၍ ရေဖြင့်ဖျော်လိုက်သည်။

"ရော့. . ဒီဆေးရည်ကို ကလေးပါးစပ်ထဲဝင်အောင်





တိုက်ပေးလိုက်၊ ပိုတဲ့ဆေးရည်တွေကို အနာရှိတဲ့နေရာကို လိမ်းပေးထားလိုက်ပါ. . ."

ဦးဖန်ကောင်းက စေခိုင်းသောကြောင့် ကလေးထိန်းမနန်းမေက ချက်ခြင်းပြုလုပ်လေသည်။

ကလေးမှာ အနာရှိန်တက်နေသောကြောင့် မှိန်းနေရာမှ ဆေးတိုက်သောအခါ ငိုလေသည်။

သို့သော်လည်း အနာရှိသောနေရာသို့ ဆေးလိမ်းပေးပြီးသောအခါမှာတော့ တဖြည်းဖြည်းနှင့် အငိုတိတ်ကာ ပြန်အိပ်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ အဘ. ."

"အဆိပ်ရှိတဲ့ ဆူးချွန်တစ်ခုခုနဲ့ ခြစ်မိထားတဲ့ဒဏ်ရာပဲ၊ ဒါပေမယ့် ကလေးကိုယ်ထဲမှာတော့ အဆိပ်သိပ်ဝင်ပုံ မရဘူး"

"သွေးစုပ်ဖုတ်ကောင်တွေရဲ့အစွယ်မှာလည်း အဆိပ်ပါတယ်၊ ဒါကြောင့်. . လူတွေရဲ့လည်ပင်းကို အစွယ်နဲ့ထိုးဖောက်ပြီး သွေးစုပ်ယူတဲ့အခါမှာ သွေးစုပ်ခံရတဲ့လူက အဆိပ်မိပြီး ဘာမှမသိလိုက်ဘဲ ခံကြရတာပဲ. ."

"ဒါကတော့ စုံစမ်းလိုက်ရင် အဖြေတစ်ခုခုတော့ရမှာပေါ့"

ထို့နောက်မှာတော့ ဦးဖန်ကောင်းက ကလေးထိန်း



www.burmeseclassic.com

 www.burmeseclassic.com

မနန်းမေကိုမေးလိုက်သည်။

"နင်. . မြင်တာ၊ ကြားတာတွေ ငါတို့ကိုပြောပြပါ။ ပြောသင့်တာတွေ မပြောဘဲချန်ထားရင် ဒီကလေးကို ကယ်နိုင်မယ်မထင်ဘူး"

ကလေးထိန်းမနန်းမေမှာ ထိုကလေးအပေါ်မှာ အတော်ကလေး သံယောဇဉ်ရှိဟန်တူလေသည်။

ထို့ကြောင့် သူမသိသမျှ အကြောင်းအရာအချို့ကို ပြောပြလေသည်။

တစ်နေ့သ၌ ကလေးကို မိခင်ဖြစ်သူအခန်းထဲမှာ သိပ်ထားစဉ် စူးစူးဝါးဝါးအော်ဟစ်ငိုနေသံကို ကြားလိုက်သဖြင့် ကလေးထိန်း မနန်းမေက စိုးရိမ်တကြီးနှင့် အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

"ဟင်. . မမလေး ကလေးဘာဖြစ်လို့ ဒီလောက်ငိုနေရတာလဲ. . ."

ထိုသို့မေးသဖြင့် နန်းမာလာက သူမဘက်သို့လှည့်ကြည့်သောအခါ. . ပါးစပ်တစ်ဝိုက်တွင် သွေးစများကပ်နေသည်ကို လှမ်းမြင်ရသည်။

"ဟင်. . မမလေး. . "

ထိုအခါ နန်းမာလာက သူမကို လှမ်းခေါ်သဖြင့် မရဲတရဲနှင့် အနားကပ်သွားသည်။





ကလေးကတော့ တဝါးဝါးနှင့်ငိုနေဆဲပင်. . ၊

"နင်. . ဒီအကြောင်းတွေကို ဘယ်သူမှမသိစေနဲ့ နင့်ဆရာကြီးလည်း မသိစေနဲ့ ကြားလား. . "

ထိုသို့ပြောပြီး ငွေတစ်ဆယ်တန်တစ်ချပ် ထုတ်ပေးသဖြင့် ယူထားလိုက်ရလေသည်။

သို့သော်လည်း မနန်းမေစိတ်ထဲမှာတော့ တစ်မျိုးထင်သွားပြီး ကြောက်ရွံ့နေမိသည်။

နောက်ပိုင်းအချိန်များမှာလည်း ကလေးကို စိတ်မချသောကြောင့် မမြင်ကွယ်ရာမှ အရိပ်ကြည့်နေရာ နန်းမာလာမှာ ဘယ်သူမှမရှိလျှင် ကလေးလည်ပင်းကို ပါးစပ်ဖြင့်ငုံ့စုပ်နေသည်ကို လှမ်းမြင်ရလေသည်။

ထိုစကားများကြားသောအခါ ဦးကျော်ခေါင်မှာ အံတကြိတ်ကြိတ်နှင့် ဖြစ်နေတော့သည်။

"လူမဆန်လိုက်တာဗျာ. . . ရုပ်ရည်နဲ့မလိုက်ဘူး၊ ယုတ်မာရက်စက်လိုက်တာ၊ ဒီလောက်ဆိုးဝါးပြီး လူစိတ်မရှိတဲ့မိန်းမမျိုးကို လူ့ပြည်မှာမထားတော့တာ ကောင်းလိမ့်မယ်ထင်ပါရဲ့. . "

"ဒီလောက်လည်းဒေါသမကြီးပါနဲ့ ဦးကျော်ခေါင်၊ စိတ်ကို လျှော့ထားပါဗျာ၊ အဖြေသိရတဲ့ အချိန်ကျတော့. . ခင်ဗျားသဘောကျတဲ့အတိုင်း လုပ်ပါ၊ အခုတော့ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ စုံစမ်းကြည့်ပါဦးမယ်. . ”

ဦးဇန်ကောင်းက တားသဖြင့် ဦးကျော်ခေါင်လည်း စိတ်လျှော့လိုက်လေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့က အပေါ်ထပ် အခန်းမှာနေသော နန်းမာလာနှင့်တွေ့ရန် ခွင့်တောင်းသောအခါ ဦးကျော်ခေါင်ကပြောသည်။

“ကျုပ်ပါလာရင်လည်း တံခါးဖွင့်ပေးမှာမဟုတ်ဘူး၊ တံခါးဖွင့်ပေးရင်လည်း ဒီလို မိခင်စိတ်မရှိတဲ့ မိန်းမမျက်နှာကိုတော့ တစ်သက်မကြည့်ချင်တော့ပါဘူး၊ ခင်ဗျားတို့သာ သွားကြပါ. . ”

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ အိမ်စေ မငွေရုံကိုခေါ်ပြီး အပေါ်ထပ်သို့တက်ခဲ့ကြသည်။

အိမ်ကြီးမှ တိုက်ခံနှစ်ထပ်အိမ်မျိုးဖြစ်သဖြင့် အပေါ်ထပ်မှာ ကျွန်း၊ ပျဉ်းကတိုးသစ်များ အသုံးပြုပြီး စနစ်တကျဆောက်လုပ်ထားသည်။

ခေါင်းရင်းဘက်မှာ ဘုရားခန်းရှိပြီး နန်းမာလာနေသောအခန်းမှာ ခြေရင်းဘက်၌ရှိလေသည်။

ထိုအခန်းရှိရာသို့သွားပြီး အိမ်စေ မငွေရုံက တံခါးခေါက်လိုက်သည်။





“ဒေါက်. ဒေါက်. . ဒေါက်. . ”

“ဘယ်သူလဲ. . ”

“ကျွန်မ မငွေရုံပါ မမလေး. . ”

“ဘာကိစ္စရှိလို့လဲ. . ”

“ဒီ. . ဒီမှာ. . ဧည့်သည်တွေက တွေ့ချင်တယ်ဆိုလို့ လာပို့ပေးတာပါ. . ”

“ဘယ်က ဧည့်သည်တွေလဲ၊ ပုလိပ်တွေမဟုတ်လား”

“ပုလိပ်တွေမဟုတ်ပါဘူး မမလေး၊ ဆေးဆရာတွေလို့ ပြောပါတယ်. . ”

“ငါ ဘာမှမဖြစ်ဘူး၊ ဆေးကုစရာလည်း မလိုဘူး၊ သွားကြ. . သွားကြ. . ငါ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး. . ”

ထိုအခါ မငွေရုံက ဆက်မပြောဝံ့တော့သဖြင့် ဒေါက်တာမင်းထင်ကျော်တို့ကို မော့ကြည့်နေလေသည်။

“ရပါတယ် သူ မတွေ့ချင်လည်း နေပါစေ၊ နောက်တော့တွေ့ရမှာပေါ့၊ ကဲ. . ခင်ဗျား အောက်ကိုပြန်ဆင်းရင်ဆင်းတော့ ကျွန်တော်တို့ ဒီအပေါ်ကပစ္စည်းတွေ လိုက်ကြည့်လိုက်ဦးမယ်”

ဟု ပြောလိုက်သဖြင့် မငွေရုံလည်း အောက်ထပ်သို့ပြန်ဆင်းသွားလေတော့သည်။

ဦးကျော်ခေါင်မှာ အနယ်နယ်အရပ်ရပ် သွားလာနေ


www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ပြီး ထိုနေရာများမှ တွေ့သမျှ အသစ်အဆန်းပစ္စည်းများကို အိမ်သို့စုဆောင်းဝယ်ယူလာဟန်ရှိသည်။

အိမ်အပေါ်ထပ်တွင် ဗီရိုများ၊ စင်များဖြင့်တင်ထားသော ပစ္စည်းများမှာ မနည်းလှပေ။ သဘာဝအတိုင်းဖြစ်နေသော ရုပ်ကြွင်းများ၊ တိရစ္ဆာန်အမျိုးမျိုးတို့၏ အစွယ်များ၊ သားရေချပ်များ၊ ကျောက်တုံး၊ သတ္တုတုံးများ. . .၊

ထို့ပြင် တောင်ပေါ်သားတို့အသုံးပြုသော ဓား၊ လှံ၊ လင်းလေး၊ ဒူးလေး၊ မြားဘူးများ၊ အဆိပ်ထည့်သော ပုလင်းများကို တွေ့ရလေသည်။

တစ်နေရာမှာတော့ တိရစ္ဆာန်တို့၏ ဦးခေါင်းရိုးများ တင်ထားသည်ကိုတွေ့ရသည်။

ထိုဦးခေါင်းခွံများထဲမှာ အောက်အရပ်တွင် တွေ့ရခဲသော ဂေါ်ရီလာမျောက်ဝံကြီးများ၊ အခြားရှားပါးသော တောင်ဆိတ်၊ ကတိုး၊ သားမင်း အစရှိသော ဦးခေါင်းရိုးများကို တွေ့ကြရသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအရိုးစုများကို လိုက်လံကြည့်နေစဉ် တစ်နေရာရောက်သောအခါ စင်ပေါ်မှာ သီးသန့်တင်ထားသော ဦးခေါင်းခွံတစ်ခုကို တွေ့ရလေသည်။

ထိုဦးခေါင်းခွံမှာ မျောက်တစ်ကောင်၏ ဦးခေါင်းခွံနှင့် ပုံသဏ္ဌာန်တူသည်။





ထိုဦးခေါင်းခွံ၏ရှေ့မှာ စာကပ်ထားသည်။

"သတိ အစွယ်၌အဆိပ်ရှိသဖြင့် မကိုင်ပါနဲ့..."

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသဖြင့် အနားကပ်ကြည့်ရန် ဟန်ပြင်သောအခါ. . . ဦးဇန်ကောင်းက နောက်မှ လှမ်းသတိပေးလိုက်သည်။

"အနားကပ်ကြည့်ရင် သတိထားပြီးကြည့် မောင်ထင်ကျော်"

"ဘာဖြစ်လို့လဲ. . ဒီသတ္တဝါက ဘာကောင်လဲ"

"ဒီသတ္တဝါက 'မီဂျီဂို' လို့ခေါ်တဲ့ သတ္တဝါပဲ၊ နှင်းလူလို့လည်း ခေါ်ကြတယ်၊ သူ့ရဲ့အစွယ်နှစ်ချောင်းနဲ့ သွားတွေမှာ အဆိပ်ရှိတယ်"

ထိုအခါမှ အနားကပ်ပြီး အသေအချာကြည့်သောအခါ လူဦးခေါင်းခွံအရိုးနှင့် အတော်ပင်တူသည်ကို သတိပြုမိလေသည်။ သူက အနားကပ်ကြည့်သောအခါ ဦးခေါင်းခွံမှာ ခြေရာလက်ရာပျက်နေပြီး အစွယ်တစ်ချောင်း မရှိတော့ပေ။

ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ် ပြုတ်ကျနေသည်အထင်ဖြင့် ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်သောအခါ ဖုံတက်နေသောကြမ်းပြင်ပေါ်တွင် မီဂျီဂိုသတ္တဝါ၏ အစွယ်တော့ မတွေ့ရပေ။ လူ့ခြေရာများကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ခြေရာများကြည့်နေရင်း တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။

"အစွယ်တစ်ချောင်းမပါဘူးလား မောင်ထင်ကျော်"

"အစကတော့ အစွယ်နှစ်ချောင်းစလုံး ရှိနေပုံပါပဲ၊ ဒါပေမယ့် မကြာသေးခင်ကမှ အစွယ်တစ်ချောင်းကို တစ်စုံတစ်ယောက်က ဖြုတ်ယူသွားတဲ့ပုံပါပဲ. .၊ ကြမ်းပြင်ပေါ်မှာ ကြည့်ပါဦး"

ဦးဗန်ကောင်းကပါ ကြမ်းပြင်ပေါ်သို့ ငုံ့ကြည့်လိုက်သည်။ အပေါ်ထပ်တွင် ပြတင်းပေါက်တံခါးချပ်အချို့ ဖွင့်ထားသောကြောင့် အလင်းရောင်ရနေသည်။

ထိုအလင်းရောင်ကြောင့်ပင် ကြမ်းပြင်ပေါ်မှာ တက်နေသောဖုန်များကို အတိုင်းသားမြင်ရသည်။

အပေါ်ထပ်မှာအသုံးပြုမှုများဟန်မတူဘဲ လူသွားလူလာရှိသော နေရာများမှာ ဖုန်မရှိဘဲ အခြားနေရာများမှာတော့ ဖုန်များရှိနေသည်။

ထိုပစ္စည်းများထားသော နေရာတစ်ဝိုက်မှာတော့ အသွားအလာမရှိသဖြင့် ဖုန်ထုက ပိုများနေသည်။

သို့သော်လည်း မိဂျိုဂိုဦးခေါင်းခွံရှိသော နေရာရှေ့မှာတော့ ခြေရာအချို့ ရှိနေသည်။

"ခြေရာတွေမဟုတ်လား"





"ဟုတ်တယ်. . မကြာသေးခင်ကမှ ဒီနေရာကို တစ်စုံတစ်ယောက် ရောက်လာပြီး မိဂျိုဂိုဦးခေါင်းခွံမှ အစွယ်တစ်ချောင်း ဖြုတ်ယူသွားပုံပဲ. ."

"ဘယ်လိုကြောင့်ပြောနိုင်တာလဲ. ."

"မိဂျိုဂိုဦးခေါင်းခွံက နေရာပျက်နေတယ်၊ နောက်ပြီး အစွယ်တစ်ချောင်းလည်းပျောက်နေတယ်၊ ကြမ်းပြင်ပေါ်မှာ ပေါ်နေတဲ့ ခြေရာတွေက. . ဒါနဲ့ဆက်စပ်မှုဖြစ်ဖို့များတယ် အဘ. ."

"ဒီအတိုင်းဆိုရင် ဒီအိမ်မှာရှိတဲ့လူတွေထဲက တစ်ယောက်ယောက်ဖြစ်နိုင်တာပေါ့. ."

"အသေအချာတော့ မပြောနိုင်သေးဘူး၊ ကျွန်တော် ထင်တာမှန်ရင်တော့ အန္တရာယ်တွေထပ်ပေါ်လာမှာ စိုးရိမ်ရတယ်. ."

ထိုသို့ပြောပြီး နှစ်ယောက်သား အပေါ်ထပ်မှ ပြန်ဆင်းခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၄)

# အမှောင်ထဲမှ အရိပ်မည်း

ထိုနေ့ညဥ့်ဦးပိုင်းအချိန်မှာတော့ ကျွန်ုပ်တို့သုံးယောက်မှာ ဧည့်ခန်းမှာထိုင်ပြီး စကားပြောနေကြလေသည်။

အောက်ထပ်အခန်းမှာတော့ ဦးကျော်ခေါင်၊ ၎င်း၏သား မာလ၊ အစေခံမငွေရုံနှင့် ကလေးထိန်း မနန်းမေတို့ ရှိနေကြပြီး ၎င်းတို့မှာလည်း သူတို့နေသောအခန်းများထဲသို့ ဝင်ရောက်သွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com

အမှန်တော့ ကျွန်ုပ်တို့ကို အနှောင့်အယှက်မပေးလိုသောကြောင့် မိမိတို့အခန်းများအတွင်းသို့ ဝင်နေကြခြင်းလည်း ဖြစ်တန်ရာသည်။

အပေါ်ထပ်အခန်းမှာတော့ နန်းမာလာတစ်ယောက်တည်းသာ ရှိလေသည်။

ယခင်က ဦးကျော်ခေါင်နှင့် လင်မယားနှစ်ယောက် အတူတကွနေသော်လည်း ကလေးပြဿနာဖြစ်ကြပြီးနောက် ဦးကျော်ခေါင်က အောက်ထပ်တွင်ဆင်းနေသဖြင့် အပေါ်ထပ်၌ နန်းမာလာ တစ်ယောက်တည်း ရှိနေခြင်းဖြစ်သည်။

ကျွန်ုပ်တို့အတွက် ကော်ဖီ၊ လက်ဖက်ရည်ကြမ်း၊ လက်ဖက်သုပ်စသော စားသောက်ဖွယ်ရာများကို လိုလေသေးမရှိအောင် စီမံပေးထားလေသည်။

"ဘယ်လိုလဲ. . မောင်ထင်ကျော်၊ ဒီကိုလာရကျိုးရော နပ်ရဲ့လား၊ ဘာတွေ ထူးထူးခြားခြား တွေ့ရပြီလဲ. ."

ကျွန်ုပ်က ဆေးတံကို စိမ်ပြေနပြေဖွာရင်း မေးလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလေသည်။

"ဦးကျော်ခေါင် စွပ်စွဲသလို သွေးစုပ်ဖုတ်ကောင်ကိစ္စကရော သေချာပြီလား. ."

"အဖြေကတော့ တိတိကျကျမရသေးပါဘူး၊ ဒါပေမယ့် ကျွန်တော်တွေးတဲ့အချက် မှန်ရင်တော့. . မကြာခင် အဖြေပေါ်မှာပါ"

ဦးဗန်ကောင်းက နေ့လယ်က အိမ်အပေါ်ထပ်တွင် တွေ့ခဲ့ရသော မီဂျီဂိုဦးခေါင်းခွံ အကြောင်းကိုပါ ပြောပြသည်။

"ဒီသတ္တဝါမျိုးက ကမ္ဘာပေါ်မှာ အရှားပါးဆုံးသတ္တဝါမျိုးပဲ၊ မီဂျီဂိုကို နှင်းလူလို့လည်းခေါ်ကြတယ်၊ သဘာဝအသီးအနှံတွေနဲ့ မျှစ်စတဲ့ အစားအစာတွေကို ကြိုက်နှစ်သက်သလို လူနဲ့တိရစ္ဆာန်တွေကို သတ်ဖြတ်ပြီး သွေးကိုလည်း စုပ်ယူလေ့ရှိတယ်. ."

"ဒါဖြင့် သူလည်း သွေးစုပ်သတ္တဝါမျိုးထဲမှာ ပါတာပေါ့"

"ကမ္ဘာပေါ်မှာ သွေးစုပ်သတ္တဝါတွေကတော့ အများကြီး ရှိတာပေါ့၊ အသေးဆုံး 'ကျွတ်'လိုသတ္တဝါမျိုးကနေ မီဂျီဂိုလို လူလောက်အရွယ်အစားကြီးတဲ့ သတ္တဝါတွေလည်း အများကြီးရှိတာပေါ့. . . ."

"တယ်လည်း ကြောက်စရာကောင်းပါတယ်"

"သွေးစုပ်ဖုတ်ကောင်နဲ့ ပတ်သက်ပြီးတော့ စာအုပ်တွေ၊ ရုပ်ရှင်ဇာတ်လမ်းတွေ အများကြီးထွက်ခဲ့တယ်၊ သွေးစုပ်ဖုတ်ကောင် အကြောင်းကို ရိုက်ပြတဲ့အထဲမှာ ဒရက်ကူလာ ရုပ်ရှင်ဇာတ်လမ်းကတော့ လူသိအများဆုံးဖြစ်ခဲ့တယ်၊



☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com


ဇာတ်လမ်းကြောင့်လည်း သွေးစုပ်ဖုတ်ကောင်အကြောင်းကို လူသိများလာခဲ့ရတယ်. . ၊

ဒါပေမယ့် သွေးစုပ်ဖုတ်ကောင်နဲ့ ပတ်သက်ပြီး အယူအဆတွေကတော့ အမျိုးမျိုးရှိကြတာပေါ့. . "

ကျွန်ုပ်က ဆေးတံဖွာရင်း ဆက်ပြောပြသည်။

သွေးစုပ်ဖုတ်ကောင်များအကြောင်းကို စာအုပ်များတွင် ရေးသားကြသကဲ့သို့ ရုပ်ရှင်များနှင့် ရုပ်မြင်သံကြားများတွင်လည်း ရိုက်ကူးပြသကြသည်။

ပြသမှု၊ ရေးသားမှုများစွာထဲမှ အချို့သည်သာ သွေးစုပ်ဖုတ်ကောင်(Vampire)အကြောင်း အမှန်အကန် သိနိုင်ကြပေသည်။

ရုပ်ရှင်များ၊ ဗွီဒီယိုများတွင် ဖော်ပြချက်အရ သွေးစုပ်ဖုတ်ကောင်ဟူသည်မှာ သဘာဝလွန်စွမ်းအားများကို ပိုင်ဆိုင်ပြီး လူ့သွေးကို စုပ်ယူသောက်သုံးတတ်သည့် သတ္တဝါထူးများဖြစ်သည်ဟု သရုပ်ဖော်ထားကြသည်။

ဘရက်ဒ်စတီဂျာ(Brad Steiger)က သူ၏ 'သွေးစုပ်ဖုတ်ကောင် တကယ်ရှိသလား' ဟူသော ဆောင်းပါးကို ပရဆန်းကြယ်မဂ္ဂဇင်း(Paranoraml Magazine)အမှတ်စဉ်(၄၂)၌ဖော်ပြခဲ့ရာတွင် အများသိနေကြသည့် အချက်အလက်များနှင့် များစွာကွာခြားလှပေသည်။



ဝတ္ထုဇာတ်လမ်းများထဲမှ သွေးစုပ်ဖုတ်ကောင်မျိုးသည် ပြင်ပလောကတွင် မရှိနိုင်စေကာမူ "စိတ္တဇ သွေးစုပ်ဖုတ်ကောင်"(Psychic vampire)မျိုးကား ပြင်ပလောကတွင် ရှိနိုင်ပေသည်။

စိတ္တဇသွေးစုပ်ဖုတ်ကောင်နှင့် စပ်လျဉ်း၍ ရှင်းလင်းရန် လိုပါဦးမည်။

အမေရိကန်စာရေးဆရာမ မစ်ချယ်ဘယ်လန်ဂျာ (Michelle Belanger)က သူမရေးထားသော "သွေးစုပ်ဖုတ်ကောင်ဟု ခေါ်ဆိုသောဝေါဟာရ" (Vampire in Their Own Words) စာအုပ်တွင် သွေးစုပ်ဖုတ်ကောင်၏ ဝေါဟာရဖွင့်ဆိုချက်ကို ရေးသားခဲ့သည်။

"လူတစ်ဦးသည် သူ၏ ကိုယ်စိတ်နှစ်ပါး နေထိုင်ကောင်းမွန်ရေးအတွက် လူသား၏အသက်သွေးကြော စွမ်းအင်ကို ပုံမှန်နှင့် စိတ်အားထက်သန်စွာ လိုအပ်နေပါလျှင် သွေးစုပ်ဖုတ်ကောင်ဖြစ်သည်"

ဟူ၍ ဖွင့်ဆိုချက်ပြုထားသည်။

(၂၀၀၅)ခုနှစ်တွင် ကွင်းဆင်းလေ့လာမှုများအရ အမေရိကန် ပြည်ထောင်စု၊ ကနေဒါ၊ ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံများတွင် မိမိကိုယ်ကို သွေးစုပ်ဖုတ်ကောင်ဟု သတ်မှတ်ထားသူ (၁၀၀၀)ကျော်ရှိနေကြောင်း လေ့လာသိရှိရပေသည်။


www.burmeseclassic.com

 www.burmeseclassic.com 

ယင်းတို့ထဲမှ (၁၇)ရာခိုင်နှုန်းသည် သွေးစုပ်သောက်သူများဖြစ်ပြီး (၃၁)ရာခိုင်နှုန်းမှာ စိတ္တဇသွေးစုပ်ဖုတ်ကောင်တွင် မပါဝင်ဘဲ ကျန်သည်တို့မှာ မျိုးစပ်များ(hybrids)ဖြစ်နေခဲ့သည်။

အတ္တလန္တာသွေးစုပ်ဖုတ်ကောင်များ မဟာမိတ်အဖွဲ့ (The Atalanta Vampire Alliance)၏ ဌာနခွဲတစ်ခုဖြစ်သည့် စပ်စီတာတီယို အင်တာပရိုက်စ်၊ အယ်လ်၊ အယ်လ်၊ စီ (Suscitatio Enterprises LLC)၏ သုတေသနပြု၍ ကွင်းဆင်းလေ့လာချက်အရ တွေ့ရှိမှုကို ဖော်ပြထားသည်။

"သွေးစုပ်ဖုတ်ကောင်များသည် ပျမ်းမျှအသက်(၂၈)နှစ် အရွယ်ရှိပြီး၊ ယင်းတို့သည် ပန်းနာရင်ကြပ်ရောဂါ၊ ခေါင်းကြီးကိုက်ရောဂါနှင့် သွေးအားနည်းရောဂါများကို သာမန်လူသားများထက် ပြင်းထန်မြင့်မားစွာ ခံစားနေကြရတတ်သည်"

ဟူ၍ဖြစ်သည်။

သွေးစုပ်ဖုတ်ကောင်များသည် စွမ်းအင်မပေးလှူလိုသူများထံမှ အတင်းအကြပ်ရယူခြင်းမျိုး မရှိတတ်ပေ။

စာရေးဆရာမ ခရစ်စတီဗီဆင်(Kris Steveson)၏ အမြင်အရ စိတ္တဇသွေးစုပ်ဖုတ်ကောင်သည် နာမ်အခြေအနေအရ လူသား၏စိတ်အခြေအနေ ဖြစ်သော်လည်း "ဝိညာဉ်ခန္ဓာများ"(Spiritual bodies) ပြင်းထန်စွာ ပျက်စီးယိုယွင်းနေသော အခြေအနေတွင် ရှိနေသည်ဟုဆိုသည်။

စာရေးဆရာမ ဂျိုး၊ အိပ်ချ်စလိတ်(Joe. H. Slate)က သွေးစုပ်ဖုတ်ကောင်၏ စွမ်းအင်ထုတ်ယူမှုကို ဖော်ပြခဲ့သည်။

"သွေးစုပ်ဖုတ်ကောင်သည် စွမ်းအင်ရယူရာတွင် လူသား၏ စွမ်းအင်စနစ်ကို လှုပ်နှိုးပြီးစွမ်းအင်ကို ထုတ်ယူခြင်းဖြစ်သည်"

"သွေးစုပ်ဖုတ်ကောင်၏ စွမ်းအင်စုပ်ယူခြင်း ခံရသူတွင် စွမ်းအင်ဆုံးရှုံးမှု အကြီးအကျယ်ဖြစ်ရပေသည်"

ဟု ဖော်ပြခဲ့သည်။

ဗြိတိသျှဂမ္ဘီရပညာရှင်နှင့် စာရေးဆရာမ ဒိုင်ယွန်ဖော်ကျွန်း(Dion Fortune)က "စိတ္တဇသွေးစုပ်ဖုတ်ကောင်" (Psychic Vampire)ဟူသော ဝေါဟာရသည် ရှေးကာလများစွာကတည်းက ရှိခဲ့ပြီးဖြစ်သည်"

ဟု ဆိုခဲ့သည်။

ဂမ္ဘီရရှုထောင့်အရ "သွေးစုပ်ဖုတ်ကောင် အများစုသည် ဝိညာဉ်များ(Spirits)များဖြစ်ကြပြီး ရုပ်ခန္ဓာမရှိကြပါ"

ဟု ဖော်ပြခဲ့သည်။

ခေတ်နှောင်းဂမ္ဘီရပညာရှင်နှင့် စိတ်စွမ်းအင်ကုထုံးပညာရှင် ဒေါက်တာစတိုင်လီနော့စ်အက်တက်ရှ်လစ် (Dr.

 
www.burmeseclassic.com

www.burmeseclassic.com

Stylianos Atteshlis) က "သွေးစုပ်ဖုတ်ကောင်များအတွက် ကမ္ဘာမြေမှ ဝိညာဉ်တစ္ဆေများတွင် တာဝန်ရှိသည်"

ဟုဆိုခဲ့သည်။

"အင်း. . . ဆရာပြောပြတော့မှပဲ၊ သွေးစုပ်ဖုတ်ကောင်တွေအကြောင်း အတော်ကလေးသိရတော့တယ်၊ ဒါထက် ဒီအိမ်မှာဖြစ်နေတာကိုရော ဆရာဘယ်လိုယူဆသလဲ"

"မိခင်တစ်ယောက်က မွေးထားတဲ့သားသမီးကို သွေးစုပ်တာမျိုးတော့ မတွေ့မိသေးဘူး. ."

ကျွန်ုပ်က အမှန်အတိုင်းပြောပြလိုက်ရာ ဒေါက်တာမင်းထင်ကျော်ကလည်း လက်ခံသောအမူအရာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ကျွန်ုပ်တို့သုံးယောက်မှာ လက်ဖက်ရည်ကြမ်းသောက်ရင်းနှင့် စကားပြောနေကြရာ တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာလေပြီ။

ဦးကျော်ခေါင်နေသောနေရာမှာ ကားလမ်းနှင့်ဝေးသည်ကတစ်ကြောင်း၊ ပတ်ဝန်းကျင်မှာ အခြားနေထိုင်သူများက ဝေးသောကြောင့် ညဉ့်အချိန်ရောက်လာသောအခါ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

အတန်ကြာသောအခါ အိမ်အနောက်ဘက်မှ စူးစူး





ဝါးဝါး အော်သံပေါ်ထွက်လာသည်။

"ကယ်ကြပါရှင်. . . ကယ်တော်မူကြပါဦး"

ထိုအသံမှာ ကလေးထိန်း မနန်းမေအခန်းဘက်မှ ကြားရသောကြောင့် သုံးယောက်သား ထိုအခန်းဘက်သို့ လာခဲ့လေသည်။ ဦးကျော်ခေါင်လည်း ၎င်းနေသောအခန်းထဲမှ အပြင်သို့ထွက်လာသည်။

ထိုနေရာသို့ရောက်သောအခါ မနန်းမေက ကလေးကိုပွေ့ချီထားလျက်နှင့် တံခါးဖွင့်ပြီး အပြင်ဘက်ထွက်လာသည်။

"ဘာဖြစ်တာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ပြတင်းပေါက်နားမှာ မည်းမည်းကြီးလာရပ်နေတာတွေ့ရတယ်၊ သူ. . သူ. . ကလေးကို လာချောင်းနေတာဖြစ်မယ် ထင်တယ်"

ဟုပြောသဖြင့် အချို့က အပြင်သို့ ထွက်ကြည့်ကြသည်။ ဒေါက်တာမင်းထင်ကျော်က ဟိုဟိုဒီဒီလိုက်ကြည့်သောအခါ အခန်းပေါက်ဝနှင့် မနီးမဝေးတွင်ရပ်နေသော. . အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး အမှောင်ရိပ်မှာရပ်နေသောကြောင့် မမြင်ရ


www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်က သူမ အနား သို့ လျှောက်သွားပြီး အတဲခတ်ကြည့်လိုက်သည်။

ထိုအမျိုးသမီးမှာ အသက်(၃၀)ကျော် အရွယ်ခန့်ရှိပြီး အသားဖြူဖြူ အရပ်မြင့်မြင့်ဖြစ်သည်။

သို့သော်လည်း မျက်နှာမှာပိန်ကျနေပြီး မျက်တွင်းများ ချိုင့်ဝင်နေသောကြောင့် မျက်နှာမှာ တစ်မျိုးဖြစ်နေလေသည်။

"မင်းဘယ်သူလဲ. . ဒီမှာဘာလုပ်နေတာလဲ"

"ကျွန်မကလေး စိတ်မချလို့ လာကြည့်နေတာပါ. . "

"နန်းမာလာဆိုတာလား. . "

"ဟုတ်ပါတယ်. . ရှင်တို့က ပုလိပ်တွေလား"

"မဟုတ်ပါဘူး. . မင်းကို အကူအညီပေးဖို့လာကြတဲ့ သူတွေ ပါ. . ၊ ငါ မင်းနဲ့စကားပြောချင်တယ်၊ လက်ခံမလား"

နန်းမာလာက ဒေါက်တာမင်းထင်ကျော်ကို မယုံကြည်သော အကြည်မျိုးဖြင့် ကြည့်နေသည်။

"ငါပြောတာကိုယုံပါ. . ငါတို့က မင်းကိုဒုက္ခမပေးပါဘူး၊ အကူအညီပေးမှာပါ၊ မနက်လင်းတော့ ငါတို့လာခဲ့မယ်"

ဟု ပြောလိုက်သောအခါ ခေါင်းညိတ်ပြီး အပေါ်ထပ်သို့ ပြန်တက်သွားလေသည်။

ထိုအခြေအနေကို ဦးကျော်ခေါင်က မနီးမဝေးမှ အ





ကဲခတ် ကြည့်နေသဖြင့်. . ထိုအမျိုးသမီး အပေါ်တက်သွားသောအခါ. . ဒေါက်တာမင်းထင်ကျော်အနားသို့ ကပ်လာသည်။

"သွေးစုပ်ဖုတ်ကောင်မ ကလေးရဲ့သွေးကို စုပ်ယူဖို့ လာချောင်းနေတာဖြစ်မယ်. . . "

"အဖြေမှန်မပေါ်မချင်းတော့ လူတစ်ယောက်ရဲ့ အပေါ်မှာ ဒီလောက်မပြောသင့်ပါဘူးဗျာ၊ ကဲ. . ခင်ဗျားနဲ့ကျွန်တော်နဲ့ အပေါ်ထပ်တက်ကြရအောင်. . "

ဒေါက်တာမင်းထင်ကျော်က ဦးကျော်ခေါင်ကိုပါ ခေါ်ပြီး အပေါ်ထပ် တက်သွားလေသည်။ အပေါ်ထပ်မှာ ထားသော ပစ္စည်းများရှိရာသို့ ရောက်သောအခါ လက်နှိပ်မီးရောင်နှင့် ထိုးပြလိုက်သည်။

"ဒီပစ္စည်းတွေက ခင်ဗျားစုဆောင်းထားတဲ့ပစ္စည်းတွေ မဟုတ်လား. . "

"ဟုတ်ပါတယ်. . ကျုပ် သစ်တောဝန်ထောက်ဘဝနဲ့ နေရာအနှံ့ သွားရပါတယ်၊ ကျုပ်က ရှားရှားပါးပါးပစ္စည်းတွေ စုဆောင်းရတာ ဝါသနာပါတော့ ထူးဆန်းတဲ့ပစ္စည်းတွေတွေ့ရင် ယူလာပြီး စုဆောင်းထားလေ့ရှိပါတယ်. . "

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။ စကားပြောရင်းနှင့် တဖြည်းဖြည်းလျှောက်လာရာ



www.burmeseclassic.com

www.burmeseclassic.com


လက်နက်ပစ္စည်းများ ထားသောနေရာသို့ ရောက်လာကြသည်။

"ဒီလက်နက်တွေဆိုရင် နာဂလူရိုင်းတွေ အသုံးပြုတဲ့ လက်နက်မျိုးစုံတွေပေါ့၊ ဒါတွေကတော့ သူတို့အသုံးပြုတဲ့ အဆိပ်တွေပေါ့၊ ထိရုံနဲ့အသက်သေစေနိုင်တဲ့ အဆိပ်တွေ တောင်ပါတယ်"

"ဒီလောက်ပြင်းထန်တဲ့အဆိပ်မျိုးတွေ အိမ်မှာထားတာ အန္တရာယ်မများဘူးလား ဦးကျော်ခေါင်"

ထိုစကားကြောင့် ဦးကျော်ခေါင်က ဆိုလိုရင်းကို သဘောမပေါက်သော အမူအရာမျိုးဖြင့် တစ်ချက်ကြည့်သည်။

"ဒီအဆိပ်တွေအကြောင်းကို ဘယ်သူတွေသိကြသလဲ"

"ဒီအိမ်မှာနေတဲ့လူတွေကတော့ သိကြပါတယ်၊ ဒါပေမယ့် ကျုပ်ထားတဲ့ပစ္စည်းတွေကိုတော့ သူတို့ စိတ်မဝင်စားကြပါဘူး"

ဦးကျော်ခေါင်ကတော့ သဘောရိုးအတိုင်း ပြန်ပြောလိုက်ခြင်းဖြစ်ပေသည်။

"တကယ်လို့ ဒီအဆိပ်တွေကို သိလို့ တစ်ယောက်ယောက်က အသုံးပြုရင်ပဲဖြစ်ဖြစ် မသိဘဲနဲ့ အမှတ်တမဲ့ အသုံးပြုမိရင်ပဲဖြစ်ဖြစ် မခက်ပေဘူးလား"



ဦးကျော်ခေါင်မှာ မျက်လုံးပြူးသွားလေသည်။

"ကျုပ်. . ကျုပ် ဒီလောက်အထိတော့ မတွေးခဲ့မိဘူး"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က အရိုးခေါင်းများရှိသောနေရာဘက်သို့ ခေါ်သွားပြီး မီဂျီဂိုဦးခေါင်းခွံနေရာရောက်တော့ ရပ်လိုက်လေသည်။

"ဒီစာတမ်းက ဦးကျော်ခေါင်ရေးကပ်ထားတာလား"

"ဟုတ်ပါတယ်. . . ဒါ မီဂျီဂိုလို့ခေါ်တဲ့ နှင်းလူတစ်ကောင်ရဲ့ ဦးခေါင်းပါ၊ မြောက်ပိုင်းသစ်တောတွေဘက်ရောက်သွားတော့ မုဆိုးတစ်ယောက်ဆီက ရလာတာပါ. ."

"ဘာကြောင့် ဒီစာရေးထားတာလဲ"

"သူ့မှာ အစွယ်တွေနဲ့ သွားတွေရှိတယ်၊ အဲဒါတွေနဲ့ ထိမိ၊ ခြစ်မိရင် အဆိပ်တက်ပြီး သေစေနိုင်ပါတယ်"

"ချက်ခြင်း သေနိုင်သလား"

"ထိသေအဆိပ်မျိုးလိုတော့ ထိတာနဲ့ ချက်ခြင်းမသေပါဘူး၊ အသားထဲဝင်သွားရင် တဖြည်းဖြည်းခြင်း အဆိပ်တက်ပြီး သေစေနိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ဦးခေါင်းညိတ်ပြလိုက်ပြီး စင်ပေါ်မှာတင်ထားသော ဦးခေါင်းခွံကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီဦးခေါင်းခွံက ဦးကျော်ခေါင်ယူလာကတည်းက


www.burmeseclassic.com

www.burmeseclassic.com

အစွယ်တစ်ချောင်း မရှိတာလား"

"မဟုတ်ပါဘူးဗျ. . စုံစုံလင်လင်ပါပဲ. . "

"တစ်ဆိတ်လောက်ကြည့်လိုက်ပါဦး. . "

ဦးကျော်ခေါင်က ဦးခေါင်းခွံအနီးသို့ ကပ်ကြည့်ရာ ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် မြင်သာအောင်ထိုးပြ လိုက်လေသည်။

"ဟင်. . ဒီခေါင်းခွံမှာ အစွယ်တစ်ချောင်း မရှိတော့ပါလား၊ ဘယ်ရောက်သွားပါလိမ့်. . "

ဦးကျော်ခေါင်က ဟိုဟိုဒီဒီကြည့်နေစဉ် ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ကျွန်တော်တို့ကြည့်ကတည်းက မရှိတော့တာပါ"

"ဘယ်လိုများ ပျောက်သွားတာပါလိမ့်"

"တစ်ယောက်ယောက် ယူသွားတာဖြစ်မှာပါ"

"ဒီလောက်အန္တရာယ်များတာကို ဘယ်သူက ဘာလုပ်ဖို့ ယူမှာလဲဗျာ. . "

"ကျွန်တော်လည်း အဲဒါကိုပဲ သိချင်နေတာပါပဲ၊ တစ်ခုတော့ရှိတယ် အဆိပ်ရှိတဲ့ အစွယ်ကို တစ်ယောက်ယောက်က ယူထားပြီဆိုရင်တော့ တစ်နေရာရာမှာ အသုံးပြုဖို့ သေချာသလောက်ပါပဲ"

ထိုစကားကြားသောအခါ ဦးကျော်ခေါင်မျက်နှာပေါ်





မှာ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။ ထို့နောက် နှစ်ယောက်သား အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

# အာဃာတရှန်ငြိုး

နောက်တစ်နေ့ နေ့လယ်ပိုင်းအချိန်တွင် ဦးကျော်ခေါင်ထံ ခွင့်တောင်းပြီး နန်းမာလာနှင့်တွေ့ရန် စီမံကြလေသည်။

"တွေ့တာတော့ တွေ့ကြပါဗျာ၊ ဒါပေမယ့်. . သတိလည်းထားကြပါ၊ တော်ကြာ. . သူက သွေးဆာနေတာနဲ့ကြုံရင် ခင်ဗျားတို့ပါ အန္တရာယ်နဲ့တွေ့နေရပါဦးမယ်"

ဟု သတိပေးလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့စကားပြောနေကြစဉ် အခန်းတစ်ခန်းထဲမှ ခွေးငယ်တစ်ကောင် ပြေးထွက်လာသည်။

သို့သော်လည်း ကောင်းမွန်စွာ ထွက်လာခြင်းမဟုတ်ဘဲ နောက်ဘက်မှခြေထောက်နှစ်ချောင်းမှာ လုံးဝမလှုပ်နိုင်ဘဲ တရွတ်တိုက်ဆွဲပြီး ထွက်လာခြင်းဖြစ်သည်။

အခန်းတစ်ခန်းတွင်းမှ ထွက်လာသော ခွေးကလေးက ဦးကျော်ခေါင်အနီးသို့ရောက်အောင် ကြိုးစားလာပြီးမှ ဦးခေါင်းနှင့် တိုးဝှေ့ပွတ်သပ်ကာ တအီအီနှင့် တစ်စုံတစ်ခုကို ပြောပြနေသကဲ့သို့ ရှိနေလေသည်။

"ဒီခွေး အကောင်းသားက ချက်ခြင်းကြီးဘယ်လိုဖြစ်သွားတာပါလိမ့်. ."

ဦးကျော်ခေါင်က ခွေးကလေးကိုကြည့်ပြီး ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

"ဒီခွေးကလေးက သနားစရာပဲ၊ အရင်ကတည်းက နောက်ပိုင်းသေနေတာလား"

"မဟုတ်ပါဘူးဗျ. . အရင်ကကောင်းပါတယ်၊ အခုမှ ဘယ်လိုဖြစ်သွားတယ် မသိပါဘူး"

ထိုသို့ပြောဆိုနေစဉ် ခွေးကလေးထွက်လာသော အခန်းတွင်းမှ လူငယ်တစ်ယောက် ထွက်လာလေသည်။

အသက်(၁၅)နှစ်အရွယ်ခန့်ရှိပြီး ပိန်ပိန်ပါးပါးနှင့်





ရောဂါသည် တစ်ယောက်ပုံသဏ္ဌာန်မျိုးဖြစ်သည်။

ရောဂါကြောင့် ခြေထောက်ရော လက်နှစ်ဖက်ပါ မသန်စွမ်းဖြစ်နေပြီး ယိုင်တိယိုင်တိုင်ဖြစ်နေသည်။

သူ့မျက်နှာမှာ ကြည်ကြည်လင်လင်မရှိဘဲ လောကတစ်ခုလုံးကို မကျေမနပ်ဖြစ်နေသော အမူအရာမျိုး တွေ့ရလေသည်။

သူက အခန်းထဲမှပြေးထွက်သွားသော ခွေးကလေး နောက်သို့လိုက်လာဟန်ရှိပြီး ဦးကျော်ခေါင်မြင်တော့ မနီးမဝေးမှာ ရပ်လိုက်သည်။

"မင်းမွေးထားတဲ့ခွေးက ဟိုရက်ကပဲ အကောင်းအတိုင်း ရှိနေသေးတယ်၊ အခု ဘယ်လိုဖြစ်သွားတာလဲ မာလ"

"ကျွန်တော်မသိဘူး၊ ဒါပေမယ့် အဖေက ကျွန်တော့်ကို ခွေးတစ်ကောင်လောက်တောင် ဂရုမစိုက်ဘူး မဟုတ်လား. ."

ထိုစကားကြောင့် ဦးကျော်ခေါင်မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

ကျွန်ုပ်တို့ရှိနေသောရှေ့မှာ ထိုကဲ့သို့ အပြောခံရသဖြင့် ဒေါသဖြစ်သွားဟန်ရှိသော်လည်း ချက်ခြင်းချုပ်တီးလိုက်သည်။

"မင်းကလည်း အခုတလော အိမ်မှာပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com


ဝင်နေလို့ မင်းကို လှည့်မကြည့်နိုင်တာပါ. . ”

“သားအရင်းတော့ ဘယ်ကြည့်နိုင်ပါ့မလဲ၊ အဖေ့ကို ဟိုစုန်းမကြီးက သူ့ဘက်ပါအောင် ပညာမျိုးစုံနဲ့ ပြုစားထားတာဖြစ်မှာပေါ့၊ တစ်နေ့ကျရင် သူက အဖေ့လည်ပင်းကို ဖောက်ပြီး သွေးစုပ်သတ်လိမ့်မယ် သိရဲ့လား. . ”

“တယ်. . ဒီကောင်လေး၊ မပြောသင့်တဲ့စကားတွေ ပြောနေပြန်ပြီ. . ”

ဟု ဟန့်လိုက်သည်။ မာလက ဒေါက်တာမင်းထင်ကျော်ကို ကြည့်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်ကလည်း သူ့ကို စူးစူးစိုက်စိုက်ကြည့်ကာ အကဲခတ်နေလေသည်။

“ခင်ဗျားကဘယ်သူလဲ ပုလိပ်တစ်ယောက်လား”

ခေါင်းညိတ်ပြလိုက်တော့ မျက်နှာရှုံ့တွသွားလေသည်။

“ဒါဖြင့်လည်းဗျာ ကျွန်တော့်ကိုနှိပ်စက်နေတဲ့ မိထွေးကိုသာ ဖမ်းသွားကြပါတော့ဗျာ. . ”

“ဘာကြောင့် သူ့ကိုဖမ်းစေချင်ရတာလဲ”

“သူက ကျွန်တော့်ကို သိပ်ပြီးနှိပ်စက်တာဗျ၊ နောက်ပြီး သူက သွေးစုပ်ဖုတ်ကောင် တစ်ယောက်ပဲဗျ. . ”

“သူ သွေးစုပ်ဖုတ်ကောင်ဆိုတာ မင်းကဘယ်လိုသိ



တာလဲ”

ထိုသို့မေးလိုက်သောအခါ မာလမှာချက်ခြင်း ဘာပြန်ပြောရမှန်းမသိသောကြောင့် ကြောင်တောင်တောင်နှင့် ကြည့်နေလေသည်။

ပြီးမှ. . .

“အိုဗျာ. . သူသွေးစုပ်တာ အားလုံးသိနေတာပဲ၊ ဟိုတစ်နေ့က သူ့ကလေးကို သွေးစုပ်နေတာတွေ့လို့ အဖေနဲ့တောင် ရန်ဖြစ်ကြသေးတယ်. . မယုံရင် အဖေ့ကိုမေးကြည့်ပါလား”

မာလက အနားမှာရပ်နေသော ဦးကျော်ခေါင်ကို သက်သေထူလိုက်သည်။

“အေးလေ. . မင်းပြောသလို သွေးစုပ်ဖုတ်ကောင် အစစ်အမှန်ဖြစ်နေရင်တော့ သူ့ကိုပဲဖမ်းသွားရမှာပေါ့၊ ဒါမှမဟုတ် သူမဟုတ်ဘဲ အခြားသူတစ်ယောက် ဆိုရင်လည်း လုပ်တဲ့သူကို ဖမ်းရမှာပေါ့ကွာ. . ”

မာလက မျက်မှောင်ကြုံ့လျက်ပြောသည်။

“ကျွန်တော်ကတော့ သူ့ကိုပဲ တစ်ခါတည်းခေါ်သွားစေချင်တယ်ဗျာ. . ”

“ဘာဖြစ်လို့လဲ မောင်မာလရဲ့”

“သူက စုန်းမတစ်ယောက်ပဲ၊ နောက်ပြီး ကျွန်တော့်ကို


www.burmeseclassic.com

www.burmeseclassic.com

လည်း သူ့သားအရင်းမဟုတ်တော့ သိပ်ပြီးနှိပ်စက်တာပဲဗျ"

ဒေါက်တာမင်းထင်ကျော်က ရောဂါကြောင့် ခြေလက်မသန်မစွမ်းဖြစ်နေသော မာလကိုကြည့်ပြီး နှားလည်စွာဖြင့် ပြုံးလိုက်လေသည်။

"ဒါထက် မောင်မာလကိုမေးရဦးမယ်၊ ဒီခွေးကလေးက မင်းမွေးထားတဲ့ခွေးမဟုတ်လား"

ခေါင်းညိတ်ပြသည်။

"အရင်ကတည်းက နောက်ပိုင်းသေနေတာလား"

ခေါင်းခါပြသည်။

"ဒါဖြင့် ဘာကြောင့် အခုလို နောက်ပိုင်းသေသွားရတာလဲ"

"ကျွန်တော်ဘယ်သိမလဲ"

ထိုသို့ ခပ်မာမာပြောပြီး ထွက်သွားလေသည်။

ဦးကျော်ခေါင်ကတော့ သားဖြစ်သူ အပြုအမူအတွက် ကြားထဲမှ အားနာနေဟန်ရှိသည်။

"မိတဆိုးသားဆိုတော့ အလိုလိုက်ထားသမျှ ဆိုးနေတာပေါ့ဗျာ. ."

"ကျွန်တော်ကတော့ ဒီလိုမထင်ဘူး"

ကျွန်ုပ်က ဝင်ပြောလိုက်သဖြင့် ဦးကျော်ခေါင်က တစ်ချက်ကြည့်လေသည်။





"သူ့ခမျာ ကံအကြောင်းမကောင်းခဲ့လို့ ဒုက္ခိတဘဝရောက်နေရတဲ့အပြင် မိဘတွေနဲ့လည်း အတူတူမနေခဲ့ရလို့ အခုလို ဖြစ်နေတာပေါ့၊ တကယ်တော့ မာလက မိဘမေတ္တာငတ်နေတဲ့ ကလေးတစ်ယောက်ပါဗျာ. ."

ထိုစကားကြားသောအခါ ဦးကျော်ခေါင်ခမျာ မျှားစွာစိတ်မကောင်းသောဟန်ဖြင့် မျက်ရည်များပင် ဝိုင်းလာလေသည်။

ကျွန်ုပ်နှင့်ဒေါက်တာမင်းထင်ကျော်တို့လည်း အလိုက်သိစွာဖြင့် ထိုနေရာမှ ထွက်ခဲ့ကြသည်။

ထို့နောက် အိမ်စေ မငွေရုံကိုပါ ခေါ်၍ အပေါ်ထပ်သို့ တက်လာကြသည်။

အခန်းပေါက်ဝရောက်သောအခါ မငွေရုံက အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . ဒေါက်"

"ဘယ်သူလဲ"

"ကျွန်မ မငွေရုံပါ. . မမလေး"

"ဘာကိစ္စရှိလို့လဲ"

"ဧည့်သည်တွေက မမလေးနဲ့တွေ့ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ"

"ဟိုလူကော ပါလာသလား"


www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ခေါင်ကို မေးလိုက်ခြင်းဖြစ်ဟန်တူသည်။

"မ . . မပါပါဘူး မမလေး . ."

အတန်ကြာတော့ တံခါးလာဖွင့်ပေးသည်။

ထိုအခါ မငွေရုံကိုပြန်လွှတ်လိုက်ပြီး နှစ်ယောက်သား အခန်းတွင်းသို့ ဝင်ခဲ့ကြသည်။

နန်းမာလာမှာ အသက်(၃၀)လောက်သာ ရှိသေးပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။

သို့သော်လည်း အစားအသောက်ပျက်၊ အအိပ်ပျက်ဖြစ်နေဟန်ဖြင့် ပိန်ကျနေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျွန်ုပ်တို့နှစ်ယောက်ကိုလည်း အကဲခတ်သလိုကြည့်နေသည်။

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်ပါ၊ သူက စာရေးဆရာအောင်မင်းအောင်လို့ ခေါ်ပါတယ်"

"ရှင်က ဆရာဝန်တစ်ယောက်လားဟင်"

"ကျွန်တော်က ဆရာဝန်လည်းမဟုတ် ပုလိပ်တစ်ယောက်လည်းမဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့မိသားစုတွေရဲ့ အခက်အခဲကို အကူအညီပေးရအောင် လာခဲ့တာပါ . . ၊ ကျွန်တော် ခင်ဗျားရဲ့အခြေအနေကို သဘောပေါက်နားလည်ပါတယ်"

ထိုသို့ပြောသောအခါ မျက်ရည်များ စီးကျလာလေ





သည်။

"ကျွန်မသမီးလေးရော နေကောင်းရဲ့လား"

"ဟိုတစ်လောကတော့ လည်ပင်းမှာရှိတဲ့အနာရှိန်ကြောင့် ဖျားနေပုံရတယ်၊ အခုတော့ ကောင်းနေပါပြီ၊ ကလေးထိန်း မနန်းမေကလည်း အတော်ကလေး ဂရုစိုက်ရှာပါတယ်"

နန်းမာလာက သက်ပြင်းတစ်ချက်ချလိုက်သည်။

"လောကမှာ ဘယ်မိခင်ကမှ သူတို့ရဲ့သားသမီးတွေရဲ့သွေးနဲ့ အသက်ရှင်ဖို့ ကြိုးစားကြမှာမဟုတ်ပါဘူး၊ သတ္တဝါတွေထဲ အရက်စက်ဆုံးသတ္တဝါတွေတောင် သူတို့သားသမီးကို ဒုက္ခမပေးကြပါဘူး၊ နန်းမာလာအနေနဲ့ . . ကလေးရဲ့အသက်အန္တရာယ်ကို ဘယ်လိုကယ်တင်ခဲ့တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်"

ထိုစကားကြောင့် မျက်လုံးအဝိုင်းသားဖြစ်သွားပြီး အထိတ်တလန့် မော့ကြည့်လေသည်။

"ဒါကို ရှင်တို့ဘယ်လိုသိတာလဲ"

"အခြေအနေတွေအားလုံးကို ကြည့်ရင် ကျွန်တော်ပြောတာ မလွဲနိုင်ပါဘူး၊ တစ်စုံတစ်ယောက်က ဘယ်သူမှမရှိတုန်း ကလေးရဲ့ လည်ပင်းကို အဆိပ်ရှိတဲ့အစွယ်နဲ့ လာခဲသွားတယ်၊ ကလေး စူးစူးဝါးဝါးငိုသံကြားတော့ ခင်ဗျား


www.burmeseclassic.com

www.burmeseclassic.com



ချက်ခြင်းရောက်လာပြီး ကြည့်တော့ ကလေးလည်ပင်းမှာ သွေးစို့နေတဲ့ဒဏ်ရာတစ်ခု တွေ့ရတယ် မဟုတ်လား. . ."

"ဒီအတိုင်းပါပဲ. ."

"ဒီဒဏ်ရာဟာ အဆိပ်ရှိမှန်းသိတော့ နန်းမာလာက ကလေးလည်ပင်းက အဆိပ်နဲ့သွေးတွေကို ပါးစပ်နဲ့ စုပ်ထုတ်ခဲ့တယ်မဟုတ်လား. . ."

"အမှန်ပါပဲရှင်. ."

"ဒါကို တခြားအိမ်သူအိမ်သားတွေက မြင်တော့ ကလေးလည်ပင်းကို ဖောက်ပြီး သွေးစုပ်နေတယ်လို့ထင်ပြီး ခင်ဗျားအပေါ်မှာ အထင်မှားအမြင်မှား ဖြစ်ကုန်ကြတော့တာပါပဲ. ."

"သူတို့ သိပ်ပြီးရက်စက်ကြတယ်. ."

ဟု ပြောပြီးနောက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

"သိပ်လည်းဝမ်းနည်းမနေပါနဲ့ဗျာ. .၊ အဖြေမှန်ကို သိရပြီးရင်တော့ အားလုံးပြေလည်သွားမှာပါ၊ ဦးကျော်ခေါင်ကလည်း ခင်ဗျားအပေါ်မှ အတော်ကလေးချစ်ရှာပါတယ်"

"တော်ပါတော့ရှင်. . သူ့အကြောင်းတွေ မကြားပါရစေနဲ့၊ ဒီအကြောင်းတွေပြီးသွားရင် ကျွန်မသမီးလေးကိုပါ တစ်ပါတည်းခေါ်ပြီး ရှမ်းပြည်ပြန်ဖို့ ကျွန်မညီမလေးကို အ





ကြောင်းကြားထားပြီးပါပြီ. .၊ သူရောက်လာပြီဆိုတာနဲ့ တစ်ခါတည်းပြန်တော့မှာပါ"

"ဒီလောက်လည်း စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ နန်းမာလာရယ်. .၊ နှစ်အတော်ကြာအောင် ပေါင်းသင်းလာခဲ့ကြတဲ့ သံယောဇဉ်တွေကိုလည်း ထောက်ပါဦး"

ထိုသို့ ဖျောင်းဖျပြောဆိုသောအခါ မျက်ရည်ကျနေသည်ကလွဲပြီး တင်းတင်းမာမာတော့ ထပ်မပြောတော့ပေ။

"ဒါထက် နန်းမာလာကိုတစ်ခုတော့ မေးပါရစေ. ."

"မေးပါရှင်. ."

"ကလေးလည်ပင်းကို အဆိပ်ဆူးနဲ့လာခြစ်သွားတဲ့သူကို နန်းမာလာသိတယ်မဟုတ်လား"

"သိပေမယ့်. . ကျွန်မပြောရင်တော့ ဘယ်သူကယုံကြမှာလဲ. .၊ တမင်လီဆယ်ပြီး ပြောတယ်ပဲထင်ကြမှာပေါ့"

"ကျွန်တော်သဘောပေါက်ပါပြီ၊ ဒီလောက်သိရရင် တော်ပါပြီ. .၊ ကျွန်တော် ဦးကျော်ခေါင်ကို သဘောပေါက်အောင်ရှင်းပြပြီး ကလေးကို နန်းမာလာဆီ ပြန်ပို့ပေးခိုင်းပါ့မယ်. ."

"ဝမ်းသာလိုက်တာ ဆရာရယ်. . ကျေးဇူးတင်လိုက်တာရှင်"

ဟု တုန်ယင်လှိုက်မောနေသောအသံဖြင့် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ကျွန်ုပ်တို့နှစ်ယောက် အောက်ထပ်သို့ ပြန်ဆင်းလာသောအခါ အဆင်သင့်စောင့်နေသည့် ဦးကျော်ခေါင်နှင့် တွေ့ရလေသည်။

ကျွန်ုပ်တို့က စားပွဲမှာထိုင်သောအခါ ဦးကျော်ခေါင်ကလည်း ရှေ့မှာလာထိုင်လေသည်။

"အခြေအနေဘယ်လိုလဲ ဆရာ. ."

"ပြောရမှာ စိတ်မကောင်းစရာပါပဲ. .၊ ဒါပေမယ့် မပြောလို့လည်းမဖြစ်လေတော့ ပြောရမှာပါပဲ. ."

"ပြောသာပြောပါဗျာ. . သိရမှ အေးမှာဆိုတော့"

"ဒီလိုပါ. . ခင်ဗျားသိမ်းထားတဲ့ မီဂျီဂိုဦးခေါင်းခွံက အစွယ်တစ်ချောင်းကို တစ်ယောက်ကဖြုတ်ယူသွားတယ်"

"ဘယ်သူများလဲဗျ. ."

"နောက်တော့သိရမှာပါ၊ အဲဒီလိုယူသွားပြီး အစွယ်မှာ အဆိပ်ရှိမရှိ သိချင်တာနဲ့ ခွေးကလေးကို ထိုးခြစ်ကြည့်တယ်. ."

"ဟင်. ."

"အဆိပ်ကသိပ်မပြင်းတော့ ခွေးက အသက်မသေပေမယ့် အောက်ပိုင်းတော့ သေသွားရှာတယ်"

"ဖြစ်မှဖြစ်ရလေဗျာ. . ဒီအတိုင်းဆိုရင်တော့ ဒါက မာလ လက်ချက်ပဲမဟုတ်လား၊ ခွေးကလေးက သူ့အခန်းထဲ

☺ အောင်မြင်စာပေ ☺



မှာပဲ သူနဲ့အတူနေတာဗျ. . ."

"မှန်ပါတယ်. . မာလကိုလည်း အပြစ်တင်လို့ မရဘူးလေ၊ သူက မိဘမေတ္တာငတ်နေတဲ့ ကလေးဆိုတော့ သူ့စိတ်ထဲရှိတာတွေကို လုပ်ဖြစ်တာပါ. .၊

သူက မိဘတွေနဲ့ အတူတူနေချင်တယ်၊ ဒါပေမယ့် မနေရဘူး၊ အမေက. . သူငယ်စဉ်ကတည်းက သေသွားခဲ့တယ်၊ အဖေကလည်း အလုပ်တာဝန်တွေနဲ့ အမြဲလိုလို ခရီးထွက်နေရတယ်"

"မှန်ပါတယ်ဗျာ. ."

"အဖေနဲ့နေရပြန်တော့လည်း နောက်အိမ်ထောင်ပြုထားတော့ အဆင်မပြေပြန်ဘူး၊ သူ့ဆန္ဒ မပြည့်ဝခဲ့ပြန်ဘူး၊ ဒီကြားထဲ ကလေးတစ်ယောက်ရလာပြန်တော့ သူ့ထက်ပိုပြီး ဂရုစိုက်ခံနေရတယ်ဆိုပြီး စိတ်ထဲက မကျေမနပ်ဖြစ်နေခဲ့တယ်. ."

"ကျုပ်က ဒီသဘောမျိုးမဟုတ်ပါဘူးဗျာ"

"ဒါပေမယ့် သူက ဒုတိယလူဖြစ်နေတော့. . ဒီလိုပဲခံစားရမှာပဲ၊ ဒါကြောင့် ဒီကလေးကိုမရှိစေချင်ဘူး. .၊ ပထမတစ်ကြိမ်က အဆိပ်ရှိတဲ့ မီဂျီဂိုအစွယ် ယူလာပြီး ကလေးကို တစ်ခုခုလုပ်ဖို့ ကြိုးစားတော့ နန်းမာလာက သိသွားတော့ သူ့ကိုရိုက်ပြီး ဟန့်တားခဲ့တယ်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေကို ကျုပ်ဘာမှ မသိခဲ့ရပါဘူးဗျာ"

"နောက်တစ်ခါကျတော့ သူ့ရဲ့အကြံအစည် အထ မြောက်သွားခဲ့တယ်၊ ကလေးလည်ပင်းကို အဆိပ်ရှိတဲ့အစွယ် နဲ့ခြစ်ပြီး ပြန်အထွက်မှာ နန်းမာလာနဲ့တွေ့လို့ သူ့ကိုထပ် ရိုက်ခဲ့တာပဲ၊ သူ့ကလေး အဆိပ်တက်မှာစိုးလို့ အဆိပ်ရှိတဲ့ သွေးတွေကို ပါးစပ်နဲ့စုပ်ထုတ်နေတုန်း ခင်ဗျားတို့က မြင်သွား တော့ ကလေးလည်ပင်းက သွေးစုပ်ယူနေတယ်လို့ တလွဲထင် ကုန်ကြတာပါပဲ. ."

"အဖြစ်မှန်မသိတော့ အားလုံးမှားကုန်ကြပါပြီဗျာ၊ အတော်မိုက်လုံးကြီးတဲ့ ကလေးပါပဲ၊ ကျုပ်. . နန်းမာလာနဲ့ ဘယ်လိုမျက်နှာပြရပ့ါမလဲဗျာ. ."

ဟု ရေရွတ်နေလေသည်။

"ဒါတွေက အဖြေသိရပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် သံသယတွေဖယ်လိုက်ရင် ကောင်းသွားမှာပါ"

"ကျုပ် ဘယ်လိုလုပ်သင့်သလဲဆိုတာလည်း အကြံ ပေးကြပါဦးဗျာ. ."

"မိသားစုတွေရဲ့ကိစ္စဆိုတော့လည်း ဘယ်လိုမှ အကြံ ဉာဏ်ပေးလို့မကောင်းလှဘူး၊ တစ်ခုတော့ရှိတယ်. . မာလ ကို သူတို့နဲ့အတူရှိနေတာတော့ ကြာရှည်မှာမကောင်းဘူး"

"ကျုပ်သဘောပေါက်ပါပြီဗျာ၊ မာလကို ခါတိုင်းလိုပဲ





သူ့အဒေါ်တွေနဲ့ပြန်ထားတာ ပိုကောင်းမယ်ထင်ပါတယ်"

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူးဗျာ. ."

"ဘယ်တတ်နိုင်ပ့ါမလဲလေ. . ဒီလိုဖြစ်အောင် သူပဲ လုပ်တာဆိုတော့ ဒီလိုပဲလုပ်ရတော့မှာပေ့ါ. .၊ အခုလိုလာပြီး ဖြေရှင်းပေးတာ ကျေးဇူးတင်ပါတယ်ဗျာ. ."

"ကျွန်တော်တို့အတွက်က ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့ မိသားစုတွေ စိတ်ချမ်းသာလက်ချမ်းသာ ရှိသွားကြတယ်ဆို ရင် ပြီးတာပါပဲ၊ ဒါထက်. . မာလလက်ထဲမှာရှိနေတဲ့ မီဂျိဂို အစွယ်တစ်ချောင်းကိုလည်း ရအောင်ပြန်တောင်းထားဦးဗျ၊ တော်ကြာ. . . သူ့လက်ထဲမှာရှိနေရင် စိတ်ထင်တဲ့အတိုင်း လျှောက်လုပ်နေမှ ခက်ကုန်ဦးမယ်"

ဟု သတိပေးလိုက်သဖြင့် ဦးကျော်ခေါင်က မာလ အခန်းပေါက်ဝသို့လျှောက်သွားသဖြင့် ဒေါက်တာမင်းထင် ကျော်လည်း နောက်မှလိုက်သွားသည်။

"မာလ. . မာလ. . တံခါးဖွင့်ပါဦးကွယ်"

အတွင်းမှ ပြန်ထူးသံမကြားရပေ။

"မင်းဆီမှာယူထားတဲ့ မီဂျိဂိုအစွယ်တစ်ချောင်း အ ဖေ့ကို ပြန်ပေးထားပါ ဒါကိုယူထားရင် မင်းအတွက်လည်း အန္တရာယ်များလှပါတယ်. ."

"မပေးနိုင်ဘူးဗျ. .၊ ဒီတစ်ကြိမ်မှာအကြံမအောင်


www.burmeseclassic.com

www.burmeseclassic.com

နိုင်ရင်လည်း နောက်တစ်ကြိမ်မှာတော့ ဟိုစုန်းမသားအမိကို သတ်ဖို့ ယူထားရဦးမယ်"

"ဒီလိုမလုပ်ပါနဲ့ကွာ. .၊ သူတို့သားအမိမှာ ဘာမှ အပြစ်မရှိပါဘူး၊ မင်းအပေါ်မှာလည်း ချစ်ကြပါတယ်"

"တော်ပါတော့အဖေရာ. . ကျွန်တော် မကြားချင်တော့ပါဘူး၊ အဖေလည်းအတူတူပါပဲ၊ ကျွန်တော့်ကိုချစ်တာမှမဟုတ်တာ၊ ဒီတော့. . နှစ်ယောက်စလုံးကိုသတ်ရမှ အေးမှာပါ"

ဦးကျော်ခေါင်ကတော့ အခန်းပေါက်ဝမှ အမျိုးမျိုးဖျောင်းဖျပြောဆိုနေလေရာ ဒေါက်တာမင်းထင်ကျော်လည်း ထိုနေရာမှ ထွက်ခဲ့လေသည်။





# အခန်း(၄)

# မရဏာပန်းကိုတွေ့ကြရခြင်း

ကျွန်ုပ်တို့ မော်ဘီသို့ လာကြရသောကိစ္စမှာ ပြီးသင့်သလောက်ပြီးသွားပြီမို့ ရန်ကုန်သို့ ပြန်ကြရန်ရှိသော်လည်း ဦးကျော်ခေါင်က တစ်ရက်တန်သည်နှစ်ရက်တန်သည် ဆက်နေကြရန် အကူအညီတောင်းပြန်သဖြင့် ထိုမှာပင်ဆက်နေကြရသည်။

တကယ်တော့ ရန်ကုန်မှာနေကြရသူများအဖို့ ယခုလို ခြံကျယ်ကြီးထဲမှာ သစ်ပင်ရိပ်များအောက်မှာ နေရသော


www.burmeseclassic.com

www.burmeseclassic.com


အခါ များစွာစိတ်ချမ်းသာဖို့ ကောင်းလေသည်။

ဦးကျော်ခေါင်၏ခြံကြီးမှာ ကျယ်ဝန်းလှသည့်အပြင် အနယ်နယ်အရပ်ရပ်မှ စုဆောင်းယူဆောင်လာသော သစ်ပင်များ၊ ပန်းပင်များပါ တွေ့ရလေသည်။

ဥယျာဉ်ခြံအတွင်းမှာလည်း အလုပ်သမားအတော်များများရှိပြီး သူ့နေရာနှင့်သူ တာဝန်ခွဲပေးထားသည်။

ပန်းစိုက်ပျိုးသူများ၊ ထူးဆန်းသောသစ်ပင်များကို ပြုစုပျိုးထောင်သူများနှင့် သာမန်စိုက်ခင်းများကို တာဝန်ယူလုပ်ကိုင်နေကြရသူများလည်း တွေ့ရလေသည်။

သစ်ပင်၊ ပန်းပင်များ၊ ဂမုန်းပင်များ၊ ဆေးပင်များအကြောင်းကို စိတ်ဝင်စားသော ဦးဇန်ကောင်းအဖို့မှာတော့ ထိုနေရာသို့ ရောက်လာသောအခါ တွေ့ဖူးမြင်ဖူးရန် ခက်ခဲလှသောအပင်များကို တွေ့ရသောကြောင့် များစွာစိတ်ဝင်စားနေဟန် ရှိလေသည်။

ဦးကျော်ခေါင်ပိုင်ဆိုင်သော ခြံကြီးမှာ သုံးဧကခန့်ကျယ်ဝန်းပြီး သာမန်ပန်းပင်၊ သစ်ပင်များက တစ်နေရာ၊ သစ်ခွပန်းများချည်း သီးခြားစိုက်ပျိုးထားသောနေရာ၊ ထို့ပြင် ထူးခြားဆန်းကြယ်သော ပန်းများကိုတော့ သီးခြားစိုက်ပျိုးထားလေသည်။

အခြားနေရာတစ်ခုမှာတော့ လူကိုအန္တရာယ်ပေးနိုင်



သော သစ်ပင်အချို့ကို သီးသန့်စိုက်ပျိုးထားဟန် ရှိလေသည်။

တစ်နေရာသို့ရောက်သောအခါ ခြံဝန်းခတ်ထားပြီး သီးခြားစိုက်ပျိုးထားသော ပန်းခြံတစ်ခုတွေ့ရသည်။ ထိုပန်းခြံကို တာဝန်ယူနေသော လူတစ်ယောက်နှင့်လည်း တွေ့ရသည်။

“ဒီခြံထဲမှာ ဘာတွေစိုက်ထားသလဲ”

“အန္တရာယ်ရှိတဲ့ပန်းပင်တွေချည်း သီးခြားစိုက်ပျိုးထားတာပါဆရာ၊ ဒါကြောင့် ခြံခတ်ထားရတာပါ. . ”

“စိတ်ဝင်စားစရာပဲ. . ငါတို့ ဝင်ကြည့်လို့မရဘူးလား”

“ဆရာတို့က ဆရာကြီးရဲ့ဧည့်သည်တွေမဟုတ်လား ဝင်ကြည့်ချင် ကြည့်လို့ရပါတယ်. . ”

ထိုသူက ခြံတံခါးကိုဖွင့်ပေးသဖြင့် အတွင်းသို့ ဝင်ကြည့်ရလေသည်။ ခြံဝန်းထဲမှာတော့ ပန်းပင်အမျိုးအမည် အတော်စုံလင်လှပြီး အချို့ပန်းများမှာ မြင်ဖူးတွေ့ဖူးခြင်းပင် မရှိသေးပေ။

“ပန်းမျိုးတွေက အတော်စုံတာပဲ၊ အချို့ပန်းမျိုးတွေဆိုရင် မြင်တောင်မမြင်ဖူးသေးဘူး”

“ဒီပန်းမျိုးတွေက မြန်မာပြည် နေရာအနှံ့အပြားက စုဆောင်းထားပုံရပါတယ်၊ အတော်များများကတော့ မြန်မာပြည်ထဲမှာ ရနိုင်ပါတယ်၊ ဒါထက်ဆန်းကြယ်တဲ့ပန်းတွေ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်”

“ဘယ်မှာရှိတာလဲ . . မောင်ထင်ကျော်ရဲ့”

“ကမ္ဘာ့နေရာအနှံ့အပြားမှာ လူနဲ့တိရစ္ဆာန်တွေကို အန္တရာယ်ပေးတဲ့ ပန်းပွင့်တွေနဲ့ သစ်ပင်တွေအများကြီး ရှိပါတယ်၊ အဲဒီပန်းတွေ၊ သစ်ပင်တွေကို သုတေသနပြုပြီး မှတ်တမ်းတင်ထားတာ တွေ့ရှိပါတယ် . . ”

“ဦးကျော်ခေါင်က ဒီလိုအန္တရာယ်များတဲ့ ပန်းပင်တွေ သစ်ပင်တွေကို ဘာကြောင့်တကူးတက စိုက်ပျိုးထားတာပါလိမ့်”

“လူတစ်ယောက်မှာ ဝါသနာတစ်မျိုးစီ ရှိကြလေတော့ ဦးကျော်ခေါင်ရဲ့ဝါသနာက ဒီလိုရှားပါးတဲ့ သစ်ပင်ပန်းပင်တွေကို စုဆောင်းရတာ ဝါသနာပါတာမျိုးဖြစ်မှာပေါ့”

ထို့နောက်မှာတော့ . . ကျွန်ုပ်တို့သုံးယောက်မှာ ထူးဆန်းသောပန်းပင်များ စိုက်ပျိုးထားသော . . ခြံအတွင်းသို့ လိုက်လံကြည့်ရှုကြလေသည်။

ခြံစောင့်ကတော့ တစ်နေရာမှာကျန်ခဲ့လေသည်။

တစ်နေရာရောက်သောအခါ ညှီစို့စို့ ပုတ်အဲ့အဲ့ အနံ့မျိုးရသဖြင့် ထိုနေရာသို့သွားကြည့်ရာ . . မြေပေါ်မှာ ပွင့်နေသော ထူးဆန်းသောပန်းတစ်ပွင့်ကို တွေ့ရသည်။

အနီရောင်ပွင့်ချပ်များရှိပြီး ထိုပွင့်ချပ်ထဲမှာ သေနေ





သော မြွေတစ်ကောင်နှင့် မြေကြွက်တစ်ကောင်ကိုတွေ့ရသည်။

ကျွန်ုပ်တို့မှာ ထိုပန်းရနံ့ကိုရှူမိပြီး စိတ်ထဲမှာ လေးလံထိုင်းမှိုင်းလာသလို ဖြစ်လာသဖြင့် ထိုနေရာမှ ခပ်သုတ်သုတ်ထွက်လာရလေသည်။

ပန်းပွင့်မှထွက်နေသော အညှီနံ့တစ်မျိုးကြောင့် . . အသားစားသတ္တဝါများက အနီးသို့ရောက်လာကြရာ ထိုအခါမှ ဖမ်းယူသတ်ဖြတ်ခြင်း ဖြစ်ဟန်တူသည်။

ကမ္ဘာပေါ်မှာ ထိုကဲ့သို့သော လူနှင့်တိရစ္ဆာန်တို့ကို အန္တရာယ်ပေးနိုင်သော ပန်းအချို့ကို ဖော်ပြပေးပါဦးမည်။

## (ကမ္ဘာပေါ်တွင် အရှားပါးဆုံးပန်းများ)

### အလောင်းပုပ်ပန်း (The Corpse Flower)

အဆိုပါပန်းကို အမိုဖိုဖေးလပ်စ်တိုင်တနမ် (Amorphophallus titanum)ဟုလည်းခေါ်သည်။

စုမတြာကျွန်းတွင် တွေ့ရှိရတတ်ပြီး ပန်းပွင့်၏အမြင့်




www.burmeseclassic.com

www.burmeseclassic.com


(၆)ပေကျော်ရှိပြီး ပန်းပွင့်၏အချင်းမှာ (၃)ပေရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ မိုးများသစ်တောများအတွင်း တွင် ပေါက်ရောက်တတ်သည်။





ထိုပန်းသည် ပင်လုံးပင်စည်နှင့်အညှာတံ မရှိ၊ သစ်ရွက်မရှိ၊ အမြစ်ကိုမမြင်ရပေ။

ထိုပန်းပွင့်မှရနံ့သည် အနံ့ပြင်းထန်လှပြီး ပုပ်ပွနေသော အသားနံ့ဖြစ်သဖြင့် "လူသေကောင်ပန်း" (Corpse Flower)ဟု အမည်တွင်ခြင်းဖြစ်သည်။

စူးရှပြင်းထန် ပုပ်အဲ့သော ထိုရနံ့ကို နှစ်သက်သည့် ယင်ကောင်များနှင့် ပိုးတောင်မာများ နားလေ့ရှိသည်။

ထိုနည်းဖြင့် ဝတ်မှုန်ကူးသည်။

အဆိုပါပန်းသည် သီတင်းပတ်တစ်ပတ်ခန့် ကြာသည်အထိ လန်းဆန်းနေနိုင်သည်။

ထိုပန်းသည် ကမ္ဘာပေါ်တွင် အရှားပါးဆုံး၊ အကြီးဆုံးနှင့် အန္တရာယ်မကင်းအဖြစ်တတ်ဆုံးသော ပန်းတစ်မျိုးဖြစ်ပေသည်။

## ယူတန်ပိုလူ (Youtan Polue)

တရုတ်နိုင်ငံမှ လယ်သမားကြီး မစ္စတာဒင်း(Mr. Ding)သည် သူ၏စတီးရေပိုက်များတွင် ကပ်၍ ပေါက်ကာ ပွင့်နေသဖြင့် အဆိုပါပန်းပွင့်များကို စတင်တွေ့ရှိရခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com




ထို့နောက် တရုတ်လူမျိုးသီလရှင် လူရှန်(Lushan)က သူမ၏အဝတ်လျှော်စက် အောက်ခြေတွင် ကပ်၍ပေါက်ကာ ပွင့်နေသောထိုပန်းမျိုးကို ထပ်မံတွေ့ရှိခဲ့ပြန်သည်။

အဖြူရောင်အဆင်းရှိပြီး အမွှေးရနံ့သင်းပျံ့လှသော ထိုပန်းသည် (၁)မီလီမီတာအရွယ်သာရှိသည်။

အိန္ဒိယဒဏ္ဍာရီတွင် အဆိုပါပန်းအကြောင်းကို ပညာရှိခြင်းနှင့် တင်စား၍ဖော်ပြသည်။

သက္ကတဘာသာအရမူ ထိုပန်းကို ကောင်းကင်ဘုံမှ ကျလာသည့် အတိတ်နိမိတ်ကောင်းပြီး ကောင်းကျိုးဖြစ်ထွန်းစေသောပန်း(an auspicious flower from heaven)ဟု ယူဆကြသည်။







ရုက္ခဗေဒကျွမ်းကျင်သူများကမူ အဆိုပါပန်းသည် နှစ်(၃၀၀၀)တွင် တစ်ကြိမ်ပွင့်သည်ဟု ဆိုကြသည်။

ကမ္ဘာပေါ်ရှိပန်းများအနက် ထိုပန်းမျိုးကို အရှားပါးဆုံးစာရင်းတွင် ထည့်သွင်းထားပေသည်။

## အမျိုးသမီးဖိနပ်ပုံပန်း (အဝါရောင်နှင့်ခရမ်းရောင်ရောစပ်သော) (Yellow and Purple Lady Slippers)

အဝါရောင်နှင့် ခရမ်းရောင်ရောစပ်ထားသော အမျိုးသမီးဖိနပ်ပုံ သစ်ခွပန်းသည် ရှေးအခါက ဥရောပတွင် ရှာဖွေတွေ့ရှိခဲ့သည်။

ထိုပန်းကို ဆိုင်ပရီပီဒီယမ်ကယ်လ်စီယိုလပ်စ် (Cypripedium Calceolus)ဟူ၍လည်း ခေါ်သည်။

ယခုအခါ. . ဗြိတိန်တွင် ထူးခြားသောဒေသမျိုး၌ ပေါက်ရောက်နေပေပြီး ဂေါက်ရိုက်ကွင်းများတွင် ပေါက်ရောက်တတ်၍. . (၁၉၁၇)ခုနှစ်မှစ၍ တင်းကျပ်သည့် ရဲအစောင့်အရှောက်ဖြင့်. . မျိုးမပြုတ်အောင် ကာကွယ်စောင့်ရှောက်ခဲ့ရသည်။

ပန်းပွင့်တွင် ခရမ်းရင့်ရောင်၊ နီညိုရောင် နွယ်ကျနေသည့် ပွင့်ဖတ်များနှင့် အဝါရောင်တောက်ပသည့် အရောင်



www.burmeseclassic.com

www.burmeseclassic.com



များ ပေါင်းစပ်ပါဝင်ပြီး အမျိုးသမီးဖိနပ်ပုံသဏ္ဍာန် ဖြစ်သည်။



ထိုပန်းပွင့်ကိုမြင်လိုက်ရသည်နှင့် စိတ်လှုပ်ရှားဖွယ်ကောင်းသောပန်းသည် ကမ္ဘာပေါ်တွင် အရှားပါးဆုံးပန်းမျိုးထဲ၌ ပါဝင်လေသည်။

## တစ္ဆေသစ်ခွ (Ghost Orchid)

လှပ၍ စွဲမက်ဖွယ်ကောင်းသော တစ္ဆေသစ်ခွပန်းပင်သည် အနှစ်(၂၀)နီးပါး ပျောက်ကွယ်နေရာ မကြာမီနှစ်များ





က မျိုးပြန်ရလာသည်။

တစ္ဆေသစ်ခွကို အီပီပိုဂီယမ် အဖီလမ် (Epipogium aphyllum) ဟူ၍လည်းကောင်း၊ ဒင်ဒရိုဖီလက် လင်ဒင်နီ (Dendrophylax Lindenii) ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ထိုပန်းတွင် သစ်ရွက်မရှိပေ။

ပန်းပွင့်သည် အမျိုးသမီးစီး ဖိနပ်ပုံသဏ္ဍာန်ဖြစ်သည်။ အဆိုပါပန်းသည် မြေအောက်၌ နှစ်ပေါင်းများစွာကြာအောင် အသက်ရှင်နေနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသစ်ခွပန်းပင်ကို ကျူးဘားသစ်တောများတွင်လည်းကောင်း၊ ဖလော်ရီဒါတွင်လည်းကောင်း တွေ့ရှိနိုင်သည်။

အဆိုပါပန်းသည် အမွှေးရနံ့ကြိုင်နေတတ်ပြီး ဇွန်နှင့်ဩဂုတ်လများအတွင်း ပွင့်တတ်သည်။

ကျူးဘားတွင် ဆိုက်ပရပ်ပင်များပေါ်၌ ပေါက်နေသည့် ထိုအပင်မှ ပန်းပွင့်လျှင် တစ္ဆေများကဲ့သို့ လက်ကားယားဖြင့် တွဲလောင်းကျနေသော ပန်းပွင့်ပုံသဏ္ဍာန်ကြောင့် "တစ္ဆေသစ်ခွ" ဟူသောအမည် မှည့်ခေါ်ကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ရှားပါးသောပန်းမျိုးထဲတွင် ပါဝင်ပေသည်။

## ကဒူပေါပန်း (Kadupul Flower)

ကဒူပေါပန်းသည် စိုက်ပျိုးရသည်မှာ လွယ်ကူသော်လည်း အပွင့်ပွင့်ရန်မှာမူ ခဲယဉ်းလှသည်။

အဆိုပါးပန်းများကို သီရိလင်္ကာနိုင်ငံ တောနက်များထဲတွင် တွေ့ရတတ်ပါသည်။

ထိုပန်းများသည် ညဘက်တွင်သာ ပွင့်တတ်ပြီး နေအရုဏ်မလာမီ ပြန်ငုံသွားတတ်သည်။






ထိုနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့ကမူ ဗုဒ္ဓမြတ်စွာဘုရားကို လှူဒါန်းပူဇော်ရန် ပွင့်လာသည့်ပန်းဟု ယူဆကြသည်။

ၡင်းတို့၏ယုံကြည်မှုအရ အဆိုပါပန်းများပွင့်လျှင် နဂါး(Nagas)များသည် ထိုပန်းများဖြင့် ဗုဒ္ဓမြတ်စွာဘုရားကို ပူဇော်ကြသည်ဟူ၍ဖြစ်သည်။

အဆိုပါပန်းများသည် ရနံ့မွှေးကြိုင် သင်းပျံ့လှပြီး အဖြူရောင်အဆင်းရှိသည်။



ဂျပန်နိုင်ငံတွင်မူ ထိုပန်း၏အမည်မှာ "လရောင်အောက်ရှိ အလှ"ဟု အဓိပ္ပါယ်ရသည်။

လူသိမှာလူမြင်မှာကို ရှက်ရွံ့ခြင်းကြီးစွာဖြင့် ညဘက်


www.burmeseclassic.com

www.burmeseclassic.com



တွင်သာပွင့်တတ်သည့် ကဒူပေါပန်းသည် ကမ္ဘာပေါ်ရှိ ရှားပါးလှသော ပန်းများစာရင်းတွင် ပါဝင်လေသည်။

## ကိုကီအိုပန်း (Koki'o)

ကိုကီအိုပန်းကို ဟာဝိုင်ယီ(Hawaii)ရှိ သစ်ပင်တစ်ပင်ထက်တွင် တွေ့ရှိရသည်။

(၁၈၆၀)ပြည့်နှစ်တွင် တွေ့ရှိခဲ့သည်။ ကိုကီအိုပန်းသည် မျိုးပွားယူရန်ခက်ခဲပြီး ရှားပါးပန်းတစ်မျိုးဖြစ်သည်။

(၁၉၅၀)ပြည့်နှစ်တွင်မူ ထူးခြားသည့်ပန်းတစ်မျိုးအဖြစ် ထင်ရှားလာသည်။

ထိုပန်းကို ကိုကိုင်းကူကေး (Kokai Cookei) ဟူ၍လည်း ခေါ်တွင်သည်။

အနှစ်(၂၀)ကျော်ခန့်ကြာပြီးနောက် ကိုကီအိုပန်းမျိုးကို ပြန်လည်ရှာဖွေ ဖော်ထုတ်ခဲ့သော်လည်း . (၁၉၇၈)တွင် မီးသင့်၍ သေဆုံးခဲ့ရသည်။

ကံကောင်းလှသည်မှာ ထိုပန်းပင်၏ အကိုင်းတစ်ကိုင်းကို မျိုးအဖြစ် ရယူနိုင်ခဲ့သဖြင့် ဟာဝိုင်ယီဒေသအနှံ့ရှိ သစ်ပင်(၂၃)မျိုးတွင် မျိုးပွားယူနိုင်ခဲ့သည်။

ထိုပန်းပင်သည် (၁၀)မီတာ၊ (၁၁)မီတာခန့်မြင့်ပြီး နှစ်



BURMESE CLASSIC .com





စဉ် အနီရောင်တောက်တောက် ပန်းပွင့်များ ဝေဆာလှပစွာပွင့်တတ်သည်။ ကမ္ဘာပေါ်တွင် ရှားပါးသော ပန်းမျိုးထဲတွင် ပါဝင်ပေသည်။

## ချောကလက်ကော့စမော့ပန်း (Chocolate Cosmos)

ချောကလက်ကော့စမော့ပန်းကို ကောစမော့ အက်သရိုစန်ဂွီးနီးယပ် (Cosmos atrosanguineus) ဟူ၍လည်း ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါပန်းသည် မက္ကဆီကိုနိုင်ငံတွင် တွေ့ရှိရသည်။ လွန်ခဲ့သည့်နှစ်ပေါင်း (၁၀၀)ကျော်ခန့်က မက္ကဆီကိုနိုင်ငံရှိ တောနက်များထဲတွင် ပေါက်လေ့ရှိသည်။

ထိုပန်းများသည် သီးခြားရှင်သန်နေပြီး (၁၉၀၂)တွင် မျိုးပွားယူနိုင်ခဲ့သည်။

ပန်းပွင့်များသည် အညိုရင့်ရောင်ရှိသည်။

ပန်းပွင့်အရွယ်အစားမှာ အချင်း(၃/၄)စင်တီမီတာခန့် ရှိသည်။



အဆိုပါပန်းမွှေးရနံ့သည် နွေရာသီတွင် သင်းပျံ့မွှေးကြိုင်လှသဖြင့် သစ်ခွရည်၊ ကော်ဖီနှင့် ကိုကာများတွင် ရောနှောပေါင်းစပ်၍ အသုံးပြုသဖြင့် စားသုံးသူများ ကြိုက်နှစ်





သက်ကြသည်။

ချိုချိုမွှေးမွှေးဖြင့် အနံ့အရသာ ကောင်းလှသည့် ဝတ်ရည်ရှိသော ထိုပန်းကို ချောကလက်ကော့စမော့ပန်းဟု အမည်ပေးကာ ကမ္ဘာ့ရှားပါးပန်းများစာရင်းတွင် ထည့်သွင်းခဲ့သည်။

BURMESE CLASSIC .com

## ကြက်တူရွေးနှုတ်သီးပန်း (Parrot's Beak)

ကြက်တူရွေးနှုတ်သီးပန်းကို လိုတပ်ဘာသီလိုတီ (Lotus Berthelotii) ဟူ၍လည်းခေါ်သည်။

ထိုပန်းကို (၁၈၈၄)တွင် ခဲရာခဲဆစ် ရှာဖွေတွေ့ရှိခဲ့ပြီး တောနက်ထဲတွင် ထူးထူးခြားခြားပန်းမျိုးအဖြစ် ရှင်သန်နေသည်။

ကနေရီကျွန်းများ (Canary Islands)တွင် စတင်ပေါက်ရောက်သည့် အဆိုပါပန်းပင်မျိုးသည် ဝေးလံဒေသမှ နေရောင်ခံငှက်များ ချီယူသယ်ဆောင်လာသည့် မျိုးစေ့များဖြင့် မျိုးပွားလာသည်။

ထိုပန်းပွင့်များမှ ဝတ်မှုန်ကူး၍မျိုးပွားရန် စမ်းသပ်မှုများ ပြုခဲ့ကြသည်။ (၂၀၀၈)ခုနှစ်အထိ အဆိုပါစမ်းသပ်မှုများ မအောင်မြင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မျိုးရှားပါးသော ကြက်တူရွေးနှုတ်သီးပန်းသည် ကမ္ဘာ့အရှားပါးဆုံးသော ပန်းများစာရင်းတွင် ပါဝင်သည်။

## ကျောက်စိမ်းခိုင်ပန်း (The Jade Vine)


ကျောက်စိမ်းခိုင်ပန်းကို စထရောင်ဂျီလိုဒွန် မကရိုဘိုထရိုင်းစ် (Strongylodon macrobotrys) ဟူ၍လည်း ခေါ်ပေသည်။

ကျောက်စိမ်းခိုင်ပန်း၏အရောင်သည် စိမ်းပြာရောင်ဖြစ်ပြီး ပန်းပွင့်များမှာ လက်သည်းချွန် ပုံသဏ္ဌာန်ဖြစ်ပြီး တွဲလောင်းကျနေသည့်ပန်းခိုင်မှာ အရောင်ဆန်းဆန်း၊ အပွင့်





ပုံသဏ္ဌာန်ဆန်းဆန်းရှိသဖြင့် အခြားပန်းများထက် ပိုမိုထူးခြားလှသည်။




www.burmeseclassic.com

www.burmeseclassic.com



အဆိုပါပန်းများသည် ထိုပန်းဝတ်ရည်ကို ခုံခုံမင်မင် စုတ်ယူသောက်သုံးကြသည့် လင်းနို့များကြောင့် ဝတ်မှုန်ကူးကာ မျိုးဆက်ပြန့်ပွားကြသည်။

ရှားပါးလှသော ကျောက်စိမ်းခိုင်ပန်းများကို ဖိလစ်ပိုင်နိုင်ငံရှိ တောနက်များထဲတွင် သဘာဝအလျောက် ပေါက်ရောက်နေသည်ကို တွေ့ရှိနိုင်သည်။

လှပသော အရောင်၊ ပုံသဏ္ဌာန်နှင့် ပန်းခိုင်ကြောင့် ကျောက်စိမ်းခိုင်ပန်းသည် ကမ္ဘာ့အရှားပါးဆုံးပန်းများစာရင်းတွင် ပါဝင်လေသည်။

## ကမ်ပီယန်ပန်း (Campion)

ကမ်ပီယန်ပန်းကို ဆိုင်လင်း တိုမင်တိုဆာ (Silene Tomentosa)ဟူ၍လည်း ခေါ်ဆိုသည်။

အဆိုပါပန်းကို ဂျီဘရေတာ(Gibraltal)တွင်သာ တွေ့ရှိနိုင်သည်။

(၁၉၉၂)တွင် သိပ္ပံနည်းကျအဖွဲ့အစည်းမှ ကမ်ပီယန်ပန်းကို လေ့လာပြီး ထူးခြားမှုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

(၁၉၉၄)တွင် မြင့်မားလှသော ဂီဘရေတာကျောက်တောင်ထိပ်များကို တက်သည့် တောင်တက်သမားတစ်ဦးက





မျိုးစေ့တစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့သည်။

ထိုမျိုးစေ့ကို မီလန်နီယန်မျိုးစေ့ဘဏ် (Millennium Seed Bank)တွင် စနစ်တကျ သိုမှီးထားပြီး မျိုးပွံ့နှံ့ရေးကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ ပန်းမျိုးစေ့များကို အောင်မြင်စွာ မျိုးပွားယူနိုင်ခဲ့သဖြင့် အယ်မေဒါဂျီဘရေတာ ရုက္ခဗေဒ ပန်းဥယျာဉ်များ(Almeda Gibraltor Botanic Gardens)နှင့် လန်ဒန်မြို့ရှိ တော်ဝင်ရုက္ခဗေဒဥယျာဉ်များ (Royal Botanic Gardens)တွင် စိုက်ပျိုးနိုင်ပြီဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဂျီဘာရေတာကျောက်ဆောင်ထွတ်များပေါ်တွင် ခဲခဲယဉ်းယဉ်း ရှားရှားပါးပါးပေါက်နေသည့် ကမ်ပီယန်ပန်းများသည် ကမ္ဘာ့အရှားပါးဆုံးပန်းများစာရင်းတွင် ပါဝင်ပေသည်။

ထိုပန်းများထဲတွင် လူသေကောင်ပန်းဟုခေါ်သော ကော့ပ်ဆီပန်းနှင့် တစ္ဆေသစ်ခွဟုခေါ်ကြသည့် (Ghost Orchid) ပန်းတို့မှာ လူကိုအန္တရာယ်ပေးနိုင်သော ကြောက်စရာကောင်းသော ပန်းပွင့်များ ဖြစ်ကြလေသည်။

ထိုအချိန်မှာပင်. . ပန်းခြံအလုပ်သမားက အနားရောက်လာသည်။

"ဆရာတို့ ဟိုဘက်နားမှာ အနီရောင်ပန်းပွင့်တစ်ပွင့် တွေ့ခဲ့ကြသလား"

"တွေ့ခဲ့တယ်. . ဘာပန်းလို့ခေါ်သလဲ"

"မရဏပန်းလို့ ခေါ်တယ်၊ ဒီပန်းရဲ့အနံ့ကို ရှူမိပြီးရင် အန္တရာယ်ဆိုးတွေနဲ့ တွေ့ရတတ်တယ်"

"ဒီလောက်အန္တရာယ်များတဲ့ပန်းကို ဘာကြောင့် ခြံထဲမှာ စိုက်ထားတာလဲ"

"ဆရာကြီးက ထူးဆန်းတဲ့ပန်းဆိုရင် ဘာပန်းပဲဖြစ်ဖြစ် စုဆောင်းစိုက်ပျိုးတာ ဝါသနာပါလို့ စိုက်ထားတာပါ၊ အဲဒီနားကိုတော့ ဘယ်သူမှမသွားကြပါဘူး"

ဟု ပြောပြလေသည်။






မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သုံးယောက်ကတော့ တွေ့မြင်ရုံနှင့်ပင် အန္တရာယ်ဖြစ်စေနိုင်သော မရဏပန်းကို တွေ့မြင်ခဲ့ကြရပြီ ဖြစ်ပေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

## ပဟေဠိဆန်သောလူသတ်ကောင်

နောက်တစ်နေ့တွင် ဦးကျော်ခေါင်နေအိမ်သို့ မော်တော်ကားတစ်စီးရောက်လာလေသည်။

ကားပေါ်မှာ အမျိုးသမီးနှစ်ယောက်နှင့် အမျိုးသား တစ်ယောက်ပါလာသည်။

၎င်းတို့နှင့်အတူ ခရီးဆောင်သေတ္တာများအပြင် ခြင်းကြားကြီးတစ်လုံးလည်း ပါလာသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုခြင်းကြားကြီးကို စက္ကူများဖြင့်ပတ်ထားလေသည်။

နောက်ထပ်ရောက်လာသော ဧည့်သည်သုံးယောက်မှာ အခြားမဟုတ်ဘဲ နန်းမာလာ၏ညီမဖြစ်သူ နန်းသူဇာနှင့် အဖော်အဖြစ် လိုက်လာကြသော ဦးနေဒွန်းနှင့် ဒေါ်မင်းဇာတို့ပင်ဖြစ်သည်။

နန်းသူဇာမှာ အသက်(၂၀)ကျော်အရွယ်မျှသာ ရှိသေးပြီး ရှမ်းအမျိုးသမီးတစ်ဦးဖြစ်သောကြောင့် အသားဖြူဖြူနှင့် ချောမောလှပသူဖြစ်သည်။

သို့သော် မျက်နှာအမူအယာမှာ ပျော့ပျောင်းမနေဘဲ တင်းမာခက်ထန်နေဟန်တော့ရှိသည်။

သူမနှင့်အတူပါလာသော ဦးနေဒွန်းနှင့် ဒေါ်မင်းဇာတို့ နှစ်ယောက်မှာ အသက်(၅၀)ဝန်းကျင်အရွယ်ခန့် ရှိကြလေသည်။

၎င်းတို့သုံးယောက်မှာ ရှမ်းပြည်နယ်မြောက်ပိုင်းဘက်မှ လာကြခြင်းဖြစ်သည်။

၎င်းတို့ရောက်လာသောအခါ ဦးကျော်ခေါင်ရော နန်းမာလာပါ ဝမ်းသာအားရ ထွက်ကြိုကြလေသည်။

၎င်းတို့နှစ်ယောက်မှာ ပြန်လည်သင့်မြတ်သွားပြီ ဖြစ်သဖြင့် နန်းမာလာက ကလေးချီထားလေသည်။

"ဟယ်. . သူဇာတို့ရောက်လာကြပါလား၊ ငါက မှာ





သာမှာရတာ ဒီလောက်မြန်မြန် ရောက်လာမယ်လို့ မထင်ထားဘူး"

"ကိုယ့်မမတစ်ယောက်လုံး အကြောင်းကိစ္စရှိနေမှတော့ မြန်မြန်လာရမှာပေါ့"

နန်းသူဇာက ပြောလိုက်ရာ ဦးကျော်ခေါင်က မျက်နှာတစ်ချက်ပျက်သွားသည်။

ယခင်ရက်များက နန်းမာလာအပေါ်မှာ အထင်အမြင်လွဲမှားနေမှုကြောင့် ရင့်သီးသော အပြောအဆိုများဖြင့် ဆက်ဆံခဲ့မိရာ. . နန်းမာလာက သူ့မိဘများထံသို့ စာရေးအကြောင်းကြားခဲ့ခြင်းကြောင့် ယခုကဲ့သို့ရောက်လာကြခြင်းဖြစ်သည်။

နန်းသူဇာတို့ရှမ်းပြည်သို့ပြန်လျှင် နန်းမာလာပါ ပြန်လိုက်သွားမည်ကို စိုးရိမ်နေဟန်ရှိသည်။

ထိုအချိန်တွင် အလုပ်သမားများက ကားပေါ်မှစက္ကူများနှင့် ပတ်ထားသော ခြင်းကျားကြီးကို အောက်သို့ချလာကြလေသည်။

"ဘာတွေများလဲဗျ. ."

"ဦးကျော်ခေါင်အတွက် တကူးတက လက်ဆောင်ယူလာတာလေ၊ တဆိတ်လောက် စက္ကူတွေဖယ်ကြည့်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ဦးနေဒွန်းက ဝင်ပြောသဖြင့် အလုပ်သမားများကို အုပ်ထားသောစက္ကူများ ဖယ်ခိုင်းလိုက်သည်။

စက္ကူများရှင်းသွားသောအခါ အတွင်း၌ ပန်းပင်ကြီး တစ်ပင်ကို တွေ့ကြရသည်။

"အလို. . ဘာပင်ကြီးပါလိမ့်. ."

"ဦးကျော်ခေါင်က. . . ထူးဆန်းတဲ့ သစ်ပင်ပန်းပင် တွေ စုဆောင်းစိုက်ပျိုးတာ ဝါသနာပါတယ်မဟုတ်လား၊ ဒါ ကြောင့် ရှမ်းပြည်ကတောင် တကူးတကသယ်ယူခဲ့ရတာပေါ့ဗျာ"

"ကျုပ်လည်း တစ်ခါမှမမြင်ဖူးပါလား၊ ဘာပန်းပင်လို့ ခေါ်သလဲဗျ. ."

"ဒါ လိပ်ပြာဝိညာဉ်ပန်းပင်လို့ ခေါ်တယ်၊ သူက ညဘက်မှပွင့်တယ်၊ ဟိုမှာ အဖူးတောင်ပါလာသေးတယ်. ."

ဦးကျော်ခေါင်က တအံ့တသြဖြင့် အနားကပ်ကြည့်လေသည်။ ပန်းပင်၏အရွက်နှင့်ပုံသဏ္ဍာန်မှာ ခရမ်းပင်နှင့် ပုံသဏ္ဍာန်တူပြီး ငုံနေသောအဖူးတံပါသည်။

အရွက်မှာအစိမ်းရင့်ရောင် ဖြစ်သော်လည်း အပွင့်၏အရောင်ကတော့ ခရမ်းရောင်နှင့် အနက်ရောင်ရောထားသည့် အရောင်မျိုးဖြစ်သည်။

ထို့ပြင် အနားကပ်ကြည့်သောအခါ သွေးညှီနံ့လိုလို ရလေသည်။ သူက ထူးထူးဆန်းဆန်းမို့ အနီးသို့ကပ်ကြည့် လိုက်ရာ ငြိမ်သက်နေသော ပန်းဖူးက အနည်းငယ်လှုပ်ရှား လာသလို ထင်ရလေသည်။

ပန်းပွင့်အရွယ်အစားမှာ လင်းနို့အကောင်ကြီးခန့် အရွယ်အစားရှိလေသည်။

"အနားသိပ်မကပ်နဲ့ဗျ. . . သူက လူတွေအနားကပ် တာ သိပ်မကြိုက်ဘူး"

သို့ကြောင့် ဦးကျော်ခေါင်လည်း နောက်သို့ပြန်ဆုတ် လိုက်ရလေသည်။

ထို့နောက် ဦးကျော်ခေါင်က ခြံအလုပ်သမားများ ခေါ်ပြီး ထိုပန်းပင်ကို သီးသန့်ပန်းပင်များ စိုက်ပျိုးသောနေရာ၌ ရွှေ့ပြောင်းစိုက်ရန် စီစဉ်လေရာ ဦးနေဒွန်းကပါ လိုက်သွား လေသည်။

အပေါ်ထပ်မှာရှိသော နန်းမာလာအိပ်ခန်းထဲမှာ တော့ နန်းသူဇာနှင့် ဒေါ်မင်းဇာတို့ ရှိနေကြသည်။

"မမရေးလိုက်တဲ့စာရရခြင်း ကျွန်မတို့ လာခဲ့ကြတာ ပဲ၊ အခု အခြေအနေကရော ဘယ်လိုလဲ. ."

"အခုတော့ အဆင်ပြေသွားပါပြီ"

"ဒီလိုဖြစ်ရတာ ဘယ်သူ့လက်ချက်လဲ၊ သူ့ဘက်က ပါလာတဲ့ကောင်လေး ငြိုဟ်မွှေတာမဟုတ်လား"






www.burmeseclassic.com

www.burmeseclassic.com

နန်းမာလာက ခေါင်းညိတ်ပြသည်။

"သူရှိနေသမျှတော့ ဒီလိုပဲဖြစ်နေမှာပဲ"

"သူ့အဖေကတော့ ဘော်ဒါဆောင်ပို့မယ်ဆိုလား၊ သူ့ဆွေမျိုးတွေဆီ ပို့မယ်ဆိုလား. . ပြောတာပဲ"

"ဘယ်ကိုပဲပို့ပို့ တစ်ချိန်ကျရင် သူ့အဖေရှိတဲ့နေရာ ပြန်ရောက်လာမှာပဲ၊ ကျွန်မတို့က စော်ဘွားအမျိုးအနွယ်တွေ ဆိုတာ မမ,မေ့နေပြီလား၊ ဒီလို သူများတွေမတရား နှိပ်စက်တာကို မျက်ရည်စက်လက်နဲ့ ခေါင်းငုံ့ခံနေရတာမျိုးမှ မဟုတ်တာ. . ."

နန်းမာလာက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုကျွန်မတို့လာတာ မမကို တစ်ပါတည်း ပြန်ခေါ်သွားကြဖို့ပဲ၊ လိုက်ခဲ့မယ်မဟုတ်လား"

"ငါစဉ်းစားပါရစေဦး သူဇာရယ်၊ သူတို့အခြေအနေကို ကြည့်ပြီးမှ ဆုံးဖြတ်ပါရစေ. ."

ထိုစကားကြားသောအခါ နန်းသူဇာက မကျေမနပ်ဖြစ်သွားသော်လည်း အစ်မဖြစ်သူ စိတ်ဆင်းရဲမည်စိုးသောကြောင့် ဘာမှတော့ ထွေထွေထူးထူး မပြောတော့ပေ။

"ဒါထက် ဟိုလူသုံးယောက်က ဘယ်ကလဲ ဘယ်သူတွေလဲ"

"သူတို့က ရန်ကုန်ကလာတဲ့ ဧည့်သည်တွေပါ"





"ပုလိပ်ဘက်ကလူတွေလား"

"မဟုတ်ပါဘူး. . ဦးကျော်ခေါင်ရဲ့ အသိမိတ်ဆွေတွေပါ၊ သူတို့ရောက်လာပြီး အကူအညီပေးကြလို့ ဟိုကောင်လေးကိစ္စက အဖြေပေါ်သွားတာလေ. ."

ဟု ပြောဆိုကာ အခြားအကြောင်းများကိုသာ ပြောဆိုနေကြလေသည်။

နေ့လယ်ဘက်အချိန်ရောက်တော့ ဒေါက်တာမင်းထင်ကျော်က ပြန်ရန်ပြင်သောအခါ ဦးကျော်ခေါင်က ထပ်တားပြန်လေသည်။

"မပြန်ကြပါနဲ့ဦး ဆရာတို့ရယ်. .၊ အခု ရှမ်းပြည်က သူ့အမျိုး တွေရောက်လာကြပြီ၊ ကျုပ်တို့ချင်းအဆင်ပြေသွားတယ်ဆိုပေမယ့် မာလကိစ္စကရှိနေသေးတော့ တအုံတနွေးနွေးနဲ့ပါပဲ၊ တကယ်လို့ သူပြန်လိုက်သွားမယ်ဆိုရင်တော့ အခက်ပါပဲ၊ ဒီတော့ တစ်ရက်လောက် တော့နေပေးကြပါဦးဗျာ"

ဟု တောင်းပန်လေသည်။

ဦးကျော်ခေါင်အဖြစ်မှာ သားနှင့်မိန်းမကြားမှာ ဗျာများနေရာ သနားစရာအဖြစ်မျိုး ကြုံနေရဟန်ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း နောက်တစ်ရက်ထပ်နေရလည်း သိပ်ထူးတော့မည် မဟုတ်သဖြင့် ဘာမှ ထွေထွေထူးထူး မပြောတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com


"ဒါထက် သူတို့နဲ့ပါလာတဲ့ ခြင်းတောင်းကြီးနဲ့ယူလာတာ ဘာများလဲဗျ."

"ရှားပါးတဲ့ ပန်းတစ်မျိုးပဲဗျ၊ လိပ်ပြာဝိညာဉ်ပန်း လို့တော့ ပြောတာပဲ. ."

"အထူးအဆန်းပါလား. . အခု ဘယ်နေရာမှာ စိုက်ထားသလဲ"

"သီးသန့်ပန်းတွေ စိုက်တဲ့နေရာမှာ စိုက်ထားတယ်၊ မြင်ဖူးတယ်ရှိအောင် ခင်ဗျားတို့သွားကြည့်ပါလား"

ဟု ပြောသဖြင့် သုံးယောက်သား ဥယျာဉ်ခြံတွင်းသို့ ဆင်းခဲ့ကြလေသည်။

သီးခြားထားသောပန်းပင်များကို စောင့်ရှောက်နေသော အလုပ်သမားမှာ ထွန်းခဆိုသူဖြစ်သည်။

ကျွန်ုပ်တို့ရောက်သွားတော့ ထွန်းခမှာ ဆေးပတ်လိပ်တစ်လိပ်ကို မီးညှိဖွာရင်း မှိန်းနေလေသည်။

ဒေါက်တာမင်းထင်ကျော်က ပုတ်နှိုးလိုက်တော့မှ. . လန့်နိုးလာဟန်ရှိသည်။

"အတော်ဇိမ်ကျနေပါလား"

"စောစောက ပန်းပင်လာစိုက်ရင်းနဲ့. . ရှမ်းပြည်ကလာတဲ့ ဟိုဧည့်သည်အဘိုးကြီးပေးထားခဲ့တဲ့ ဆေးပတ်လိပ်ကိုသောက်ကြည့်တာ အရသာတစ်မျိုးပဲဗျ. ."



ဒေါက်တာမင်းထင်ကျော်က ဆေးလိပ်မီးခိုးငွေ့နံ့ ရကတည်းက ထိုဆေးပတ်လိပ်မှာ သာမန်မဟုတ်ဘဲ. , ဆေးခြောက်ရောထားသော ဆေးပတ်လိပ်ဖြစ်မှန်း ရိပ်မိလေသည်။

သို့သော် ဘာမှတော့မပြောပေ။

ထို့နောက် ထွန်းခကိုခေါ်ပြီး လိပ်ပြာဝိညာဉ်ပန်းပင် စိုက်ပျိုးထားသောနေရာသို့ လိုက်ပြခိုင်းရာ လိုက်ပြပေးသည်။ ထိုပန်းပင် စိုက်ပျိုးထားသောနေရာမှာ 'မရဏပန်းပင်' ရှိသောနေရာနှင့် မဝေးလှပေ။

ပန်းပင်မှာ လူရင်စို့ခန့်အမြင့်ရှိပြီး အရွက်ကကြီးသည်။ ရုတ်တရက်ကြည့်ပါက ခရမ်းပင်အရွက်နှင့်တူသည်။ အပင်မှာ ပန်းဖူးတစ်ဖူးရှိနေပြီး ပွင့်တော့မပွင့်သေးပေ။ ပန်းပွင့်အရောင်မှာ ခရမ်းရောင်နှင့်အနက်ရောင် ရောနေပြီး. . ပုံသဏ္ဌာန်မှာ သူယောင်ပန်းနှင့်တူသည်။ အနံ့က ညှီစို့စို့နှင့်ဖြစ်ပြီး အနီးကပ်ကြည့်သောအခါ သွေးညှီနံ့မျိုးရသည်။

ပန်းပွင့်အနီးသို့ကပ်ကြည့်သောအခါ တလှုပ်လှုပ်နှင့်ဖြစ်လာသောကြောင့် နောက်သို့ပြန်ဆုတ်လိုက်ရသည်။

အနည်းငယ်ဝေးသွားတော့ မူလအတိုင်း ပြန်ငြိမ်သွားသည်။

"လူအနံ့ရလို့ လှုပ်လာတာများလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူးဆရာရဲ့ . . . သွေးနံ့ရလို့ လှုပ်လာတာပါ၊ ဒီပန်းပင်က သွေးကြိုက်ပုံရတယ်၊ အပင်ရဲ့အနံ့က သွေးညှီနံ့ရတယ် . ."

"ဘာကြောင့်များ ဒီလိုပန်းပင်မျိုးယူလာတာလဲ မသိဘူး"

"ဦးကျော်ခေါင်က ထူးဆန်းတဲ့သစ်ပင်၊ ပန်းပင်တွေကို သဘောကျမှန်းသိလို့ ဟိုးရှမ်းပြည်ကတောင် တကူးတကသယ်ယူလာကြတာ ဖြစ်မှာပေါ့ . ."

ထိုသို့ပြောပြီး ပြန်ထွက်လာတော့ ထွန်းခမှာ တစ်နေရာတွင် ဆေးပတ်လိပ်တစ်လိပ်ဖြင့် မှိန်းနေသည်ကို တွေ့ကြရသည်။

"ဒီလူတော့ အကြိုက်တွေ့နေပြီ အလုပ်တောင်လုပ်ပါတော့မလား မသိဘူး"

ဟု ပြောကာ ထိုနေရာမှ ပြန်ထွက်လာခဲ့ကြသည်။

ညအချိန်ရောက်သောအခါ ထိုပန်းပင်များ စိုက်ပျိုးထားသောနေရာတစ်ဝိုက်သို့ အဝတ်မည်းကြီးခြုံထားသော သဏ္ဌာန်တစ်ယောက် ရောက်လာလေသည်။

ထိုအချိန်တွင် ခြံစောင့်ထွန်းခမှာ ဆေးပတ်လိပ်များသောက်ပြီး အိပ်ပျော်နေလေပြီ။

လူမည်းကြီးက ခြံအတွင်းသို့ဝင်သွားပြီး လိပ်ပြာ





ဖိညာဉ်ပန်းပင် ရှိရာသို့ သွားလေသည်။

ထိုနေရာသို့ရောက်သောအခါ အသင့်ယူလာသောသွေးများဖြင့် အပင်ပေါ်သို့ လောင်းချလိုက်သည်။

ထိုသို့လောင်းချလိုက်သည်နှင့် သစ်ပင်မှာအသက်ဝင်လာသကဲ့သို့ဖြစ်ကာ လှုပ်ရှားလာလေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ လူမည်းကြီးက ထိုနေရာမှ ပြန်ထွက်သွားလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ သတင်းဆိုးတစ်ခု ကြားရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ကို ဦးကျော်ခေါင်က လာပြောခြင်းဖြစ်သည်။

"မာလတစ်ယောက်တော့ သေရှာပြီဆရာရေ့ လာကြည့်ကြပါဦးဗျ . . ."

ထိုသို့ ငိုသံပါကြီးဖြင့် လာပြောသဖြင့် သုံးယောက်သား လိုက်သွားကြသည်။

မာလ အခန်းတံခါးမှာ ပွင့်နေပြီး အတွင်းမှာ လူအချို့ ရှိနေကြလေသည်။ ဒေါက်တာမင်းထင်ကျော် ဝင်လာတော့ ကျန်လူများက ဖယ်ပေးကြလေသည်။

ထိုအခန်းထဲတွင် နန်းမာလာ၏ညီမ နန်းသူဇာလည်း ရှိနေပြီး သူမက ဒေါက်တာမင်းထင်ကျော်ကို အလွ



www.burmeseclassic.com

www.burmeseclassic.com

ခတ်သလို ကြည့်နေသည်။ မာလ၏အလောင်းမှာ ကုတင်ပေါ်မှာပင် ရှိနေသေးသည်။

ကုတင်မှာ ပြတင်းပေါက်နံရံနံဘေးမှာ ကပ်ထားပြီး ပြတင်းပေါက်တံခါးတစ်ချပ်က ဟနေသည်။

အလောင်းက တစောင်းအနေအထားရှိနေပြီး ဇက်ကလည် ကျနေသည်။

ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်ချက်ရှိမရှိ ကြည့်တော့ မရှိပေ။

မျက်နှာကို ကြည့်တော့ ဆိုးဆိုးဝါးဝါး အခြေအနေမျိုး မရှိဘဲ အိပ်ပျော်နေသကဲ့သို့ပင်ရှိသည်။

မျက်နှာတစ်ခုလုံးမှာတော့ သွေးမရှိတော့သလို ဖြူဖပ်ဖြူလျော် ဖြစ်နေသည်။

လက်တစ်ဖက်က ဆုပ်ထားသဖြင့်. . အသာဖြည်ကြည့်ရာ အရာဝတ္ထုတစ်ခုကို တွေ့ရသည်။

အခြားမဟုတ်ပေ. . .။

အဆိပ်ရှိသော မီဂျီကို၏ အစွယ်တစ်ချောင်းပင် ဖြစ်သည်။ ထိုအခါမှ မျက်နှာတစ်ဝိုက်သို့ ကြည့်သောအခါ လည်ပင်းတစ်နေရာမှာ အပေါက်နှစ်ပေါက်တွေ့ရသည်။

ထိုနေရာ တစ်ဝိုက်မှာလည်း သွေးစများတွေ့ရပြီး ညိုမည်းနေသည်။





"မီဂျီကိုအစွယ်နဲ့ သူဖောသာထိုးမိတာလား"

"မဟုတ်ဘူးဆရာ သူလည်ပင်းမှာ အစွယ်ရာတော့ မှန်တယ် ဒါပေမယ့် မီဂျီကိုအစွယ်ရာတော့ ဟုတ်ပုံမရဘူး၊ ဒီအစွယ်ရာက သွေးစုပ်ယူသွားတဲ့ အစွယ်နှစ်ချောင်းအရာမျိုးပဲ . . ."

ထိုစကားကြောင့် အနီးမှာရှိနေသူများမှာ မျက်လုံးပြူးသွား ကြသည်။

အချို့လည်း ထိတ်လန့်ကြောက်ရွံ့သွားကြသည်။

"သူကို ဘယ်သူသတ်သွားတာလဲ"

"သွေးစုပ်သတ္တဝါမျိုးဖြစ်မှာပေါ့"

"သွေးစုပ်ဖုတ်ကောင်တွေများ တကယ်ရောက်လာကြပြီလား. . ."

"ဒါလည်း အသေအချာတော့ မပြောနိုင်သေးဘူး၊ မနက်က သူ့အခြေအနေကို ဘယ်သူအရင်ဆုံး တွေ့တာလဲ"

ထိုအခါ ဦးကျော်ခေါင်က ဝင်ပြောသည်။

"ကျုပ်တွေ့တာပါပဲဗျာ၊ မနက်က သူ့အခန်းက အသံမကြားရတာနဲ့ တံခါးကို အတင်းဖွင့်ပြီး ဝင်သွားတော့ အခုလို တွေ့ရတာပါပဲ"

ဒေါက်တာမင်းထင်ကျော်က ထိုအနီးနားပတ်ဝန်းကျင်သို့ လိုက်လံကြည့်ရှုသည်။


www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြားမတွေ့ရပေ။

ထို့နောက် အခြားသူများကို အခန်းအပြင်သို့ ထွက်စေပြီး အခန်းတွင်းမှ သေသေချာချာလိုက်ကြည့်ရာ ဟနေသော ပြတင်းပေါက်နေရာ ရောက်သောအခါ ထူးခြားမှုတစ်ခု တွေ့ရလေသည်။

အခြားမဟုတ်ပေ။

ပြတင်းပေါက်တံခါးပေါင်ပေါ်မှာ သွေးစက်များကို တွေ့မြင် ရခြင်းပင်ဖြစ်၏။

သွေးစက်များမှာ ပြတင်းပေါက်တစ်ဝိုက်တွင်သာ ရှိနေပြီး နေရာအနှံ့ စွန်းပေနေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုသွေးစက်များကို လက်ဖြင့် စမ်းကြည့်သောအခါ သိပ်မကြာသေးခင်ကမှ ရှိနေဟန်ဖြင့် စိုစွတ်နေဆဲပင်ရှိနေသေး၏။

အတွင်းမှ ကြည့်ရတာ သိပ်မသေချာသဖြင့် အပြင်ဘက်မှ ထွက်ကြည့်သောအခါ ပိုပြီးမြင်ရသည်။

မြင်နေရသော သွေးစက်များက ပြတင်းပေါက်အပြင်ဘက်မှ ပိုများလေသည်။

ပထမတော့ မာလကိုသတ်သွားသော တရားခံဆီမှ ကျခဲ့သော သွေးစက်များလားဟု ထင်မိသော်လည်း အသေအချာကြည့်တော့မှ မဖြစ်နိုင်မှန်းသိရသည်။





သွေးများက ပြတင်းပေါက်နံရံမှ စီးကျနေရာ တစ်စုံတစ်ယောက်က လာပက်ထားသကဲ့သို့ရှိသည်။

ဦးကျော်ခေါင် ပြောပြချက်အရ သူဝင်သွားစဉ်က မာလနေသော အခန်းတံခါးမှာ အတွင်းမှ ဂျက်ထိုးပိတ်ထားသည်ဟု ပြောသည်။

သို့ဆိုလျှင် သူမသေခင်ကတည်းက တံခါးပိတ်ထားဟန် ရှိလေသည်။

ထိုအခန်းမှာ ဝင်ပေါက်တံခါးနှင့် ပြတင်းပေါက်တစ်ပေါက်သာရှိသဖြင့် ဝင်ပေါက်တံခါးပိတ်ထားသည် ဆိုပါက ပြတင်းပေါက်တံခါးသာ ကျန်တော့သည်။

ပြတင်းပေါက်တံခါးမှာလည်း သံလုံးများစိုက်ထားသဖြင့် လူဝင်ရန်မလွယ်ပေ။

တစ်ခုတော့ရှိသည်။

သူအိပ်သောကုတင်က ပြတင်းပေါက်နားမှာ ကပ်ထားသဖြင့် တံခါးဖွင့်ထားခိုက်မှာ အပြင်ဘက်မှ တစ်စုံတစ်ခုဖြင့် ထိုးသတ်လျှင်လည်း ရနိုင်လောက်သည်။

မာလမှာ ဒုက္ခိတတစ်ယောက်ဖြစ်သောကြောင့် လျှင်လျှင်မြန်မြန် မလှုပ်ရှားနိုင်ရှာပေ။

ထိုအခွင့်ကောင်းယူ၍ ကြံစည်ချင်လည်း ကြံစည်နိုင်သည်။ သတ်ချင်လည်း သတ်နိုင်သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုပါက လူသတ်တရားခံက ဘယ်သူဖြစ်မလဲ။

ပြတင်းပေါက်နားက သွေးစက်တွေကရော ဘယ်က ရောက်လာလေသလဲ. . . ။

ဒေါက်တာမင်းထင်ကျော် အတွေးထဲမှာပင် ပဟေဠိ များစွာ ဝင်နေတော့သည်။







# အခန်း(၈)

# အမှောင်ရိပ်ထဲမှ သွေးစုတ်ဖုတ်ကောင်

ကျွန်ုပ်တို့သုံးယောက်အဖြစ်ကတော့ ဆွမ်းခံရင်းငှက် ...င့်အဖြစ်မျိုးနှင့် ကပ်ကြုံရသောကြောင့်. . ရန်ကုန်ပြန်မည့် ...ိအစဉ်ကိုပါ ထပ်ရွှေ့ရပြန်လေသည်။

ဦးကျော်ခေါင်အဖြစ်ကလည်း အတော်ကလေးဆိုး ...ည်။

ပြဿနာတစ်ခု အေးသွားမည်ရှိသေးသည် နောက် ...ပ်အပူတစ်ခုက ထပ်ဝင်လာပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်ကြိမ်က ပိုဆိုးလေသည်။

မိတဆိုးဘဝဖြင့်နေရသော သားဖြစ်သူ သေရသေ

ကြောင့် ယူကြုံးမရဖြစ်နေတော့သည်။

"ကျုပ်ရဲ့သားလေးက ကံဆိုးရှာတယ်ဗျာ. . မွေးလ
ကတည်းက ရောဂါနှိပ်စက်လို့ ဒုက္ခိတဘဝ ရောက်ရတယ
ငယ်ငယ်ကတည်းက အမေသေသွားတော့ အမေနဲ့ မနေ
ဘူး၊ အဖေရှိပြန်တော့လည်း တစ်ခါမှ သူ့အတွက် အချိန်
ပေးနိုင်လို့ ပြန်မကြည့်ဖြစ်ပါဘူး၊ အခုတော့ သေသွားရှာပြီ
ဗျာ. . ."

ဟု ယူကြုံးမရဖြစ်နေသော အသံမျိုးဖြင့် ရေရွ
ပြောဆို နေလေသည်။

ကျွန်ုပ်တို့လည်း တတ်နိုင်သမျှလောက်သာ ဖြော
ဖျပြော ဆိုနိုင်ကြလေသည်။

ထိုရက်များမှာတော့ အသုဘကိစ္စအတွက်ကြော
မအားလပ်အောင် ရှိနေကြသည်။

သာမန်သေဆုံးခြင်းမဟုတ်သဖြင့် မော်ဘီဂါတ်တဲ
အကြောင်းကြားသောအခါ အမှုလိုက် ရာဇဝတ်အုပ် တ
ယောက်နှင့် ပုလိပ်အချို့ရောက်လာပြီး လာရောက်ကြည့်
ကြသည်။

ရာဇဝတ်အုပ်က ဒေါက်တာမင်းထင်ကျော်ကို သိ





ဖြင့် လာရောက်နှုတ်ဆက်လေသည်။

"ဆရာတို့တောင် ရောက်နှင့်နေကြပါလား. . တယ်
ည်း ဝီရိယကောင်းကြပါလား. . ."

သူက အမှုဖြစ်မှ ရောက်လာကြခြင်းဖြစ်သည် ထင်
ဖြင့် ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့က အမှုဖြစ်မှ ရောက်တာမဟုတ်
ဘူး၊ အဲဒီမတိုင်ခင်ကတည်းက ဒီကိုရောက်နေကြတာပါ၊
ခွမ်းခံရင်းဌက်သင့်တယ်လို့ ဆိုရမှာပါပဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရောက်နေတော့ ပိုပြီး အ
ဆင်ပြေတာပေါ့ သတင်းထူးတာနဲ့ ကျွန်တော်ကိုလည်း ပြော
ဦး. . . ဆရာ့ကို အမှီပြုပြီး ရာထူးလေးဘာလေး တက်ရ
အောင်လို့ပါ. . ."

ဟုပြောပြီး အလောင်းနှင့်ပတ်သက်သော အချက်
အလက်များကို သာမန်မျှသာ ရေးမှတ်ပြီး ပြန်သွားကြလေ
တော့သည်။

"အတော့်ကို အလုပ်ကြိုးစားကြတာပဲ ဒါနဲ့တောင်မှ
ရာထူးတက်ချင်သေးတယ်"

"အကြောင်းကြားတဲ့သူရှိလို့ မလွဲသာတာနဲ့ ဝတ်
ကျေတမ်းကျေ လာကြည့်ကြတာပါ၊ ပိုက်ဆံမရတဲ့အလုပ်ဆို
ရင် သိပ်ပြီးစိတ်မဝင်စားကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်က စီးကရက်တစ်လိပ်
ဖွာရင်း ပြောလိုက်လေသည်။

"ဒါထက် မောင်ထင်ကျော်ရေ. . . ကျုပ်တို့လည်
ဆွမ်းခံရင်းငှက်သင့်ဆိုသလို ဖြစ်နေပြန်ပြီ. . တစ်မှုပြီးမယ်
မကြံသေးဘူး နောက်အမှုက ထပ်ပေါ်နေပြန်ပြီ. . ."

"ဒါကတော့ ကူညီထိုက်လို့ အကူအညီပေးရတယ်
လို့ပဲ သဘောထားလိုက်ပေါ့ စာရေးဆရာရယ်"

ဦးဇန်ကောင်းက ဝင်ပြောသဖြင့် ကျွန်ုပ်လည်း ထို
ကြောင်းကို မဆက်တော့ဘဲ သိလိုသောအကြောင်းကိုသ
မေးလိုက်သည်။

"ဒါထက်. . မာလသေရတဲ့ကိစ္စမှာ မောင်ထင်ကျော်
ဘယ်လိုကောက်ချက်ချသလဲ၊ သွေးရိုးသားရိုးကိစ္စရော ဖြစ်
နိုင်ပါ့မလား"

"ကျွန်တော့်အထင် ပြောရရင်တော့ တစ်စုံတစ်ခု
ပယောဂကြောင့် သေရတယ်ထင်တာပဲ"

"ဘယ်သူ့လက်ချက်ဖြစ်မလဲ၊ သာမန်ကြည့်မယ်ဆို
ရင်တော့ ဟိုဧည့်သည်သုံးယောက် ရောက်လာတာနဲ့ မာလ
လည်းသေရတာဆိုတော့ သူတို့ပယောဂရော ကင်းရဲ့လား"

"ယေဘုယျတွေးမယ်ဆိုရင်တော့ ဒီလိုပဲတွေးရမှာ
ပါပဲ. . သူတို့ရောက်လာတာကလည်း နန်းမာလာမှာတာနဲ့





မကျေမနပ်နဲ့ ရောက်လာကြတာအပြင် မာလကြောင့် ဒီလို
အဖြစ်တွေ ဖြစ်ရတယ်ဆိုပြီး ရန်ငြိုးဖွဲ့မယ်ဆိုရင် ဖွဲ့လောက်
စရာပါပဲ ဒါပေမယ့်. . ."

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးက
ရက်ကို လက်စသပ်လိုက်လေသည်။

"ဆက်ပြောပါဦးမောင်ထင်ကျော်ရဲ့"

"တံခါးအလုံပိတ်ထားတဲ့ အခန်းထဲကို ဘယ်လိုဝင်
မလဲ"

"ပြတင်းတံခါးက သတ်ရင်ကော မရဘူးလား"

"ထင်သလောက်မလွယ်ဘူး၊ လည်ပင်းမှာ အစွယ်
ရာလိုမျိုး တွေ့တာဆိုတော့ သတ္တဝါတစ်ကောင်လက်ချက်များ
ဖြစ်မလားလို့ စဉ်းစားကြည့်နေတာ. . ."

ထိုစကားကြားသောအခါ ကျွန်ုပ်က တစ်စုံတစ်ခုကို
တွေးမိသဖြင့်. . .

"ဒီအတိုင်းသာမှန်ရင်တော့ မြွေနဲ့တိုက်သတ်တာပဲ
ဖြစ်ရမယ်၊ မြွေက သာမန်အပေါက်ကလေးရှိရုံနဲ့ ဝင်နိုင်ထွက်
နိုင်ပါတယ်"

"ဆရာပြောတာ အများကြီးဖြစ်နိုင်ပါတယ်၊ ဒါပေ
မယ့် ဒဏ်ရာကိုကြည့်တော့ မြွေအစွယ်ရာမဟုတ်ဘူး၊ မြွေ
ကိုက်ခံရရင် အစွယ်ထိထားတဲ့နေရာက အညိုအမည်း စွဲနေ


www.burmeseclassic.com

www.burmeseclassic.com

တတ်တယ်၊ အခု အဲသည်လိုမဟုတ်ဘူး"

"ဒါဖြင့်. . အစွယ်နဲ့ဖောက်ပြီး သွေးစုပ်ယူသွားတာလား"

"ဟုတ်တယ်. . ."

"ဒါဖြင့် သွေးစုပ်ဖုတ်ကောင်ဖြစ်မှာပေါ့. . ဒါဖြင့် အခုရောက်လာတဲ့ ဧည့်သည်သုံးယောက်ထဲမှာ တစ်ယောက်ယောက်က သွေးစုပ်ဖုတ်ကောင် ဖြစ်နေရော့သလား"

ထိုအဖြေကား မရေရာသော်လည်း မဖြစ်နိုင်ဟုတော့ အတပ်ပြော၍မရပေ။

ထို့နောက်မှာတော့ စကားဝိုင်းပြီး ဒေါက်တာမင်းထင်ကျော်က အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

ခြံဝန်းတစ်နေရာ ရောက်သောအခါ သစ်ပင်ကွယ်တစ်နေရာမှ လူတစ်ယောက်ထွက်လာသည်။

ဦးနေဒွန်းဆိုသူဖြစ်ပြီး သူ့လက်မှာ သွေးများစွန်းပေနေလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့ကိုကြည့်နေသောအခါ ဘာမှမပြောဘဲ အိမ်အနောက်ဘက်သို့ ခတ်သုတ်သုတ်ဝင်သွားလေသည်။

ထိုအခိုက်မှာပင် နောက်ဘက်မှ ခြေသံလိုလို ကြားရသဖြင့် ဖျပ်ခနဲ လှည့်ကြည့်လိုက်သောအခါ သူ့အနောက်





တွင် ရပ်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

အမျိုးသမီးက သူလှည့်ကြည့်တော့မှ ရှေ့သို့တိုးလာသည်။

"ရှင်က ဒီမှာရောက်နေတဲ့ ဧည့်သည်မဟုတ်လား"

"ဟုတ်ပါတယ်. . . ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်. . ."

"ကျွန်မက ရှင့်ကိုစုံထောက်တစ်ယောက်လို့ ထင်နေတာ မဟုတ်ဘဲကိုး. . . ရှင်က ဆရာဝန်တစ်ယောက်လား"

"ဆရာဝန်လည်း မဟုတ်ပါဘူး"

"ကျွန်မနာမည် နန်းသူဇာလို့ခေါ်ပါတယ်၊ ကျွန်မက မမ နန်းမာလာရဲ့ ညီမပါ. . ."

"အခုလို မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကျွန်မလည်း ဒေါက်တာတို့နဲ့ အသိအကျွမ်းဖြစ်ရတာ ဝမ်းသာပါတယ်၊ ဒါထက် ဒီဥယျာဉ်ခြံကြီးက အကျယ်ကြီးပဲနော်"

"သစ်ပင်တွေပန်းပင်တွေ စုဆောင်းစိုက်ပျိုးရတာ ဝါသနာပါတော့ အခုလို စုဆောင်းစိုက်ပျိုးထားတာပါ"

"ကျွန်မလည်း အခုလို ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားတယ်. . ဒေါက်တာအချိန်ရရင် ကျွန်မကို လိုက်ပြပေး


www.burmeseclassic.com

www.burmeseclassic.com

ပါလားဟင်"

ထိုသို့ပြောသဖြင့်. . ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်ပြီး ထူးဆန်းသောပန်းပင်များ စိုက်ပျိုးထားသောနေရာဘက်သို့ ခေါ်လာလေသည်။

ထိုနေရာရောက်တော့ ထွန်းခမှာ သစ်ပင်တစ်ပင်ကို မှီကာ အိပ်ပျော်နေသည်ကို လှမ်းမြင်ရသည်။

နှစ်ယောက်သား ခြံဝန်းအတွင်းသို့ဝင်လာပြီး သီးခြားစိုက်ပျိုးထားသော ပန်းပင်များကို လိုက်လံကြည့်ရှုကြလေသည်။

"ဒါထက် နန်းသူဇာတို့က ဘယ်တော့လောက်ပြန်ကြမှာလဲ"

"အသေအချာတော့ မသိသေးဘူး၊ မမနဲ့တိုင်ပင်ရဦးမယ်"

"နန်းမာလာပါ တစ်ပါတည်းပြန်ခေါ်သွားမှာလား"

"ဒါကတော့ သူ့သဘောပါပဲ. . အစကတော့ ဒီမှာမနေချင်လို့ စာရေးမှာတာပဲ၊ အခု သူတို့ချင်း အဆင်ပြေသွားပြီဆိုတော့ ဘယ်လိုစီစဉ်ဦးမယ် မသိရသေးပါဘူး"

"အိမ်ထောင်သည်ဘဝမှာ ဒီလိုပါပဲ အဆင်မပြေတော့လည်း စိတ်ဆိုးလိုက်ကြ စိတ်ကောက်လိုက်နဲ့ အဆင်ပြေတော့လည်း အတူတူပြန်ဖြစ်ကြနဲ့ပေါ့ ပျော်စရာတော့





ကောင်းမှာပါ"

"ဒေါက်တာရော အဲဒီလိုအတွေ့အကြုံမျိုးတွေ ခံစားဖူးသလား. ."

နန်းသူဇာက သွယ်ဝိုက်၍ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်က အခုထိတစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ်နေသေးတာဆိုတော့ ဒီလိုခံစားမှုတွေတော့ မတွေ့ဖူး မကြုံဖူးသေးပါဘူး. . ."

ထိုစကားကြောင့် နန်းသူဇာက မသိမသာပြုံးလိုက်လေသည်။

"ဒီအချိန်အရွယ်ထိ ဒီလိုနေတာတော့ ချီးကျူးရမှာပဲ"

"ကျွန်တော်တို့ချင်းက အခုမှတွေ့ကြတာဆိုတော့ ချီးကျူးတာ သိပ်မစောပါနဲ့ဦး၊ တော်ကြာ အကြိုက်တွေ့တာနဲ့ကြုံရင် ချက်ခြင်းဆုံးဖြတ်ချက်ပြောင်းသွားမှ ခက်နေပါဦးမယ်"

ဟု ပြောလိုက်ရာ နန်းသူဇာက သွားကလေးများပေါ်လာသည်အထိ ပြုံးလိုက်လေသည်။

နှစ်ယောက်သား စကားတပြောပြောနှင့် ပန်းခြံအတွင်းသို့ လှည့်ကြည့်ကြရာ သူတို့မမြင်ဖူးမတွေ့ဖူးသေးသော ပန်းများကို တွေ့ကြရသည်။

တစ်နေရာရောက်သောအခါ မကြာသေးခင်အခါမှ



www.burmeseclassic.com

www.burmeseclassic.com

စိုက်ထားသော ပန်းပင်ရှိရာသို့ ရောက်လာသည်။

ထိုအပင်မှာ နန်းသူဇာတို့ ယူလာသောပန်းပင်ဖြစ်၏။ ထိုပန်းပင်နားရောက်သောအခါ ဒေါက်တာမင်းထင်ကျော်မှာ တစ်စုံတစ်ခုကို သတိပြုမိလိုက်သည်။

တစ်နေ့က တွေ့ခဲ့ရသောပန်းဖူးမှာ ဘယ်အချိန်က ပွင့်ပြီး ကြွေကျနေသည်မသိပေ. .၊ အပင်အောက်သို့ ရောက်နေသည်။

အပင်ပေါ်မှာတော့ မပွင့်ရသေးသော နောက်ထပ် ပန်းဖူးတစ်ခု ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က ကြွေကျနေသော ပန်းပွင့်ကို ကောက်ယူရန် ဟန်ပြင်လိုက်သည်နှင့် နောက်မှ နန်းသူဇာက လှမ်းပြောလိုက်သည်။

"အဲဒီပန်းပွင့်ကိုမထိနဲ့ ဒေါက်တာ. .၊ အန္တရာယ်ရှိတယ်"

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က တန့်သွားသည်။

"ဘယ်လိုအန္တရာယ်မျိုးလဲ. ."

"အပွင့်မှာဆူးချွန်တွေရှိတယ်. .၊ အဲဒီဆူးချွန်လေးတွေမှာလည်းအဆိပ်ရှိတယ်၊ ဆူးချွန်နဲ့ခြစ်မိရင် အန္တရာယ်ရှိတယ်. ."





ဟု တားသဖြင့် ဒေါက်တာမင်းထင်ကျော်က မယူတော့ပေ။

"ဒီပန်းပင်က နန်းသူဇာတို့ပါလာတဲ့ ပန်းပင်မဟုတ်လား. ."

"ဟုတ်ပါတယ်. ."

"နာမည်ဘယ်လိုခေါ်သလဲ. ."

"တခြားနာမည်တွေတော့ ရှိမယ်ထင်တယ်. . ကျွန်မတို့ကတော့ လိပ်ပြာဝိညာဉ်ပန်းလို့ ခေါ်တယ်. ."

ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို ဆက်မမေးတော့ဘဲ ကြွေကျနေသောပန်းပွင့်ကို အသေအချာကြည့်သည်။

မြေပေါ်မှာပြုတ်ကျနေသော ပန်းပွင့်အရောင်က သွေးပုပ်ရောင်ကဲ့သို့ရှိပြီး လင်းနို့အသေကောင်နှင့် တူလှပေသည်။

သူသည် နံဘေးနားမှာ နန်းသူဇာရှိနေသောကြောင့် အသေအချာမကြည့်တော့ဘဲ ထိုနေရာမှ ပြန်ထွက်ခဲ့လေသည်။

ထိုနေ့ ညအချိန်ရောက်သောအခါ သေနတ်ကိုပါ ယူဆောင်ပြီး အခြားသူများကိုပင် အသိမပေးတော့ဘဲ ဥယျာဉ်ခြံအတွင်းသို့ တစ်ကြော့ပြန်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ ညဥ့်နက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် အမှောင်ထုများက ဖုံးလွှမ်းလျက်ရှိသည်။

ဥယျာဉ်ခြံကြီးအတွင်းမှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှ တစ်စုံတစ်ခုကို မတင်မကျနှင့်ရှိနေသောကြောင့် ထိုအချိန်မျိုးရောက်မှ တစ်ယောက်တည်း ထွက်လာခြင်းဖြစ်သည်။

သူ့မှာသေနတ်တစ်လက်နှင့် လက်နှိပ်မီးအသေးတစ်လက်ပါလာသည်။

အညိုရောင်ဘောင်းဘီနှင့် လောင်းကွတ်အင်္ကျီရှည်ကို ဝတ်ထားသောကြောင့် အမှောင်ရိပ်ထဲမှာ ကိုယ်ရောင်ပျောက်နေသကဲ့ သို့ရှိလေသည်။

သူသည် လိပ်ပြာဝိညာဉ်ပန်း စိုက်ပျိုးထားသော နေရာဘက်သို့ လာလေသည်။

တစ်နေရာရောက်တော့ အမှောင်ရိပ်အတွင်းမှ လှုပ်ရှားလာသောအသံအချို့ကို ကြားရသဖြင့် သစ်ပင်တစ်ပင်နံဘေးသို့ကပ်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ အတန်ကြာတော့ အသံကြားရသောဘက်မှ သဏ္ဌာန်တစ်ခု ထွက်လာလေသည်။

"ဟင်. ."





ထိုသဏ္ဌာန်မှာ လူအရိုးစုနှင့်ပုံသဏ္ဌာန်တူပြီး မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ တစ်စုံတစ်ခုကို လိုက်လံရှာဖွေနေဟန်တူသည်။

ခြေတံလက်တံများမှာ အရိုးပျိုင်းပျိုင်းကျနေသောသစ်ခြောက်ပင်နှင့်တူလှပြီး ထူးထူးခြားခြား မျက်လုံးနှစ်လုံးကတော့ နီရဲနေသည်။

တစ်ကယ်တော့ သူနှင့်မဝေးလှသော နေရာမှာ ရောက်နေသည်မှာ သွေးဆာနေသော မကောင်းဆိုးဝါးတစ်ကောင်ပင်ဖြစ်သည်။

ခဏကြာတော့ ထိုနေရာမှ အမှောင်ရိပ်ထဲသို့ ပြန်ဝင်သွားတော့သည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုအခါမှ သက်ပြင်းချနိုင်ပြီး အတန်ကြာအောင် အခြေအနေစောင့်ကြည့်ပြီး မထူးတော့မှ လိပ်ပြာဝိညာဉ်ပန်း စိုက်ပျိုးထားသောနေရာဘက်သို့ ထွက်လာခဲ့သည်။

ထိုသို့ထွက်လာတော့မှ သူ့နောက်မှလိုက်လာသောခြေသံလိုလို ထပ်ကြားရသည်။

သို့သော်လည်း ရှေ့သို့ဆက်သွားလေသည်။

ပန်းပင်ရှိသောနေရာရောက်တော့ ထိုနေရာမှာ သူ့အလျင် ရောက်နေသူတစ်ယောက် ရောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူမှာ အဝတ်နက်ကြီးခြုံထားပြီး လက်ထဲမှာ တစ်စုံတစ်ခုကို ကိုင်ထားသည်။

မရှေးမနှောင်းမှာပင် သူ့နောက်မှလိုက်လာသော ခြေသံကလည်း အနားရောက်လာချေပြီ။ ဒေါက်တာမင်းထင်ကျော်က ရှေ့မှရှိနေသော သင်္ချိုင်းဆီသို့ ပြေးသွားပြီး သူကိုင်ထားသော ရေတကောင်းကို ဆွဲယူပြီး အောက်သို့ချလိုက်သည်။

ပြီးမှ သူ့လက်ကိုဆွဲပြီး ဝေးရာသို့ခေါ်သွားပြီး ခြုံကွယ်တစ်နေရာသို့ ရောက်သောအခါ အပေါ်မှ ဖိပြီးချုပ်ထားလိုက်သည်။

"ရှင်ဘယ်သူလဲ. . . ဒီလောက်ဖိထားမှတော့ ဒီမှာ အသက်ရှုလို့ မရတော့ဘူး. ."

အသံကြားရတော့ များစွာအံ့သြသွားသည်။

သူဖိထားသောသူမှာ အမျိုးသမီးတစ်ယောက်မှန်း သိရသဖြင့် လျော့ပေးလိုက်သည်။

ဒါကပင် သူ့အမှားဖြစ်သည်။

အောက်မှာရောက်နေသူက လက်လှုပ်ခွင့်ရသည်နှင့် အသင့်ပါလာသောဓါးမြှောင်ဖြင့် ထိုးလိုက်ရာ လက်တစ်ဖက်ကို ထိုးမိသွားသည်။

ထိုဓါးကိုလုယူလိုက်ပြီး အသံမထွက်စေရန် သတိပေး





လိုက်ရသည်။

"အသံမထွက်နဲ့ ဟိုမှာမြင်ရဲ့လား. . ."

ထိုအခါမှ ငြိမ်ကျသွားပြီး ကြည့်လိုက်တော့ စောစောက ထိုအမျိုးသမီးရပ်နေသော နေရာသို့ မည်းမည်းသဏ္ဌာန်ကြီး ရောက်လာသည်။

မကောင်းဆိုးဝါးကြီးက ဟိုဟိုဒီဒီကြည့်ပြီး စောစောကချထားသော ရေတကောင်းကို ကောက်ယူကာ. . မော့သောက်နေသည်ကို အတိုင်းသားမြင်နေရသည်။

ထိုအခြေအနေကိုမြင်တော့ အမျိုးသမီးမှာ အသံထွက်ဝံ့တော့ပေ။ မကောင်းဆိုးဝါးကြီးက ရေတကောင်းထဲမှရှိသော အရည်အားလုံးကို မော့သောက်လိုက်ပြီး ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသောဘက်သို့ လှမ်းကြည့်သည်။

ဒေါက်တာမင်းထင်ကျော်က ဓါးဒဏ်ရာကြောင့် သွေးထွက်နေသောနေရာကို အဝတ်ဖြင့် အုပ်ပြီးဖိထားရသည်။

မကောင်းဆိုးဝါးကြီးက သူတို့ရှိရာဘက်သို့ အတန်ကြာအောင်ကြည့်နေပြီးမှ အမှောင်ရိပ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ မိမိဖိချုပ်ထားသော အမျိုးသမီးကို လွှတ်ပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"တော်သေးတာပေါ့၊ ဟို. . မကောင်းဆိုးဝါးလက်ချက်နဲ့ မသေဘဲ သူဖိထားလို့ အသက်ရှူကြပ်ပြီး သေရတော့မယ်လို့ ထင်နေတာ. ."

ဟု မကျေမနပ်ပြောရင်း ထထိုင်သည်။

"တမင်လုပ်တာမဟုတ်ပါဘူး. . မင်း အန္တရာယ်နဲ့တွေ့မှာစိုးလို့ပါ. .၊ နန်းသူဇာ. . မဟုတ်လား"

"ဟုတ်ပါတယ်. ."

"ဟိုရေတကောင်းထဲမှာ သွေးတွေပါတယ်မဟုတ်လား၊ သွေးနံ့ရလို့ ဟိုမကောင်းဆိုးဝါးကြီးက အနောက်က လိုက်လာတာဖြစ်မယ်. .၊ ဘာကြောင့် ဒီလောက်အန္တရာယ်များတဲ့နေရာကို အချိန်မတော်ကြီး လာတာလဲ. ."

"ဒီပန်းပင်က ညတိုင်း သွေးလောင်းပေးရပါတယ်"

"နန်းသူဇာ. . ကျွန်တော်မေးတာကို အမှန်အတိုင်းပြောပြပါ. .၊ ဒီအပင်ကို သွေးလောင်းပေးတာ တစ်စုံတစ်ခု အကြောင်းရှိလို့ မဟုတ်လား. ."

ထိုသို့မေးသောအခါ ဘာမှပြန်မပြောပေ. . .၊

"ဒါထက်စောစောက မေ့ထိသွားတဲ့ဒဏ်ရာ အတော်များသလား. ."

ဒေါက်တာမင်းထင်ကျော်က ဘာမှပြန်မပြောဘဲ ဒဏ်ရာရှိသောနေရာကို သွေးတိတ်စေရန် အဝတ်စဖြင့် ပတ်





နေသည်။

"အခုလိုဖြစ်ရတာ ကျွန်မတောင်းပန်ပါတယ်. ."

"ရပါတယ်. . ခင်ဗျားကို ကိုယ်ထိလက်ရောက် စော်ကားမိသလို ဖြစ်သွားတဲ့အတွက်. . ကျွန်တော်ကတောင် တောင်းပန်ရဦးမှာပါ၊ ဒီဒဏ်ရာက ကျွန်တော့်ဘဝမှာ သတိရစရာတစ်ခု တိုးလာတော့ပေါ့"

ဟု ပြောပြီး နေရာမှထလိုက်သည်။

ထို့နောက် ပန်းပင်ရှိသောနေရာသို့ လျှောက်လာရာ နန်းသူဇာကပါ နောက်မှလိုက်လာလေသည်။

ပန်းပင်ရှိသောနေရာရောက်ပြီး ရေတကောင်းကို ကောက်ယူကြည့်သောအခါ. . အတွင်းမှာ ဘာမှမတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က ရေတကောင်းကို နန်းသူဇာ လက်သို့ ပြန်ပေးလိုက်သည်။

သူတို့နှစ်ယောက် ပန်းပင်နှင့်မနီးမဝေးမှာ ရပ်နေသောအခါ ပန်းပင်မှာ လေမတိုက်ဘဲတလှုပ်လှုပ်နှင့် ဖြစ်နေသည်။ ပွင့်ကာနီးအနေအထား ဖြစ်နေသည်။ ပန်းဖူးကလည်း သူယောင်ပန်း၊ သူယောင်သီးများကဲ့သို့ အသက်ဝင်လှုပ်ရှားလာသည်။

"ဒီနေရာမှာ ကြာကြာနေလို့မကောင်းဘူး. သွား



www.burmeseclassic.com

www.burmeseclassic.com



ကြစို့"

ဟုပြောပြီး နှစ်ယောက်သား ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာခဲ့ကြသည်။

ညဥ့်နက်ပိုင်းအချိန် ရောက်လာပြီမို့ ဥယျာဉ်ခြံကြီးအတွင်း၌မူ အမှောင်ရိပ်များက နေရာအနှံ့ ဖုံးလွှမ်းလျက် ရှိနေတော့သည်။







# အခန်း(၉)

# သွေးစုပ်ဖုတ်ကောင်အယူအဆများ

သွေးစုပ်ဖုတ်ကောင်နှင့်ဆက်နွယ်သည့် ဒဏ္ဍာရီများသည် ကမ္ဘာတလွှားရှိ ယဉ်ကျေးမှုတိုင်းတွင် လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာကတည်းက ရှိနေခဲ့သည်။

သွေးစုပ်ဖုတ်ကောင် အမျိုးအစားများသည်လည်း အဆုံးမသပ်နိုင်လောက်အောင် ရှိတတ်သည်။

ဥပမာအားဖြင့်. . .

တရုတ်ပြည်တွင်ရှိသော မျက်လုံးနီရဲရဲ၊ ဆံပင်ထိမ်း



www.burmeseclassic.com

www.burmeseclassic.com

စိမ်း(သို့မဟုတ်)ပန်းရောင်ဆံပင်ရှိသော အရုပ်ဆိုးဆိုးသတ္တဝါကြီးများ(Monsters)၊

ခန္ဓာကိုယ်၏အထက်ပိုင်းသည် အမျိုးသမီး၏ ခန္ဓာကိုယ်ဖြစ်ပြီး အောက်ပိုင်းခန္ဓာကိုယ်မှာ အတောင်ရှိသော မြွေကြီးဖြစ်နေသော ဂရိမှ လာမီယာသတ္တဝါကြီး (Lamia)၊ ဂျပန်နိုင်ငံမှ သွေးစုပ်ဖုတ်ကောင် မြေခွေးများ (Foxes)၊

ဦးခေါင်းနှင့်အတူ အူအသည်းများ ဒရွတ်တိုက်ပါသွားသည့် မလေးရှားနိုင်ငံမှ ပီနန်ဂါလန်ကောင်ကြီး (Penanggalang) စသည် တို့ဖြစ်သည်။

ယနေ့ခေတ်တွင် စာရေးသူ၊ စာဖတ်သူများနှင့် ရင်းနှီးကျွမ်းဝင်နေသည့် သွေးစုပ်ဖုတ်ကောင်များသည် ဗီဒီယိုများနှင့် ရုပ်ရှင်များတွင် မည်သို့ပင် ချဲ့ကားပြောင်းလဲဖော်ပြမှုများ ပြုစေကာမူ . . ဥရောပအရှေ့ပိုင်းနှင့် ဒဏ္ဍာရီများကို အများဆုံးအခြေပြု၍ လက်ခံယုံကြည်ကြသည်။

ဥရောပ၏ သွေးစုပ်ဖုတ်ကောင် ဒဏ္ဍာရီများသည် ဥရောပအရှေ့ဖျားတွင် အခြေတည်အရင်းခံ၍ ဖြစ်ပေါ်လာသည်။

တရုတ်၊ တိဘက်နှင့် အိန္ဒိယစသည့်နိုင်ငံများမှ ခရီးသွားကုန် သည်အုပ်စုများသည် မြေထဲပင်လယ်သို့ ကုန်ကူးသန်းရန်သွားသည့် လမ်းကြောင်းတစ်လျှောက်တွင် ပြောရင်း





ဆိုရင်းဖြင့် သွေးစုပ်ဖုတ်ကောင်ဒဏ္ဍာရီများသည် တစ်ဆင့်တစ်ဆင့် ပျံ့နှံ့လာသည်။

ကုန်သည်များထံမှ သွေးစုပ်ဖုတ်ကောင် ဒဏ္ဍာရီများသည် ပင်လယ်နက်ကမ်းခြေတစ်လျှောက် ပျံ့နှံ့သွားပြီး ဂရိ၊ ဘော်လ်ကန်၊ ကာပါသီယန်တောင်များ၊ ဟန်ဂေရီနှင့် ထရန်ဆာလ်ဗေးနီးယား ဒေသများအထိ တစ်ဆင့်တစ်ဆင့် ရောက်ရှိသွားသည်။

ယနေ့ခေတ်သစ်အယူအဆသည် "သွေးစုပ်ဖုတ်ကောင်" ဟူသောဝေါဟာရကို ဇာတ်လမ်းသဖွယ် စကားအဆက်အစပ်ဖြင့် အမျိုးမျိုးအဓိပ္ပါယ် ဖွင့်ဆိုထားကြသည်။

အများလက်ခံထားသည့် ဝေါဟာရဖွင့်ဆိုချက်များကို ဖော်ပြပါမည်။

သွေးစုပ်ဖုတ်ကောင်ဆိုသည်မှာ . .

- သွေးစုပ်ယူ၍သောက်သုံးခြင်း။
- သေဆုံးသွားပြီးမှ တစ်ကြော့ပြန်လာခြင်း။
- ညဘက်ရောက်မှ လူသားတို့ကို သားကောင်အဖြစ် ပြုကျင့်ခြင်း။

စသည့် ဖွင့်ဆိုချက်များသည် ဥရောပအရှေ့ဖျားမှ ဒဏ္ဍာရီများနှင့် သဘောသဘာဝချင်း ကိုက်ညီလေသည်။

ဗီဒီယိုများနှင့် ရုပ်ရှင်ဇာတ်လမ်းများတွင် ဖော်ပြထား


www.burmeseclassic.com

www.burmeseclassic.com

သဖြင့် စာရေးသူ၊ စာဖတ်သူများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး
သော ပုံသဏ္ဍာန်များလည်းရှိသည်။

သွေးစုပ်ဖုတ်ကောင်တို့မှာ -

- ညနေပိုင်းဝတ်သည့် ဝတ်ရုံပွပွကြီးများ ဝတ်ဆင်ထားခြင်း။
- နားပတ်ကော်လံရှည်ရှည်ချထားသည့် ဦးထုပ် ခေါင်းစွပ်များ ခေါင်းတွင်ဆောင်းထားခြင်း။
- လင်းနို့များအဖြစ်အသွင်ပြောင်းသွားခြင်း။

စသည်ဖြင့် ခေတ်နှင့်အမီ တည်ထွင်မှုများ ပြုထားေ
သည်။

ရှေးဟောင်းဒဏ္ဍာရီများတွင် ပါရှိသည့်အချက်မှာ
သက်ဆိုင်ရာသွေးစုပ်ဖုတ်ကောင်ဖြစ်လာမည့် သေဆုံးသွာ
သူ၏ အုတ်ဂူဘေးပတ်ဝန်းကျင်တွင် လူး၊ ဆပ်၊ နှံစားပြောင်
စသည်များ(သို့မဟုတ်)ဘိန်းစေ့များကို ချထားပေးခြင်းဖြ
သည်။

ထိုသို့ပြုလုပ်ဆောင်ရွက်ထားရှိခြင်းမှာ အဆိုပါဖုတ်
ကောင်သည် သူ့ဂူနားရှိ လူး၊ ဆတ်၊ နှံစားပြောင်းစေ့မျာ
(သို့မဟုတ်)ဘိန်းစေ့များကို တစ်ညလုံး ရေတွက်ကြည့်ရှုေ
ခြင်းဖြင့် လူ့ဘဝတွင်ရှိနေသည့် ဆွေမျိုးများနှင့်မိသားစုများက်
ညအခါတွင် သားကောင်အဖြစ် လာရောက်နှောင့်ယှက်ခြင်





မပြုရန် အကာအကွယ်လုပ်ထားခြင်း ဖြစ်သည်။

သို့သော် ခေတ်သစ်ရောက်လာသောအခါ ရုပ်ရှင်
ဇာတ်လမ်း၊ ဗီဒီယိုဇာတ်လမ်းများတွင် ဖော်ပြပါဆောင်ရွက်မှု
မျိုးကို မဖော်ပြတော့ပေ။

ဥရောပအရှေ့ဖျား နိုင်ငံများတွင် သွေးစုပ်ဖုတ်
ကောင်အမျိုးအစား များစွာရှိပေရာ အချို့ကို အကျဉ်းမျှ
ကောက်နှုတ်ဖော်ပြပါမည်။

## ဆလပ်ဗစ်သွေးစုပ်ဖုတ်ကောင်များ(Slavic Vampires)

ဆလပ်ဗစ်မျိုးနွယ်များသည် ဥရောပအရှေ့ဖျား
ဒေသများဖြစ်သော ရုရှားမှ ဘူလ်ဂေးရီးယားအထိ၊ ဆာဗီး
ယားမှ ပိုလန်အထိ တိုင်းနိုင်ငံဒေသများတွင် သွေးစုပ်ဖုတ်
ကောင်နှင့် သက်ဆိုင်သည့် ရိုးရာပုံပြင်များနှင့် ဆိုရိုးစကား
များ အကြွယ်ဝဆုံးဖြစ်သည်။

ဆလပ်ဗ်မျိုးနွယ်များသည် ပင်လယ်နက်(Black Sea)
၏ မြောက်ပိုင်းမှ ဆင်းသက်လာကြပြီး အာရေနီယန်စ်များနှင့်
နီးနီးစပ်စပ်ပေါင်းစည်းခဲ့မိကြသည်။

အေဒီ(၆)ရာစု မတိုင်မီက ထိုမျိုးနွယ်များသည်
မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို လှည့်လည်ပြော်း


www.burmeseclassic.com

www.burmeseclassic.com

ရွှေ့ခဲ့ကြရာမှ ယခု ၎င်းတို့အခြေချနေထိုင်မည့် နေရာသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ဆလပ်စ်မျိုးနွယ်များ သူတို့အခြေစိုက်မည့်နေရာ ဒေသသစ်များသို့ ရောက်ရှိလာလျှင်လာခြင်းမှာပင် ခရစ်ယာန်သာသနာပြုလုပ်ငန်းကို စတင်ခဲ့ကြသည်။

သို့သော် အေဒီ(၉)ရာစုနှင့် (၁၀)ရာစုနှစ်များတွင် အရှေ့ပိုင်းအော်သိုဒေါ့ခရစ်ယာန်ဘုရားရှိခိုးကျောင်း (Eastern Orthodox Church)နှင့် အနောက်ပိုင်း ရိုမန်ခရစ်ယာန် ဘုရားရှိခိုးကျောင်း(Western Roman Church)တို့သည် အသာစီးရရေးအတွက် အားပြိုင်ခဲ့ကြသည်။

သူသာငါနိုင် အားပြိုင်ကြသည့်အတွက် . အေဒီ (၁၀၅၄)တွင် (၂)မျိုးကွဲပြားသွားခဲ့သည်။

ဘူလ်ဂေးရီယန်များ၊ ရုရှားများနှင့် ဆားဗီးယန်များသည် အော်သိုဒေါ့ဘက်တွင် ရှိနေခဲ့ကြသည်။

ပိုလန်များ၊ ချက်များနှင့် ကလိုတီယန်များသည် ရိုမန်ဘက်သို့ ကူးပြောင်းသွားခဲ့ကြသည်။

ဖော်ပြခဲ့သည့်အတိုင်း နှစ်မျိုးကွဲပြားသွားသောအခါ သွေးစုပ်ဖုတ်ကောင်နှင့်ဆိုင်သော ရိုးရာပုံပြင်များနှင့် ဆိုရိုးစကားများတွင်လည်း ကွဲပြားမှုများ ပေါ်ပေါက်လာလေသည်။





ရိုမန်ခရစ်ယာန် ဘုရားရှိခိုးကျောင်းဘက်မှ လူများက မယိုမယွင်းမပျက်စီးသော ခန္ဓာကိုယ် ရုပ်အလောင်းများသည် သူတော်စင်များဖြစ်သည်ဟု ဆိုကြသည်။

အော်သိုဒေါ့ ဘုရားရှိခိုးကျောင်းဘက်မှ လူများက မယိုမယွင်းမပျက်စီးသော ခန္ဓာကိုယ်ရုပ်အလောင်းများသည် သွေးစုပ်ဖုတ်ကောင်များဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။

ဆလပ်ဗစ် သွေးစုပ်ဖုတ်ကောင်များ၏ မူလအစ အရင်းမြစ်သည် (၉)ရာစုတွင် ဖွံ့ဖြိုးတိုးတက်လာသည်။

သွေးစုပ်ဖုတ်ကောင်ကို ယုံကြည်မှုတွင် အကြောင်းရင်းခံအချက်များရှိသည်။

- ထိုသူသည် မွေးဖွားစဉ် ခေါင်းဖုံးကွန်ခြာ ဆောင်းလျက် မွေးဖွားလာခြင်း။
- မွေးစအရွယ်ကလေးတွင် သွားများပါရှိလာခြင်း။
- သာမန်ထုံးစံမွေးစကလေး၏ အရပ်ထက်ပို၍ မြင့်မားကာ သိသာအောင်အရပ်ရှည်နေခြင်း။
- မွေးစနေ့တွင် အထက်ပါအချက်များဖြင့် ထူးထူးခြားခြား မွေးဖွားလာသကဲ့သို့ သေသည့်အခါတွင် သာမန်ရိုးရိုး သေဆုံးခြင်း မဟုတ်ဘဲ ထူးထူးခြားခြားကိစ္စရပ်ကြောင့်သေဆုံးခြင်း။
- မိသားစု၊ လူ့အသိုင်းအဝိုင်းမှ စွန့်ပယ်လိုက်ခြင်း၊


www.burmeseclassic.com

www.burmeseclassic.com

- လုပ်ရိုးလုပ်စဉ်ဘာသာတရားအရ ဆောင်ရွက်ဖွယ်ကိစ္စ များမဆောင်ရွက်ဘဲ မြေမြှုပ်သင်္ဂြိုဟ်ခြင်း။

စသည့်အချက်များကြောင့် သေဆုံးသွားသူတစ်ဦးသည် သေဆုံးပြီးနောက်တွင် သွေးစုပ်ဖုတ်ကောင် ဖြစ်လာရသည်ဟု အချို့လူတို့က ယုံကြည်ကြသည်။

သို့ဖြစ်၍ ယုံကြည်သူတို့က သေဆုံးသူအား သွေးစုပ်ဖုတ်ကောင်မဖြစ်ရန် ထိုသူသေဆုံးပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

- သေသူကိုထည့်သည့်ခေါင်းထဲတွင် ခရစ်တော်ကို ကားတိုင်တင်ထားပုံ ထည့်ပေးလိုက်ခြင်း။
- သေသူ၏အလောင်းကို ပတ်လွှမ်းထားသည့် အဝတ်နှင့် သေသူ၏မေးစေ့ကြားတွင် ပိတ်ဆို့ခုခံထားခြင်းဖြင့် အဝတ်ကို ဝါးခြင်းမပြုနိုင်ရန် စီစဉ်ထားရှိခြင်း။
- သေသူသည် အဝတ်စများကို ကိုက်ဝါးခြင်း မပြုနိုင်ရန် အဝတ်စများကို ခေါင်းတလား၏ မျက်နှာပြင်များတွင် သံနှင့်ရိုက်၍ အခိုင်အခံ့ လုပ်ဆောင်ထားခြင်း။
- လူး၊ ဆတ်နှင့် နှံစားပြောင်းစေ့များ (သို့မဟုတ်)





ဘိန်းစေ့များကို သင်္ချိုင်းရှိထိုဂူပတ်ဝန်းကျင်တွင် ထားရှိပေးခြင်းဖြင့် သေဆုံးသွား၍ သွေးစုတ်ဖုတ်ကောင်ဖြစ်နေသူသည် ထိုအစေ့များကို ရေတွက်နေရခြင်းကို နှစ်သက်စွဲလမ်းနေစေနိုင်သည်။
- လူသေအလောင်းကောင်ကို ဆူးများ (သို့မဟုတ်) ငုတ်ချွန်များနှင့်စိုက်ထားခြင်းဖြင့် မထကြွနိုင်အောင် စီမံဆောင်ရွက်ထားခြင်း။

စသည်တို့ကို အစီအစဉ်တကျ ဆောင်ရွက်ထားခြင်းဖြင့် သေဆုံးသွားသူသည် သွေးစုပ်ဖုတ်ကောင်ဖြစ်သွားစေကာမူ လူများကို လာရောက်နှောင့်ယှက်ခြင်း မပြုနိုင်ဟု ယူဆကြသူများလည်း ရှိပေသည်။

သွေးစုပ်ဖုတ်ကောင်အဖြစ် ပြန်လည်ရှင်သန်နေသည်ဟု ယူဆရသော သေဆုံးသွားသူနှင့်ပတ်သက်၍ လေ့လာကြည့်ပါက တွေ့ရှိနိုင်သည့် သက်သေသာဓကများလည်း ရှိပေသည်။

- သေဆုံးသူ၏အိမ်နှင့် အနီးဝန်းကျင်အိမ်နီးချင်းများ ဆွေမျိုးများ၏ ကျွဲ၊ နွားများနှင့် သိုးများ သေဆုံးကြသည်မှာ သံသယဖြစ်ဖွယ်ရှိခြင်း။
- မြှုပ်နှံထားသော ထိုသေသူ၏အလောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည် တူးဖော်ကြည့်သောအခါ အသက်ဝင်နေသူကဲ့သို့ ဆံပင်မွေးများနှင့် လက်သည်းခြေသည်းများ ရှည်လာသည်ကို တွေ့ရခြင်း။

- သေသူ၏ခန္ဓာကိုယ်သည် စည်ကဲ့သို့ ဖောင်းတင်းလာသည်ကိုတွေ့ရခြင်းနှင့် အလောင်းကောင်၏အသားအရေသည် သွေးဖြန်းထားသကဲ့သို့ နီမြန်းနေခြင်း။
- သေသူ၏နှုတ်ခမ်းတွင် သွေးစ၊ သွေးနမျာပေနေသည်ကို တွေ့ရခြင်း။

စသည့်အချက်အလက်များကို အထောက်အထားပြု၍ ထိုသေဆုံးသွားသူသည် သွေးစုပ်ဖုတ်ကောင်ဘဝသို့ ကူးပြောင်းသွားသည်ဟု ယူဆကြသည်။

ထိုသို့ သေသူသည် သွေးစုပ်ဖုတ်ကောင်ဖြစ်သွားပြီဟု သေသေချာချာယုံကြည်ရပါက အဆိုပါသွေးစုပ်ဖုတ်ကောင်ကို သတ်ဖြတ်ဖျက်စီး၍ ကိစ္စတုံးရန်ဆောင်ရွက်ကြရသည်။

- အလောင်းကောင်ပေါ်တွင် ငုတ်ချွန်များ ရိုက်သွင်းခြင်း။
- ခေါင်းဖြတ်ပစ်ပြီး ထိုခေါင်းကို ခြေထောက်နှစ်ချောင်းကြားတွင် ထည့်သွင်းထားခြင်း။





- အလောင်းကောင်ကို မီးရှို့ပစ်ခြင်း။
- အသုဘကိစ္စကို အစီအစဉ်တကျ ဓလေ့ထုံးစံနှင့်အညီ ပြန်လည်ဆောင်ရွက်ခြင်း။
- အုတ်ဂူကို ပရိတ်ရေဖြန်းခြင်း။
- ဖုတ်တစ္ဆေနှင်ထုတ်နည်းများကို အသုံးပြုခြင်း။

စသည့် ဆောင်ရွက်ဖွယ်ကိစ္စအဝဝကို ဆောင်ရွက်ကာ သွေးစုပ်ဖုတ်ကောင်အဖြစ် ဆက်လက်ရှင်သန်ခွင့် မရတော့အောင် ကျန်ရစ်သူမိသားစုများက ဆောင်ရွက်ကြသည်။

## ရိုမေးနီးယားရှိ သွေးစုတ်ဖုတ်ကောင်များ

ရိုမေးနီးယားသည် ဆလပ်ဗစ်နိုင်ငံများ ဝန်းရံနေသည်ဖြစ်၍ ၎င်းတို့၏ သွေးစုပ်ဖုတ်ကောင်များသည်လည်း ဆလပ်ဗစ် သွေးစုပ်ဖုတ်ကောင်များနှင့် တူသည်။

ရိုမင်ဝေါဟာရအရ "စထရစ်" (Strix) ဟူသည်မှာ "ညစ်၍အော်သည့် ဇီးကွက်" ဟု အဓိပ္ပါယ်ရပြီး "မကောင်းဆိုးဝါး"(သို့မဟုတ်) "စုန်း" ဟု ဆိုလိုသည်။

စုန်းများသေဆုံးသွားသည့်အခါ သွေးစုပ်ဖုတ်ကောင်များ ဖြစ်လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com

သွေးစုပ်ဖုတ်ကောင်များ၏ ဝိညာဉ်များသည် ညအခါတွင် အခြားစုန်းများနှင့်တွေ့ဆုံရန်နှင့် ကျန်ရစ်သူမိသားစုများ၊ အိမ်မွေးတိရစ္ဆာန်များနှင့် အိမ်နီးချင်းတို့အား သွေးစုပ်ရန် ရောက်ရှိလာတတ်ကြသည်။

သွေးစုပ်ဖုတ်ကောင်များသည် အကျဉ်းအကြပ်နှင့် တွေ့ပါက ခွေး၊ ဝက်၊ ဝံပုလွေ စသည့်အသွင်_ပြောင်းလဲသွားတတ်သည်။

ရှေးရိုးရာပုံပြင်များနှင့် ဒဏ္ဍာရီများတွင်မူ နေနှင့်လကို အငမ်းမရ စားသောက်တတ်သည်ဟု ယူဆသောဝံပုလွေကို သွေးစုပ်ဖုတ်ကောင်နှင့် ဆက်နွယ်ထားကြသည်။

လူတစ်ဦးကို သွေးစုပ်ဖုတ်ကောင်မဖြစ်ရန် စီမံဆောင်ရွက်မှုများ ရှိပေသည်။

- မွေးစကလေးတွင် ကွန်ခြာခေါင်းဖုံးပါလာပါက ၎င်းကို ဖယ်ရှား၍ ကလေး မည်သည့်အစာအာဟာရမျှ မစားမီ ထိုကွန်ခြာခေါင်းဖုံးကို ဖျက်ဆီးပစ်ရခြင်း။
- အကယ်၍ ထိုသူသေဆုံးပါက အလောင်းကောင်ကို သေသေချာချာဂရုစိုက်၍ ပြင်ဆင်ရခြင်း။
- ထိုလူသေအလောင်းကောင်ပေါ်မှ မည်သည့်တိရစ္ဆာန်မျှ ကျော်ဖြတ်သွားခြင်းမပြုရန်





စောင့်ကြည့်ရခြင်း။

- ဆူးပါသည့်နှင်းဆီရိုင်းပင်၏ အကိုင်းကို ထိုသူ၏အုတ်ဂူထဲသို့ ထည့်လိုက်ခြင်းဖြင့် ဆူးညို့ကာ ဂူအပြင်သို့ ပြန်မထွက်နိုင်အောင် စီမံခြင်း။
- အိမ်ပြတင်းပေါက်များတွင် ကြက်သွန်ဖြူဥများ ထားခြင်းဖြင့် အိမ်ထဲသို့ မကောင်းဆိုးဝါး သွေးစုပ်ဖုတ်ကောင် မဝင်နိုင်အောင် တားဆီးကာကွယ်ထားခြင်း။
- အိမ်မွေးတိရစ္ဆာန်များကိုလည်း သွေးစုပ်ဖုတ်ကောင် မနှောက်ယှက်နိုင်အောင် ကြက်သွန်ဖြူဖြင့် ပွတ်တိုက်လိုက်ခြင်း။
- အဆိုပါကိစ္စများကို စိန့်ဂျော့(St. George)နေ့နှင့် စိန့်အင်ဒရူး(St. Andrew)နေ့များတွင် အထူးပြု၍ ဆောင်ရွက်ခြင်း။

စသော ဆောင်ရွက်မှုများကို ပြုကြသည်။

သွေးစုပ်ဖုတ်ကောင်ကို ဖျက်ဆီးသုတ်သင်ရန်အတွက် စီမံဆောင်ရွက်မှုများလည်းရှိသည်။

- သေသူ၏ခန္ဓာကိုယ်ထဲသို့ ငုတ်ချွန်များ ရိုက်သွင်းခြင်း။


www.burmeseclassic.com

www.burmeseclassic.com



- သေသူကို ခေါင်းဖြတ်ပစ်ခြင်း။
- သေသူ၏ပါးစပ်တွင်းသို့ ကြက်သွန်ဖြူ ထည့်ထားပေးခြင်း။

စသည့် လုပ်ငန်းများကိုဆောင်ရွက်ကြသည်။

(၁၉)ရာစုသို့ ရောက်သောအခါ လူတို့သည် အလောင်းကောင်ကို သေနတ်ဖြင့်ပစ်၍ ကျည်ဆံထိမှန်ခြင်းဖြင့် လက်စသတ် သုတ်သင်ရှင်းလင်းကြသည်။

လက်စသတ်ဆောင်ရွက်မှုမှာ သေသူ၏ ခန္ဓာကိုယ်ကို အပိုင်းပိုင်းအတစ်တစ် ခုတ်ထစ်၍ မီးရှို့ခြင်းဖြစ်သည်။ မီးလောင်ကျွမ်းသဖြင့် ရရှိလာသောပြာများကို ရေဖြင့်ရော၍ မိသားစုများအား အဆောင်အဖြစ် ဝေငှပေးထားခြင်း ဖြစ်ပေသည်။

## ဂျစ်ပစီများနှင့်သွေးစုပ်ဖုတ်ကောင်များ

ဂျစ်ပစီများသည် ဘရမ်စတိုကာ(Bram Stoker)၏ "ဒရက်ကူလာ" (Dracula)စာအုပ်ကို နှစ်သက်ကြသည်။

ဗလက်ဒရက်ကူလာ(Vald Dracula)ကို (၁၄၃၁)တွင် မွေးဖွားခဲ့သည်။

ထိုအချိန်မတိုင်မီ အစောပိုင်းကာလတွင် ဂျစ်ပစီများ





နေရာအတည်တကျမရှိဘဲ လှည့်လည်နေထိုင်သူများ)သည် ရိုမေးနီးယားသို့ ရောက်ခဲ့သည်။

ဂျစ်ပစီတို့၏ အယူအဆအရ . . သေဆုံးသူများ၏ ဝိညာဉ်များသည် ၎င်းတို့၏ ခန္ဓာကိုယ်တဝိုက်တွင် တည်ရှိနေကြပြီး လူ့ပြည်သို့ ရံဖန်ရံခါ ပြန်ရောက်လာတတ်သည်ဟူ၍ဖြစ်သည်။

သွေးစုပ်ဖုတ်ကောင်နှင့်ပတ်သက်သော ဂျစ်ပစီတို့၏ ဒဏ္ဍာရီများသည် ဟန်ဂေရီ၊ ရိုမေးနီးယားနှင့် ဆလာဗစ်တို့၏ အယူအဆများ ရောနှောပေါင်းစပ်လျက်ရှိသည်။

ဂျစ်ပစီများ ရှေးအကျဆုံးအချိန်က နေထိုင်ခဲ့သည့် အိန္ဒိယတွင် သွေးစုပ်ဖုတ်ကောင်နှင့်ဆိုင်သော ဒဏ္ဍာရီများ ရှိပေသည်။ ထိုဒဏ္ဍာရီများတွင် ဘူတ(Bhuta)နှင့် ဘရာမရူရှား (Brahmapa rusha) စသည့် သွေးစုပ်ဖုတ်ကောင်များအကြောင်း ပါရှိသည်။

သွေးစုပ်ဖုတ်ကောင် အမများသည် လူမိန်းမအသွင်သဏ္ဍာန်ဖြင့် လူ့ဘဝတွင်နေထိုင်ကာ အိမ်ထောင်ပြုတတ်ကြသည်။

အဆိုပါသွေးစုတ်ဖုတ်ကောင် အမျိုးသမီး၏ ခင်ပွန်း၊ အမျိုးသားများသည် သွေးအားကုန်ခမ်းတတ်ကြသည်။

အကယ်၍ မိန်းကလေးငယ်တစ်ဦးသည် မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com



ကာစတွင် အကျဉ်းတန်အရုပ်ဆိုးလွန်းပြီး လက်ချောင်းတစ်ချောင်းပါမလာခြင်း (သို့မဟုတ်) တိရစ္ဆာန်၏ အင်္ဂါရပ်တစ်ခုခု ပူးတွဲပါလာပါက ထိုမိန်းကလေးကို သွေးစုပ်ဖုတ်ကောင်ဟု သတ်မှတ်ကြသည်။

ဂျစ်ပစီတို့၏အယူအဆတွင် ခွေးများ၊ ကြောင်များ (သို့မဟုတ်) လယ်တောရှိ တိရစ္ဆာန်များသည်လည်း သွေးစုပ်ဖုတ်ကောင် ဖြစ်တတ်ကြသည်ဟုဆိုသည်။

အိမ်ထဲတွင်သိမ်းဆည်းထားသော ဖရုံသီးများ (သို့မဟုတ်)ဖရဲသီးများသည် ကာလကြာရှည်လာသောအခါ အလိုအလျောက် ရွေ့လျားကြခြင်း၊ အသံများမြည်ခြင်း (သို့မဟုတ်) အသီးများတွင် သွေးစသွေးနများ ပေကြံနေခြင်းတို့ကိုလည်း တွေ့နိုင်သည်။

သွေးစုပ်ဖုပ်ကောင်ကို ရှင်းလင်းသုတ်သင်ရန် ထိုသူ၏ သားနှင့်မိန်းမ(မုဆိုးမ) တို့ကို အကူအညီတောင်းခံကြရသည်။

ဂျစ်ပစီတို့ ဆောင်ရွက်ပုံဆောင်ရွက်နည်းမှာ အဆင့်ဆင့် ရှိပေသည်။

- သေသူ၏အလောင်းကောင်ကို မြှုပ်နှံမည့် အချိန်တွင် အလောင်းကောင်၏ အသဲနှလုံး နေရာကို သံချောင်းများ (သို့မဟုတ်) အပ်ကြီးများ (သို့မဟုတ်) စတီးချောင်းများဖြင့် ရိုက်သွင်းခြင်း။
- သေသူ၏ပါးစပ်ပေါက်၊ မျက်စေ့ပေါက်များနှင့် နားပေါက်များအတွင်းသို့ စတီးချောင်းများဖြင့် ထိုးကာ ပိတ်ဆို့ခြင်း။
- လက်ချောင်းများကြားတွင်လည်း သံချောင်းများ စိုက်သွင်းထားခြင်း။
- သေဆုံးသူ၏ခြေဖဝါးနှင့် ခြေထောက်များ အတွင်းသို့ သံချောင်းများ ရိုက်ထည့်ခြင်း။
- သေသူကိုထည့်သွင်းမြှုပ်နှံထားသည့် ဂူထဲသို့ ငုတ်ချွန်များ ထည့်သွင်းထားခြင်း။
- ထိုအုပ်ဂူပေါ်သို့ ရေနွေးပူပူများ လောင်းချခြင်း။
- အလောင်းကို အပိုင်းပိုင်းခုတ်ထစ်၍ မီးရှို့ပစ်ခြင်း။

စသည်တို့ ဆောင်ရွက်ကြသည်။

## လင်းနို့များနှင့်သွေးစုပ်ဖုတ်ကောင်များ

ခေတ်သစ်ကာလတွင် သွေးစုပ်ဖုတ်ကောင်များကို လင်းနို့များနှင့် ယှဉ်တွဲဆက်စပ်၍ သိရှိလာကြသည်။

လူမျိုးများစွာ၏ ဒဏ္ဍာရီများတွင် လင်းနို့များအကြောင်း ပါရှိတတ်သည်။







www.burmeseclassic.com

www.burmeseclassic.com

တောင်အမေရိက၊ ဥရောပနှင့် အင်္ဂလန်နိုင်ငံတို့တွင် လင်းနို့ကို ညဘက်တွင်ထွက်သည့် ပရလောကသားများအဖြစ် ယူဆကြသည်။

ဂျစ်ပစီတို့က လင်းနို့ကို ကံကောင်းစေသော သတ္တဝါဟု ယူဆသည်။ သို့ဖြစ်၍ ဂျစ်ပစီတို့က လင်းနို့အရိုးများကို နှစ်နှစ်သက်သက် ဆောင်ထားကြသည်။

အမေရိကတိုက်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် သွေးစုပ်ဖုတ်ကောင် လင်းနို့မျိုးစိတ် သုံးမျိုးခန့်ရှိသည်။

(၁၆)ရာစုတွင် စပိန်လူမျိုးတို့သည် လင်းနို့များနှင့် သူတို့၏ ဒဏ္ဍာရီတွင်ပါရှိသော သွေးစုပ်ဖုတ်ကောင်များကို အစာကျွေးလေ့ ရှိခဲ့ကြသည်။

မကြာမီကာလမှာပင် လင်းနို့များကို သွေးစုပ်ဖုတ်ကောင်များ၏ အသွင်တစ်မျိုး ပြောင်းထားခြင်းဖြစ်သည်ဟု လက်ခံလာကြသည်။

(၁၈၄၀)နှစ်နောက်ပိုင်းတွင် ပြည်သူလူထုအများစု၏ စိတ်ထဲတွင် လင်းနို့များသည် သွေးစုပ်ဖုတ်ကောင်၏ ကိုယ်ပွားများဖြစ်သည်ဟု ပိုမိုယုံကြည်လာခဲ့ကြသည်။

(၁၈)ရာစုတွင် သွေးစုပ်ဖုတ်ကောင်နှင့်ပတ်သက်သည့် အယူအဆများမှာ. . .

ယနေ့ကာလတွင် လူတိုင်းသည် "သွေးစုပ်ဖုတ်ကောင်" ဟူသော ဝေါဟာရကို ကြားဖူး၍ ရင်းနှီးကျွမ်းဝင်နေကြပေပြီ။

(၁၈)ရာစုမတိုင်မီကာလတွင် ဥရောပအရှေ့ပိုင်းဒေသ၌ အကြီးအကျယ်ချောက်လှန့်သော သွေးစုပ်ဖုတ်ကောင်ကြီး ရှိခဲ့ဖူးသည်။

အစိုးရအရာရှိများပင်လျှင် သွေးစုပ်ဖုတ်ကောင်ကို ရှာဖွေ၍ ငုတ်ချွန်စိုက်ကာ နှိမ်နင်းရန် မကြာခဏ ခရီးလှည့်လည်ခဲ့ကြသည်။

အင်္ဂလန်၏ သွေးစုပ်ဖုတ်ကောင်နှင့်သက်ဆိုင်သော ဒဏ္ဍာရီများကို အငြင်းအခုံပြုလာကြသည်။

အမှန်စင်စစ် "သွေးစုပ်ဖုတ်ကောင်" (Vampire) ဟူသော ဝေါဟာရသည် အင်္ဂလိပ်ဘာသာစကားအဖြစ်. . (၁၇၃၂)တွင်မှ ရောက်ရှိလာပြီး ဂျာမန်ဝေါဟာရကို ဘာသာပြန်ယူခြင်းဖြစ်သည်။

(၁၇၂၁)တွင် ပရပ်ရှားအရှေ့ပိုင်း၌ သွေးစုပ်ဖုတ်ကောင်နှိမ်နင်းရေးကို ဆောင်ရွက်ခဲ့ကြသည်။

ဩစတြီးယားဟန်ဂေရီယန်အင်ပါယာတွင် (၁၇၂၅)မှ (၁၇၃၄)ထိ နှိမ်နင်းခဲ့ကြသည်။

ထူးခြားထင်ရှားသော ဖြစ်ရပ်နှစ်ခုကို ဖော်ပြလိုပါသည်။


www.burmeseclassic.com

 www.burmeseclassic.com 

ပလိုဂိုဂျိုဝစ်(Plogojowitz)သည် အသက်(၆၂)နှစ် အရွယ်တွင် သေဆုံးခဲ့သည်။ သို့သော် မကြာမီမှာပင် သူ၏ သားထံ အစားပေးရန် တောင်းခံခဲ့သည်။

သူ၏သားက သေဆုံးသွားပြီဖြစ်၍ ဖခင်ကိုအစာ ပေးရန် ငြင်းဆန်လိုက်သောအခါ ထိုဖခင်သည် သေဆုံးနေ ပြန်သည်ကို နောက်တစ်နေ့တွင်တွေ့ရှိရသည်။

ဒုတိယအကြိမ် သေဆုံးသွားသော ပလိုဂိုဂျိုဝစ်သည် တစ်ကျော့ပြန်ရောက်လာပြီး အိမ်နီးချင်းများကို တိုက်ခိုက် သတ်ဖြတ်လေရာ ထိုသူတို့သည် သွေးစုပ်ခံရပြီး သေဆုံးကုန် ကြသည်။

အခြားဖြစ်ရပ်တစ်ခုမှာ အာနိုးပါအိုလီ (Arnold Paole)၏ အကြောင်းဖြစ်သည်။

စစ်ပြန်ဖြစ်သော အာနိုးပါအိုလီသည် လယ်သမား ဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုနေခဲ့ရာ သွေးစုပ်ဖုတ် ကောင်တစ်ကောင်၏ တိုက်ခိုက်သွေးစုပ်ယူခြင်း ခံရပြီး ကောက်ရိတ်နေစဉ်တွင် သေဆုံးခဲ့သည်။

အာနိုးပါအိုလီ သေဆုံးပြီးနောက် ထိုနေရာတဝိုက်မှ လူများသည် တစ်ဦးပြီးတစ်ဦး သေဆုံးကုန်ကြရာ ထိုဒေသမှ လူများက အာနိုးပါအိုလီသည် အိမ်နီးချင်းလူများကို သွေးစုပ် ယူရန် သားကောင်အဖြစ် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ယူဆ



ခဲ့ကြသည်။

ထိုသတင်းသည် အစီရင်ခံစာများ၊ စာအုပ်များအရ ဥရောပတခွင်သို့ ပျံ့နှံ့သွားသည်။

ဖော်ပြပါအကြောင်းအရာဖြစ်ရပ်များနှင့် ပတ်သက် ၍ ငြင်းခုံမှုများသည် မျိုးဆက်တစ်ဆက်တိုင် ဆက်လက်ငြင်း ခုံဆဲ ဖြစ်သည်။

(၁၇၄၆)တွင် ပြင်သစ်အတွေးအခေါ်သမား တစ်ဦး ဖြစ်သော အောဂတ်စတင်းကယ်လ်မက် (Augustine Calmet)က ဖြစ်ရပ်များကို သေချာစွာလေ့လာပြီး သွေးစုပ်ဖုတ် ကောင်များ လာရောက်နိုင်သည်ဟု လက်ခံခဲ့သည်။

မယုံကြည်သည့်သူများနှင့် အငြင်းအခုံ ဖြစ်ခဲ့ကြ သည်။

ဩစတြီးယန်ဧကရီ မာရီသရီဆာ (Marie Theresa)သည် သူမ၏ လက်စွဲသမားတော်တစ်ဦးကို စေလွှတ်၍ သွေးစုပ်ဖုတ်ကောင်အကြောင်း စုံစမ်းစေခဲ့သည်။

ထိုသမားတော်က သွေးစုပ်ဖုတ်ကောင် တကယ် ရောက်မလာနိုင်ဟု အတည်ပြုပြောဆိုခဲ့သည်။

သို့ဖြစ်၍ မာရီသရီဆာသည် အုတ်ဂူများကိုဖွင့်၍ အလောင်းကောင်ကို ဖျက်ဆီးသည့်အလုပ်များကို မလုပ်ကြ ရန် နိုင်ငံတော်တွင် ဥပဒေပြဋ္ဌာန်း၍ တားမြစ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် လူအများသိရှိထားကြသော သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းသည် အပြီးသတ်ခဲ့ပေသည်။

မပြီးဆုံးသည်မှာ သွေးစုပ်ဖုတ်ကောင်အကြောင်းကို ဆန်းသစ်၍ရေးဖွဲ့ကြခြင်း၊ ရုပ်ရှင်ဇာတ်လမ်းများ၊ ဗီဒီယိုဇာတ်လမ်းများ ရိုက်ကူးပြသခြင်းဖြင့် သွေးစုပ်ဖုတ်ကောင်သည် ပြည်သူလူထုနှင့် မခွဲမခွာ ရှိနေဆဲပင်ဖြစ်သည်။





## အခန်း(၁၀)

# တစ်ကျော့ပြန်လာသောကြမ္မာဆိုး

အမှောင်ထုများက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးအုပ်ထားလေသည်။

ယခုကဲ့သို့ ညဉ့်နက်ပိုင်းအချိန်မျိုးတွင် ခြံတွင်း၌ ခြံအလုပ်သမားများလည်း မရှိကြတော့ပေ။

ထိုညဦးပိုင်းအချိန်က အချိန်အခါမဟုတ်ဘဲ မိုးရွာထားသောကြောင့် မြေပြင်နှင့်သစ်ပင်သစ်ရွက်တို့မှာ စွတ်စိုလျက်ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ညဦးပိုင်းအချိန်လွန်လာသောအခါ ခြံဝန်းအတွင်းသို့ လူတစ်ယောက်ဝင်လာလေသည်။

၎င်းမှာ အခြားမဟုတ်ဘဲ ရှမ်းပြည်မှ ရောက်လာကြသည့် အဖွဲ့တွင်ပါလာသည့် ဦးနေဒွန်းပင်ဖြစ်သည်။

ဦးနေဒွန်းသည် မိုးကာအင်္ကျီအနက်ကြီးကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်၌ ခမောက်အဝိုင်းတစ်လုံး ဆောင်းထားသည်။

လက်တစ်ဖက်မှာ လက်နှိပ်မီးပါပြီး၊ ကျန်တစ်ဖက်က ရေတကောင်းတစ်လုံးကို ပိုက်ထားသည်။

ထိုရေတကောင်းအတွင်း၌မူ သွေးရည်များပါလာသည်။

ထိုကဲ့သို့ သွေးများရလာစေရန် ထမင်းချက်မငွေရှုံနှင့်ပေါင်းထားရသည်။

မငွေရှုံကိုကူညီရင်းနှင့် ကြက်၊ ဘဲများကိုသတ်ဖြတ်၍သော်လည်းကောင်း. .၊ အခြားသားငါးများကို သတ်ဖြတ်၍သော်လည်းကောင်း. .၊ ၎င်းမှရသောသွေးများကို ရေတကောင်းတစ်လုံးနှင့် ခံထားသည်။

"သွေးရည်တွေ ဘာလုပ်ဖို့လဲ ဘကြီးရဲ့. ."

"ဒီအရည်တွေကို သစ်ပင်ပန်းပင်တွေ လောင်းပေးရင် ပိုပြီး ရှင်သန်တယ်"





ထိုသို့ပြောသဖြင့် မငွေရှုံလည်း ထပ်မမေးတော့ပေ။

ထိုကဲ့သို့ခံထားသော သွေးရည်များကို အခြားသစ်ပင်များ လောင်းရခြင်းမဟုတ်ဘဲ သူတို့သယ်ဆောင်လာပြီး ဥယျာဉ်အတွင်းမှာ စိုက်ပျိုးထားသော ပန်းပင်ကို လောင်းပေးရခြင်း ဖြစ်ပေသည်။

ထိုပန်းပင်မှာ အခြားအပင်များကဲ့သို့ ရေလောင်းပေး၍ မရပေ။ သွေးရည်လောင်းပေးရသည်။

ထိုကဲ့သို့ လောင်းပေးတော့မှ အသက်ဝင်လာပြီး ပန်းဖူးက ပွင့်လာသည်။

ထိုပန်းပွင့် ပွင့်လာသောအခါ အနံ့အသက်က ညှီစို့စို့ ပုပ်အက်အက်နှင့်ဆိုးလှပြီး ပန်းပွင့်ပုံသဏ္ဌာန်ကလည်း . ကြောက်စရာကောင်းသည်။

ဦးနေဒွန်းက ရေတကောင်းကိုသယ်ပြီး ပန်းခြံရှိရာသို့ လာကာ အပေါက်ဝရောက်တော့တဲပေါ်မှာ အိပ်နေပြီဖြစ်သော ခြံစောင့်ထွန်းခကို လှမ်းမြင်ရသည်။

ထွန်းခမှာ ယခင်က ထိုသို့မဟုတ်ပေ။ ခြံစောင့်ရာမှာ နိုးကြားတက်ကြွသူဖြစ်သည်။

ယခု ဦးနေဒွန်းလက်ဆောင်ပေးထားသော ဆေးပတ်လိပ်များကို တစ်လိပ်ပြီးတစ်လိပ်သောက်မိရာမှ ထိုကဲ့သို့ နွေးရောညပါ အိပ်နေခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ အိပ်ပျော်နေစေရန်လည်း အကြံအစည်ရှိသော ဦးနေဒွန်းက ဆေးခြောက်ဖြင့်ရောလိပ်ထားသည့် ဆေးပတ်လိပ်များကို ကြိုတင်၍ လက်ဆောင်ပေးထားခဲ့ခြင်း ဖြစ်ပေသည်။

ထွန်းခအိပ်ပျော်နေသောကြောင့် ဦးနေဒွန်းက ပန်းခြံအတွင်းသို့ ဝင်လာခဲ့သည်။

သူသည် လိပ်ပြာဝိဉာဉ်ဟု အမည်ပေးထားသော ပန်းပင်ရှိရာသို့ ရောက်သောအခါ ရေတကောင်းဖြင့် သယ်ယူလာသော သွေးများကို. . အပင်ပေါ်သို့ လောင်းချလိုက်သည်။

ထိုသို့လောင်းချလိုက်ပြီး မကြာမီ သစ်ပင်တစ်ပင်လုံး အသက်ဝင်လာသကဲ့သို့ ယိမ်းထိုးလှုပ်ရှားလာသည်။

ပန်းပွင့်က တဖြည်းဖြည်းနှင့် ပွင့်အာလာသည်။

ထိုအခါမှ လင်းနို့တစ်ကောင်နှင့် တူလာသည်။

ပွင့်ဖတ်များက လင်းနို့တောင်ပံကဲ့သို့ လှုပ်ရှားလာကြသည်။

အလယ်နေရာတွင် မကောင်းဆိုးဝါးတစ်ကောင်ကဲ့သို့ မျက်နှာမျိုးပေါ်လာပြီး ပါးစပ်ဟလိုက်ရာ ပါးစပ်တွင်းမှ ချွန်ထက်လှသော အစွယ်နှစ်ချောင်းက ငေါ်ထွက်လာသည်။

ခဏကြာတော့ ပန်းပွင့်ဘဝမှ သွေးစုပ်လင်းနို့အသွင်





သို့ပြောင်းပြီး ထိုနေရာမှ ဝှီးခနဲ ပျံထွက်သွားလေတော့သည်။

ပန်းပွင့်ဘဝမှ သတ္တဝါတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။

တကယ်တော့ ပန်းပင်မှာ သူတို့ပြောသလို 'လိပ်ပြာဝိဉာဉ်ပန်း' မဟုတ်ပေ၊

လူသွေးနှင့် အခြားသတ္တဝါတို့၏ သွေးကိုနှစ်သက်သော 'သွေးစုပ်ပန်း' တစ်မျိုးသာဖြစ်သည်။

ထိုသွေးစုပ်ပန်းပင်မှာ သွေးဖြင့် အဆတ်မပြတ်လောင်းပေးလျှင် အပွင့်ပွင့်လာပြီး လင်းနို့တစ်ကောင်ကဲ့သို့ တစ်နေရာမှတစ်နေရာ သွားလာနိုင်သည်။

အထူးသဖြင့် ဘယ်လောက်ဝေးဝေး သွေးနံ့ရသောနေရာသို့အရောက်သွားနိုင်ပြီး သွေးဖောက်စုပ်ယူလေ့ရှိသည်။

ထိုသို့စုပ်ယူပါက အသက်ရှိနေသော လူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ ၎င်းအစွယ်နှင့်ထိုးမိပါက အဆိပ်သင့်ပြီး သေဆုံးကြရလေသည်။

ထိုပန်းမျိုးမှာ ရှမ်းပြည်နယ်ဘက်ရှိ တောနက်ကြီးများထဲမှာသာရှိပြီး လူသိနည်းသော ပန်းတစ်မျိုးဖြစ်သည်။

တစ်ခါတစ်ရံ တောထဲမှာရှိသော ရွာများအနီးတွင် ထိုပန်းပင်မျိုးရောက်နေပါက တစ်ရွာလုံးသေကြေပျက်စီးရ


www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ပထမ မွေးထားသော ကြက်၊ ဝက်၊ ဆိတ်၊ နွား စသည်တို့ အဆိပ်သင့်ကာ သေကြရပြီး နောက်ပိုင်း လူများပါ သေကြကာ ရွာပျက်သည်အထိ ဖြစ်ကြရသည်။

အချို့က ရွာကိုမကောင်းဆိုးဝါးဝင်သည်ဟု ထင်တတ်ကြသည်။ အချို့ကလည်း သွေးစုပ်ဖုတ်ကောင်များ ဝင်ရောက်ဖျက်ဆီးသဖြင့် သေကြရသည်ဟုထင်ပြီး များစွာ ကြောက်လန့်ကြသည်။

သွေးစုပ်ပန်းသည် လူနှင့်တိရစ္ဆာန်တို့၏ သွေးများစုပ်ယူပြီးပါက အပင်ရှိရာသို့ပြန်သွားပြီးလျှင် ယခင်နေရာမှာပင် ပြန်နေလေသည်။

သို့သော်လည်း သူစုပ်ယူလာသော သွေးများကို အပင်က စုပ်ယူလိုက်သောအခါ ညှိုးနွမ်းပြီး အောက်သို့ကြွေကျသွားလေသည်။

တစ်ပွင့်ကြွေသွားပါက နောက်တစ်ပွင့်က ဖူးလာပြန်သည်။ အပင်ပေါ်မှာ ပန်းပွင့်တစ်ပွင့်ကတော့ အမြဲရှိနေရသည်။

သို့မှသာ အပင်အတွက်သွေးစုပ်ပေးရန် အဆင်သင့်ရှိနေမည်ဖြစ်သည်။

နောက်ပိုင်းတော့ မုဆိုးအချို့က ထိုပန်းပွင့်သွားရာ





နောက်မှ ခြေရာခံပြီးလိုက်ကြည့်ရာမှ သွေးစုပ်ပန်းပွင့် အကြောင်းကို သိတန်သရွေ့သိကြရသည်။

နောက်ပိုင်းမှာတော့ ထိုပန်းပွင့်ကို ကလဲ့စားချေရန် အတွက်၎သော်လည်းကောင်း၊

ရန်ဘက်များကို တစ်နည်းတစ်ဖုံ ဒုက္ခပေးရန်သော်လည်းကောင်း လျှို့ဝှက်စွာစိုက်ပျိုးထားကြသည်။

ထိုသို့စိုက်ပျိုးရာမှာ အခြားသူများကိုအသိမပေးဘဲ လျှို့ဝှက်စွာ စိုက်ပျိုးထားကြသည်။

ထိုပန်းပင်ကလည်း သွေးဝအောင်သောက်နေရလျှင် စိုက်ပျိုးထားသူကို ဒုက္ခမပေးတတ်ပေ။

အကယ်၍ သွေးမရလျှင်တော့ စိုက်ပျိုးထားသော ပိုင်ရှင်ကိုပါ ပြန်ပြီးဒုက္ခပေးလေ့ရှိသည်။

သို့ကြောင့် ဦးနေဒွန်းတို့မှာ ထိုပန်းပင်ကိုသယ်ယူလာကတည်းက နည်းအမျိုးမျိုးနှင့် သွေးရအောင်ရှာပြီး လောင်းပေးနေရခြင်းဖြစ်သည်။

ဦးနေဒွန်းတို့မှာ ထိုပန်းမျိုးကို သီးသန့်စိုက်ပျိုးထားခြင်းဖြစ်ပြီး နန်းမာလာထံမှ အကြောင်းကြားစာ ရသောအခါ ထိုပန်းပင်ကိုပါ တစ်ပါတည်း သယ်ဆောင်လာကြခြင်း ဖြစ်လေသည်။

နန်းမာလာက စာထဲတွင် သူမကိုအမြန်လာခေါ်ရန်



www.burmeseclassic.com

www.burmeseclassic.com

နှင့် သူမမှာ များစွာစိတ်မချမ်းမသာ ဖြစ်နေရကြောင်း ပါလေရာ ဦးနေဒွန်းတို့က တစ်မျိုးထင်သွားကြသည်။

စာထဲမှာ မာလအကြောင်းလည်း တစ်စွန်းတစ်စ ပါလေရာ ဦးကျော်ခေါင်တို့သားအဖက နန်းမာလာကို ဝိုင်းဝန်းနှိပ်စက်နေကြသည်ဟု ထင်ကာ သွေးစုပ်ပန်းကိုပါ တစ်ပါတည်း သယ်ဆောင်လာကြသည်။

ဦးကျော်ခေါင်ကတော့ ထိုအကြံအစည်ကို မသိရှာပေ။ ထူးဆန်းသော သစ်ပင်၊ ပန်းပင်များကို ဝါသနာပါသူဖြစ်သောကြောင့် ထိုပန်းပင်ကို သီးခြားပန်းခြံထဲမှာ စိုက်ပျိုးထားလေသည်။

ထိုညမှာပင် သွေးစုပ်ပန်းပင်ကို သွေးလောင်းပေးထားလိုက်သည်။

နောက်တစ်ညမှာတော့ မာလတစ်ယောက် သေဆုံးသွားခဲ့လေသည်။

အဆိပ်သင့်ပြီးသေဆုံးသွားခဲ့ခြင်းဖြစ်၏။

ယခုလည်း ဦးနေဒွန်းတစ်ယောက် သွေးစုပ်ပန်းပင်ဆီကို ရောက်လာလေသည်။

သူက သွေးရည်များထည့်ထားသော ရေတကောင်းကို သယ်ယူလာစဉ် ပတ်ဝန်းကျင်သို့ သွေးနံ့များက ပျံ့နှံ့နေလေသည်။





ထိုနေရာသို့ရောက်သောအခါ အပင်ပေါ်သို့ သွေးရည်များ လောင်းချလိုက်သည်။

ထိုကဲ့သို့လောင်းချလိုက်သည်နှင့် အပင်မှာ အသက်ဝင်သကဲ့သို့ ဖြစ်လာသည်။

အရွက်များကလှုပ်လာသည်။

အပင်က ယိမ်းထိုးလှုပ်ရှားလာသည်။

ထို့နောက် အပွင့်ကဖူးငုံနေရာမှ တဖြည်းဖြည်း ပွင့်အာလာသည်။

ခဏကြာတော့ သွေးစုပ်လင်းနို့အသွင် ပြောင်းသွားပြီး ထိုနေရာမှ ပျံထွက်သွားလေတော့သည်။

ဦးနေဒွန်းလည်း ၎င်းပြုလုပ်ရမည့် တာဝန်ပြီးသွားပြီမို့ အိမ်ဘက်သို့ပြန်လာလေသည်။

တစ်နေရာရောက်တော့ သူသွားမည့်လမ်းပေါ်မှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့လိုက်ရသည်။

"ဟင်. ."

ဦးနေဒွန်းမှာ မမျှော်လင့်သောမြင်ကွင်းကို တွေ့လိုက်ရသောကြောင့် မျက်လုံးပြူးသွားလေသည်။

သူ့ရှေ့မှာရပ်နေသော မကောင်းဆိုးဝါးကြီးမှာ. . ကြောက်စရာကောင်းလှသည်။

လူတစ်ယောက်နှင့် ပုံသဏ္ဌာန်တူသော်လည်း. .


www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သစ်ပင်ကြီးတစ်ပင်သာဖြစ်သည်။

သစ်ပင်တစ်ပင်ဟု ဆိုပြန်တော့လည်း အမှောင်ရိပ်ထဲမှာ မြင်နေရသည်က လူတစ်ယောက်ကဲ့သို့ ခြေတံ၊ လက်တံ၊ ဦးခေါင်းတို့ပါပြီး မျက်စိပေါက်၊ ပါးစပ်ပေါက်များပါ,ပါလေသည်။

မျက်လုံးနှစ်လုံးမှာ မီးစုန်းဓါတ်များ တောက်ပနေသကဲ့သို့ အနီရောင်များ ထွက်နေလေသည်။

ထိုမကောင်းဆိုးဝါး သစ်ပင်ကြီးက ရှေ့မှပိတ်ရပ်နေသဖြင့် ဦးနေဒွန်းက အခြားနေရာမှ ကွင်းရှောင်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော် အခွင့်မသာတော့ပေ။

သူကလှုပ်ရှားလိုက်သည်နှင့် မကောင်းဆိုးဝါးကြီးထံမှ နွယ်ရှင်ကဲ့သို့ လက်တံရှည်ကြီးများ ထွက်လာပြီး လှမ်းဆွဲသဖြင့် မိသွားလေသည်။

သူ့လက်ထဲမှ ကိုင်ထားသော ရေတကောင်းနှင့် ဓါတ်မီးမှာ အောက်သို့လွတ်ကျသွားသည်။

ဦးနေဒွန်းမှာ ကြောက်တတ်သူမဟုတ်စေကာမူ ထိုကဲ့သို့ ဘေးအန္တရာယ်ဖြင့် တွေ့သောအခါ ဘယ်လိုမှ မကြံစည်တတ်တော့သဖြင့် အတင်းသာရုန်းကန်နေသည်။

သို့သော် မကောင်းဆိုးဝါးသစ်ပင်ကြီးမှ ထွက်လာ





သော နွယ်လက်တံများက ရစ်ပတ်ဆွဲယူသွားသောကြောင့် ဒရွတ်တိုက်ပြီး ပါသွားလေသည်။

အနားသို့ရောက်သောအခါ ပါးစပ်ပေါက်ရှိရာသို့ ယူသွားပြီးနောက် သွေးဖောက်ကာ စုပ်ယူလေတော့သည်။

"အ. . . အ. . . အား. ."

ဦးနေဒွန်းအော်သံကြီးက တိတ်ဆိတ်နေသော အချိန်မှာ ပေါ်ထွက်လာလေသည်။

သို့သော်လည်း မိုးတဖြောက်ဖြောက်ရွာနေသည်ကတစ်ကြောင်း၊ အိမ်နှင့်အတော်ကလေး ဝေးသောကြောင့် မည်သူမှ မကြားနိုင်ကြတော့ပေ။

အတန်ကြာသောအခါ အော်သံပျောက်သွားပြီး ဦးနေဒွန်းမှာ တစ်ကိုယ်လုံး အရိုးစုကဲ့သို့ ပိန်ကျသွားလေတော့သည်။

ညဥ့်နက်ပိုင်းအချိန်ထိ ဦးနေဒွန်းပြန်ရောက်မလာသောအခါ ဒေါ်မင်းဇာက နန်းသူဇာကိုနိုးပြီး ပြောလေသည်။

"သူဇာ. . နင့်ဦးကြီး အခုထိပြန်မလာသေးဘူး၊ တစ်ခုခုများ ဖြစ်နေရော့သလား"

"ဦးကြီးဘယ်သွားသလဲ"

"ခြံထဲကပန်းပင်ကို သွေးရည်လောင်းဖို့သွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ နန်းသူဇာမှာ မျက်လုံးပြူးသွားလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ခြံဝန်းထဲမှာ သူတွေ့မြင်ခဲ့ရသော အန္တရာယ်ကောင်ကြီးကို သတိရလိုက်သောကြောင့် ဖြစ်ပေသည်။

ထိုကဲ့သို့တွေ့မြင်ခဲ့ရသောအကြောင်းကို ဦးနေဒွန်းတို့ကို မပြောမိခဲ့ခြင်းအတွက်လည်း နောင်တရမိလေသည်။

"ဘယ်လိုလုပ်ကြမလဲ အဒေါ်. . ."

"ငါတို့လိုက်သွားကြရင် ကောင်းမလား"

"အဲဒီလိုဆိုရင် သူတို့သိသွားကြလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"သူတို့ကို အကူအညီတောင်းကြည့်ရင်ကောင်းမယ်"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ဒီမှာရောက်နေတဲ့ ဧည့်သည်တွေကိုပြောတာပါ"

"သူတို့သိလို့ဖြစ်ပါ့မလား. ."

"သူတို့က ဒီအကြောင်းတွေကို သိပြီးသားပါ၊ ကျွန်မသွားလိုက်ဦးမယ်. ."

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်တို့ အခန်းဆီသို့သွားပြီး တံခါးခေါက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်. ."





ခဏကြာတော့ ဒေါက်တာမင်းထင်ကျော်က တံခါးလာဖွင့်ပေးလေသည်။

"ဟင်. . နန်းသူဇာ၊ ဘာဖြစ်လို့လဲ. ."

"ကျွန်မ ခြံထဲသွားချင်လို့ ခဏလောက်လိုက်ခဲ့ပေးပါ ဒေါက်တာ. ."

ဒေါက်တာမင်းထင်ကျော်က သူမ အမူအယာကို မြင်ရုံနှင့် တစ်စုံတစ်ခု ထူးခြားနေပြီသိသဖြင့် အပေါ်မှ ဂျာကင်ဝတ်၊ ဦးထုပ်ဆောင်းပြီး လိုအပ်သောပစ္စည်းများယူ၍ နန်းသူဇာနှင့်အတူ ခြံထဲသို့ ထွက်ခဲ့ကြသည်။

လမ်းပေါ်ရောက်တော့မှ နန်းသူဇာက အကျိုးအကြောင်းပြောပြရာ များစွာစိုးရိမ်သွားလေသည်။

"ဒီခြံထဲမှာအန္တရာယ်ရှိတဲ့ သစ်ပင်တွေရှိတယ်၊ တချို့သစ်ပင်တွေဆိုရင် သွေးနံ့ရတာနဲ့ မကောင်းဆိုးဝါးတစ်ကောင်လို အသက်ဝင်လာနိုင်တဲ့ အပင်မျိုးတွေပါ ရှိပုံရတယ်"

ထိုသို့ပြောရင်းနှင့် ခြံဝန်းအတွင်းဝင်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က အသင့်ယူလာသော သေနတ်ကို အဆင်သင့်ပြုလုပ်ထားပြီး လက်နှိပ်မီးကို လက်တစ်ဖက်မှ ကိုင်ထားလေသည်။

မိုးက တဖွဲဖွဲရွာနေဆဲပင်ရှိသေးပြီး အမှောင်ထုများက ဥယျာဉ်ခြံတစ်ခုလုံး ဖုံးအုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က ပတ်ဝန်းကျင်ကို လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ပန်းခြံတစ်ဝိုက်မှာတော့ ထူးထူးခြားခြားမတွေ့ရပေ။

"မင်းမှာ မိုးကာမပါဘူးလား၊ ဒီခေါင်းစွပ်ပါတဲ့ မိုးကာအင်္ကျီကို ဝတ်ထားပါ. ."

ဒေါက်တာမင်းထင်ကျော်က သူဝတ်ထားသော မိုးကာဂျာကင်ကို ချွတ်ပေးလိုက်သည်။

"ကျေး. . ကျေးဇူးတင်ပါတယ်"

အင်္ကျီချွတ်လိုက်တော့မှ လက်မောင်းမှာ ပတ်တီးစည်းထားသော ဓါးဒဏ်ရာနှင့် ချိုင်းအောက်မှာ အိတ်ဖြင့်လွယ်ထားသော သေနတ်ကို တွေ့မြင်သွားသည်။

နှစ်ယောက်သား ပန်းခြံတစ်နေရာသို့ ရောက်သောအခါ တဲပေါ်မှာ မီးရောင်မြင်နေရသဖြင့် လှမ်းကြည့်လိုက်သည်။

ရှေ့မှာရှိသော ကွပ်ပျစ်ပေါ်မှာ ခွေခွေကလေးလဲကျနေသည့် ခြံစောင့်ထွန်းခကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့ လျှောက်သွားသည်။

"ကိုထွန်းခ. . ကိုထွန်းခ. . ."

ခေါ်သော်လည်း ပြန်မထူးတော့ပေ။

ထို့ကြောင့် အနားသွားကြည့်သောအခါ ထွန်းခမှာ





အသက်ပျောက်နေချေပြီ။

လက်နှိပ်မီးဖြင့်ထိုးကြည့်တော့ လည်ပင်းနေရာမှာ အစွယ်ပေါက်နှစ်ခုကို တွေ့ရသည်။

"သူလည်း မာလလိုပဲသေတာဖြစ်မယ်"

ဟု ပြောပြီး သွေးစုပ်ပန်းပင်ရှိရာသို့ လျှောက်လာကြလေသည်။

ပန်းပင်ခြေရင်းမှာ ပင်းတစ်ပွင့်ကြွေကျနေသည်ကို တွေ့ရသဖြင့် ကောက်ယူကြည့်လိုက်ရာ. . လင်းနို့အသေကောင်နှင့်တူသော ပန်းပွင့်ကို တွေ့ရလေသည်။

ထိုနေရာနှင့်မနီးမဝေးမှာတော့ ဦးနေဒွန်းအလောင်းကို တွေ့ရသည်။

အလောင်းမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေပြီ. .၊

တစ်ကိုယ်လုံး သွေးများမရှိတော့ဘဲ အရိုးစုသဏ္ဌာန်ဖြစ်နေလေတော့သည်။

"သူ ဘယ်လိုကြောင့်သေရတာလဲ"

"သွေးဆိုက သွေးနံ့ရလို့ မကောင်းဆိုးဝါးသစ်ပင်တွေအသက်ဝင်လာပြီး လာသတ်သွားတာဖြစ်မယ်၊ ဒီနေရာမှာကြာကြာနေလို့မကောင်းဘူး၊ အမြန်သွားကြရအောင်"

ဟု ပြောပြီး နန်းသူဇာလက်ကိုဆွဲပြီး ခြံဝန်းအတွင်းမှ အမြန်ဆုံးပြန်ထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်များက မကြာခင်မှာ သူတို့ရှိရာသို့ ရောက်လာကြပေတော့မည်။







# အခန်း(၁၁)

# ကြောက်စရာပိတ္သာသစ်ပင်အန္တရာယ်

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် ဦးနေဒွန်း အလောင်းနှင့် ထွန်းခအလောင်းတို့ကို သယ်ယူလာပြီး စီစဉ်စရာရှိသည်များ စီစဉ်ပြီး နေ့လယ်ပိုင်းအချိန်တွင် သုသာန်ပို့ပြီး မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည်။

"အခုတလော ကျုပ်ခြံထဲမှာလည်း ဘယ်လိုကြမ္မာဆိုးတွေ ဝင်နေလို့များ လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေကြရတာလည်း မသိတော့ပါဘူး၊ ကျုပ်သားမောလ



www.burmeseclassic.com

www.burmeseclassic.com



သေတာတောင် ရက်မလည်ရသေးဘူး၊ ဟော. . . အခု နောက်ထပ်နှစ်ယောက် သေရပြန်ပြီ၊ ဒီအတိုင်းဆိုရင် နောက်ထပ် ဘယ်သူတွေသေကြဦးမလဲ မသိတော့ပါဘူး. . ”

အသုဘကိစ္စများပြီးတော့ ညနေပိုင်းအချိန် ရောက်နေပြီ။ ထိုအချိန်တွင် အိမ်ထဲမှာ လူစုံရှိနေကြသောအချိန်တွင် ဦးကျော်ခေါင်က ငိုသံပါကြီးနှင့် ပြောလိုက်ခြင်းဖြစ်သည်။

“ဒီလိုဖြစ်နေတာတွေက အပြင်ပယောဂကြောင့် မဟုတ်ပါဘူး၊ ဦးကျော်ခေါင်စိုက်ထားတဲ့ ထူးဆန်းတဲ့ သစ်ပင်တွေကြောင့် ဖြစ်ရတာပါ. . ”

“ဗျာ. . ကျုပ်သစ်ပင်တွေကြောင့်ဖြစ်ရတယ်. .၊ ဟုတ်လား . . ဘယ်လိုများ ဒီလိုဖြစ်ရတာလဲ”

“ထူးဆန်းတဲ့သစ်ပင်တွေဟာ တချို့သွေးနံ့ရတာနဲ့ အသက်ဝင်လာတာတွေ ရှိပါတယ်၊ အရင်က ရေပြာအိုင်ရွာဘက်မှာ အသက်ဝင်နေတဲ့ သစ်စုန်းပင်တွေကြောင့် ဒုက္ခရောက်ရတဲ့ အဖြစ်အပျက် တစ်ခုရှိခဲ့တယ်. . ”

“ဘယ်လိုအဖြစ်အပျက်လဲ. . ပြောပါဦးဗျာ. . ”

“အဲဒီရွာရဲ့အစွန်ဘက်မှာနေတဲ့ အမျိုးသမီး တစ်ယောက်ဟာ သူ့ခြံဝန်းထဲမှာ သစ်စုန်းပင်ကြီးရှိနေတာကို သူကိုယ်တိုင်မသိဘူး၊ အဲဒီသစ်ပင်ကြီးက ညအချိန်ရောက်ရင် ရွာထဲဝင်လာပြီး လူနဲ့တိရစ္ဆာန်တွေကို သတ်ဖြတ်လေ့ရှိတယ်၊





ပထမတော့ ရွာသူရွာသားတွေက မကောင်းဆိုးဝါး ဝင်တယ်ထင်ပြီး ကြောက်လန့်နေကြတယ်၊

နောက်. . မတတ်နိုင်တော့မှ တစ်ရွာလုံးစုပြီး ဓါးလှံတွေနဲ့ စောင့်နေကြတယ်. .၊

သစ်စုန်းပင်ကြီးလည်း ဓါးနဲ့ဝိုင်းခုတ်၊ လှံနဲ့ဝိုင်းထိုးတော့ ထွက်ပြေးသွားတယ်၊

နောက်ကလိုက်သွားကြတော့ ရွာအစွန်မှာနေတဲ့ ခြံထဲကို ဝင်ပြေးသွားတာတွေ့လိုက်ရတယ်. . ”

“နောက်တော့ ဘယ်လိုဖြစ်သွားသလဲ. . ”

“ရွာသားတွေက ခြံရှင်အမျိုးသမီးက မကောင်းဆိုးဝါးအယောင်ဆောင်ပြီး ရွာကိုဒုက္ခပေးနေတယ် ထင်တာနဲ့ အပြစ်မရှိတဲ့ ထိုအမျိုးသမီးကို ဝိုင်းသတ်လိုက်ကြတယ်. . ”

“ဖြစ်ရလေဗျာ. . ”

“နောက်တစ်နေ့ မနက်လင်းတော့မှ တတ်သိနားလည်တဲ့လူတွေကပြောပြလို့ ခြံဝန်းထဲလိုက်ကြည့်တော့ ခြံထောင့်တစ်နေရာမှာ လှံချက်၊ ဓါးချက်တွေ စိုက်ဝင်နေတဲ့ သစ်စုန်းပင်ကြီးကို တွေ့ကြရတယ်၊ သစ်စုန်းပင်ကြီးက လှံချက်ဓါးချက် ထိထားတဲ့နေရာတွေက သွေးတွေစီးကျနေတာကိုလည်း တွေ့ကြရတယ်၊ ဒီတော့မှ သူတို့မှားမှန်းသိကြပေမယ့် လက်လွန်ပြီးမို့ အပြစ်မရှိတဲ့ အမျိုးသမီးကတော့



www.burmeseclassic.com

www.burmeseclassic.com


သေခဲ့ရတယ်. . ."

"ကျုပ်ခြံထဲမှာရော ဒီလိုကြောက်စရာကောင်းတဲ့ သစ်ပင်မျိုးတွေ ရှိသလားဗျ. ."

"ရှိနိုင်ပါတယ်. . ဦးကျော်ခေါင်က ထူးဆန်းတဲ့ သစ်ပင်တွေ စိုက်ပျိုးတာ ဝါသနာပါတော့ ဒီလောက်များတဲ့ သစ်ပင်ပန်းပင်တွေထဲမှာ ရှိနိုင်ပါတယ်. ."

"ဘယ်အပင်ဖြစ်မလဲဆိုတာသိရင် ချက်ခြင်းလှဲပြီး မီးရှို့ပစ်ပါတယ်ဗျာ. ."

"အခုမသိပေမယ့် သိအောင်လုပ်ရင်သိရပါတယ်"

"ဒါထက် ထွန်းခက ဘယ်လိုသေရတာလဲ"

"အဆိပ်ရှိတဲ့ပန်းပွင့်ကြောင့်သေရတာပါ၊ မာလသေရတာနဲ့ အတူတူပါပဲ. ."

"ဦးနေဒွန်းကျတော့ရော. ."

"သူကတော့ သွေးစုပ်သစ်စုန်းပင်ကြောင့် သေရတာပါ၊ ဦးကျော်ခေါင်ကို လက်ဆောင်ပေးတဲ့ ပန်းပွင့်က သွေးစုပ်ပန်းပင်လို့ ခေါ်ပါတယ်၊ ဒီအပင်ကို သွေးရည်နဲ့ လောင်းပေးရင် အပွင့်ပွင့်ပါတယ်၊ ဦးနေဒွန်းက ပန်းပင်ကို သွေးလောင်းဖို့သွားရင်း သွေးနံ့ရတော့ သွေးစုပ်သစ်စုန်းပင်ကြီး ရောက်လာပြီး အသတ်ခံလိုက်ရတာပါ"

"ဒီအတိုင်းဆိုရင်တော့ ဒုက္ခပါပဲဗျာ. . ကြာရင် အားလုံးသေကုန်ကြလိမ့်မယ်ထင်ပါရဲ့၊ ဘယ်သစ်ပင်မှန်း မသိတော့လည်း ဘယ်လိုရှာသတ်ရမလဲ"

"ဒီအတိုင်းလိုက်ရှာရင်တော့ တွေ့မယ်မထင်ပါဘူး၊ သူ့ကို အပြင်ထွက်လာအောင်လုပ်ပြီးမှ သတ်ပစ်ရမယ်၊ ဒီကိစ္စက ကြာကြာထားရင် အန္တရာယ်များလိမ့်မယ်၊ ဒီကနေ့ညပဲ အစီအစဉ်ဆွဲပြီး သတ်ပစ်တာကောင်းလိမ့်မယ်. ."

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေသည်။

"မောင်ထင်ကျော်ရေ. . ကျုပ်အတွက် ထူးဆန်းတဲ့ ဇာတ်လမ်းတစ်ပုဒ် ရနိုင်လောက်တယ်ဆိုပေမယ့် အန္တရာယ်တော့ အတော်များတယ်နော်. ."

"အန္တရာယ်များပေမယ့် ဒီအတိုင်းထားခဲ့လို့မှ မဖြစ်တော့တာ၊ သူ့အတိုင်းထားတုန်းက ဘာမှမထူးခြားပေမယ့် အခု သူက သွေးစုပ်သစ်ပင်ဘဝ ရောက်သွားပြီ. . .၊ ဒီလို သွေးစုပ်ဖူးတဲ့သစ်ပင်မျိုးက ဒီအတိုင်းထားလို့မရတော့ဘူး၊ တောထဲကကျားလိုပေါ့၊ လူသားစားပြီးသွားတဲ့ ကျားဟာ တခြားဘယ်တိရစ္ဆာန်ရဲ့အသားကိုမှ စိတ်မဝင်စားတော့ဘူး၊ လူသားပဲ မရ,ရအောင် ရှာစားသလိုမျိုးပေါ့၊ သွေးသောက်ပြီးတဲ့ သစ်စုန်းပင်ဟာ ဒီအတိုင်းနေတော့မှာ မဟုတ်တာ သေချာတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းထင်ကျော်စကားကို ဦးဗန်ကောင်းက လည်း ထောက်ခံလေသည်။

"ဦးနေဒွန်းတို့က သွေးစုပ်ပန်းပင်ယူလာတာ အကြံအစည်နဲ့ ယူလာကြတာပဲ၊ နန်းမာလာကို နှိပ်စက်နေကြတယ် သတင်းကြားတာနဲ့ ဦးကျော်ခေါင်တို့မိသားစု ဒုက္ခရောက်အောင် တမင်ယူလာခဲ့တာပဲ. . ၊ မာလသေတဲ့ညက ပြတင်းပေါက်မှာ သွေးတွေစွန်းနေတာလည်း သွေးစုပ်ပန်း ရောက်လာအောင် သူတို့ တမင်ကြံစည်ခဲ့တာပဲ"

"တိုးတိုးပြောပါ မောင်ထင်ကျော်ရယ်၊ ဦးနေဒွန်းလည်း သေသွားပြီဆိုတော့ ပြီးတဲ့ကိစ္စ ပြီးပါစေတော့၊ တော်ကြာ ဦးကျော်ခေါင် သိသွားရင် နောက်ထပ်ပြဿနာတွေ မဆုံးနိုင်အောင် ထပ်ပေါ်လာပါဦးမယ်. ."

ကျွန်ုပ်ကပြောလိုက်သဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို ထပ်မပြောတော့ပေ။

"ဒါကတော့ သူ့ကြမ္မာသူ ဖန်တီးတာပေါ့လေ၊ သူ တစ်ပါးမကောင်းကြံတော့လည်း မကောင်းတဲ့ကံကြမ္မာက သူ့ဆီ ပြန်ရောက်လာတယ် ဆိုရမှာပဲ၊ ဒါထက်. . ညကျရင် အစီအစဉ်ဘယ်လိုလုပ်မှာလဲ၊ မောင်ထင်ကျော် လက်မောင်းက ဒဏ်ရာကရော သက်သာရဲ့လား. ."

"ကိစ္စမရှိပါဘူး. . ဒီပြဿနာမပြီးမချင်း အေးမှာ





မဟုတ်တော့ ပြီးအောင်ရှင်းရမှာပဲ. ."

ဟု ပြောလေသည်။

ညနေပိုင်းအချိန်တွင် နန်းသူဇာနှင့် တွေ့သောအခါ သူမက တောင်းပန်သည်။

"ဒေါက်တာ့အပေါ်မှာ တွေ့စက အထင်လွဲမိတာရော၊ မဆင်မခြင် လုပ်ခဲ့မိတာရော ကျွန်မ တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး. . ကျွန်တော် ဘယ်လိုမှသဘောမထားပါဘူး၊ နန်းသူဇာတို့ကိစ္စတွေ အဆင်ပြေသွားရင် ပြီးတာပါပဲ၊ ဒါထက် ကိစ္စတွေပြီးရင် ရှမ်းပြည်ပြန်ကြမှာမဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

"ပြန်ရင် နန်းမာလာရော ခေါ်သွားမှာလား"

"ဒါကတော့ သူ့သဘောပါပဲ၊ အခုတော့ သူတို့ချင်းလည်း အဆင်ပြေသွားပြီ ထင်ပါတယ်၊ ကလေးကလည်း ရှိနေတော့ ကျွန်မတို့ကတော့ ဘာမှပြောပိုင်ခွင့်မရှိပါဘူး. ."

"ဦးနေဒွန်းအခုလိုဖြစ်ရတာ ကျွန်တော်တို့စိတ်မကောင်းပါဘူး. ."

"ဒါကတော့ ဘယ်တတ်နိုင်ပါ့မလဲလေ၊ ကံစီမံရာအတိုင်းပေါ့၊ ဒါထက်. . ကျွန်မတို့ပြန်ရင် ဒေါက်တာတို့ အလည်


www.burmeseclassic.com

www.burmeseclassic.com

လိုက်ခဲ့ကြပါလား. ."

"လိုက်ခဲ့တာကတော့ ဟုတ်ပါပြီ၊ ဟိုရောက်တော့မှ အပြုစားခံနေရရင် မခက်ပေဘူးလား"

"ကျွန်မတို့ကို ပြုစားတတ်တဲ့သူတွေလို့ ထင်နေလို့လား"

"ဒီလိုတော့မဟုတ်ပါဘူး. . အခုတောင် အပြုစားခံထားရပြီလို့ ထင်နေမိတယ်"

နန်းသူဇာက နားမလည်သလိုအမူအယာဖြင့် မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်သည်။

"ဟုတ်တယ်. . ကျွန်တော့်ရင်ထဲမှာ တစ်ခုခုဖြစ်နေသလိုပဲ၊ နန်းသူဇာနဲ့ဝေးရမှာကို စိုးရိမ်နေသလိုပဲ. ."

ဒီတော့မှ သဘောပေါက်သွားဟန်ရှိပြီး သူမ မျက်နှာပေါ်မှာ ပြုံးရိပ်သမ်းသွားလေသည်။

"ကျွန်မတို့က မြို့ကြီးသူတွေလို စကားပိရိယာယ်နဲ့ ပြောတာကို နားမလည်ကြဘူး"

"မဝေးချင်ဘူးဆိုတော့ နီးချင်တဲ့သဘောပါပဲ. ."

"ဒီလိုမဝေးချင်ရင် အပြန်ကျရင် တစ်ခါတည်းလိုက်ခဲ့ပေါ့"

"ဒါ အဖြေပေးတာပဲလား. ."

"ဒါထက် ပိုပြောစရာ လိုသေးလို့လား. ."





"ဒီလိုသဘောထား သိရပြီဆိုတော့ တစ်ခါတည်း ခေါ်ထားလိုက်ရင် ပိုမကောင်းဘူးလား"

"ကျွန်မ,မပါဘဲ အရိုးတစ်ယောက်တည်း ဘယ်လိုပြန်မှာလဲ၊ ဟိုမှာမိဘတွေ ရှိသေးတယ်လေ၊ တစ်ကယ်နှစ်သက်တယ်ဆိုရင် လိုက်ပြီးခွင့်တောင်းရမှာပေါ့. ."

"ကောင်းပါပြီ. . ကိစ္စတွေပြီးလို့ နန်းသူဇာတို့ ပြန်ရင် တစ်ခါတည်းလိုက်ခဲ့ပါ့မယ်"

"ဒါထက် တွေ့တာတောင် သိပ်မကြာသေးဘူး ချက်ခြင်းကြီး ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်တုန်းကစပြီး ကျွန်မအပေါ်မှာ စိတ်ဝင်စားတာလဲ. ."

နန်းသူဇာက တိုင်းရင်းသူပီပီ စကားကို သွယ်သွယ်ဝိုက်ဝိုက်မပြောဘဲ သိလိုသည်ကို ပွင့်လင်းစွာမေးသည်။

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံး လိုက်သည်။

"အမှန်တော့ တွေ့စကတည်းက စိတ်ဝင်စားတာပါ၊ အခုလိုကတော့ ဟိုညကတွေ့ပြီးကတည်းကဆိုပါတော့. ."

ထိုစကားကြောင့် နန်းသူဇာမျက်နှာပေါ်မှာ ပန်းနုရောင် သမ်းသွားလေသည်။

"ကိုယ့်အပေါ်မှာရော ဘယ်အချိန်ကစိတ်ဝင်စားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပဲပေါ့. ."

"ဘယ်လိုအတူတူလဲ. ."

"ခါးနဲ့ထိုးမိတဲ့ညကပဲဆိုပါတော့. ."

"ဒီလိုဆိုရင် နောက်ထပ်တောင် ခါးနဲ့အထိုးခံလိုက်ချင်ပါသေးတယ်. ."

"အို. . . တော်ပါတော့၊ အဲဒါကိုတွေးမိရင် စိတ်မကောင်းဖြစ်နေရတဲ့အထဲမှာ. . ."

"ဘာမှမဖြစ်ပါနဲ့တော့ သူဇာရယ်၊ တမင်လုပ်တာမှမဟုတ်တာ၊ ဒီအမှတ်အသားက ကိုယ်တို့နှစ်ယောက်အတွက် အချစ်သင်္ကေတတစ်ခုလိုပဲ သဘောထားလိုက်ပါ့မယ်"

"မြို့ကြီးသားပီပီ လူတစ်ဖက်သား စိတ်ချမ်းသာအောင်တော့ အတော့်ကိုပြောတတ်ပါပေတယ်. . ."

ဟု ပြောလေသည်။

ညနေပိုင်းအချိန် ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့် ဦးကျော်ခေါင်တို့က ခြံအလုပ်သမားများကိုခေါ်ပြီး အခြေအနေကို ပြောပြလိုက်သည်။

အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် ခါးလှံလက်နက်များကို အဆင်သင့်ပြင်ထားရန်လည်း တစ်ခါတည်းမှာထားရလေသည်။

ထို့နောက်မှာတော့ သွေးများကို ရသမျှစုဆောင်းပြီး





အိုးတစ်လုံးဖြင့် ခံထားလေသည်။

နေဝင်သွားသောအခါ အိမ်တံခါးများ အလုံပိတ်ထားပြီး အပြင်မထွက်ကြရန်လည်း သတိပေးထားရသည်။

အားလုံးကတော့ ကြောက်ရွံ့ထိတ်လန့်နေကြသည်။

နေဝင်သွားသောအခါ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် အခြားသတ္တိကောင်းသော အလုပ်သမားနှစ်ယောက်တို့က ခြံဝန်းအတွင်း ဝင်သွားလေသည်။

ဦးကျော်ခေါင်နှင့် ကျွန်ုပ်တို့ကတော့ အိမ်အနီးပတ်ဝန်းကျင်မှပင် စောင့်နေကြရသည်။

ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်က သွေးရည်များထည့်ထားသော ရေတကောင်းနှစ်လုံးကိုယူကာ ခြံဝန်းအတွင်းသို့ ဝင်လာခဲ့ကြသည်။

၎င်းတို့ထံမှ လက်နှိပ်မီး၊ ခါး၊ လှံလက်နက်များအပြင် သေနတ်တစ်လက်လည်းပါလာသည်။

အရေးအကြောင်းရှိပါက အသုံးပြုနိုင်ရန် မီးမထွန်းရသေးသော မီးတုတ်အချို့လည်း ပါလာကြသည်။

သွေးစုပ်ပန်းရှိရာ ရောက်သောအခါ. . . ကျန်သုံးယောက်ကို ပတ်ဝန်းကျင်တစ်ဝိုက်သို့ မျက်ခြည်မပြတ် စောင့်ကြည့်ခိုင်းထားပြီး ဒေါက်တာမင်းထင်ကျော်က ရေတကောင်းတစ်လုံးနှင့် ထည့်ယူထားသော သွေးရည်များကို သွေးစုပ်ပန်း



www.burmeseclassic.com

www.burmeseclassic.com

ပင်ပေါ်သို့ လောင်းချလိုက်သည်။

သွေးနံ့များက ပတ်ဝန်းကျင်သို့ ပျံ့နှံ့သွားသည်။

ထိုသို့ လောင်းချလိုက်ပြီး မကြာခင်မှာ အပင်ပေါ်မှာ တစ်ခုတည်းဖူးနေသည့်ပန်းပွင့်က တဖြည်းဖြည်းပွင့်လာသည်။ အသက်ဝင်သကဲ့သို့ လှုပ်ရှားလာသည်။

ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ ပန်းပွင့်မျက်နှာမှာ မကောင်းဆိုးဝါး တစ်ကောင်ကဲ့သို့ ရှိလာပြီး သွေးစုပ်လင်းနို့ တစ်ကောင်နှင့်လည်း တူလာလေသည်။

၎င်းက နေရာမှထပျံရန် ဟန်ပြင်နေစဉ်မှာ ဒေါက်တာမင်းထင်ကျော်က တုတ်ဖြင့်ရိုက်ချလိုက်ရာ အောက်သို့ပြုတ်ကျသွားတော့သည်။

သို့စေကာမူ လင်းနို့တစ်ကောင်ကို တုတ်ဖြင့်ရိုက်ရာ အကောင်ကျိုးနေသကဲ့သို့ ခုန်ဆွခုန်ဆွဖြစ်နေသည်။

ထိုအခိုက်မှာပင် အလုပ်သမားတစ်ယောက်က ပြောသည်။

"ဆရာ. . ဒီဘက်က ခြေသံကြားရတယ်"

လေးယောက်သား ထိုနေရာသို့ ကြည့်နေကြစဉ်မှာပင် တောထဲမှတိုးထွက်လာသော မကောင်းဆိုးဝါးကြီးကို လှမ်းမြင်ကြရသည်။





နီရဲနေသောမျက်လုံးများဖြင့် လက်ကားရားခြေကားရား ပုံသဏ္ဍာန်ဖြင့် တိုးထွက်လာသည်။

"မင်းတို့ဝေးဝေးမှာ ဆုတ်နေကြ. ."

ထိုသို့ပြောလိုက်စဉ်မှာပင် မနီးမဝေးမှာရှိနေသည့် အလုပ်သမားကို လက်တံရှည်ကြီးဖြင့် လှမ်းဆွဲလိုက်သည်။ ထိုအလုပ်သမားကလည်း သတ္တိကောင်းသူမို့ ကြောက်ရွံ့မနေဘဲ သူ့ကိုပတ်လာသော နွယ်လက်တံကို ဓါးဖြင့်ခုတ်လိုက်ရာ ထက်ပိုင်းပြတ်ကျသွားသည်။

ထိုအခါ နောက်တစ်ယောက်က လက်ထဲမှာရှိနေသော လှံဖြင့်ထိုးရာ စိုက်ဝင်သွားလေသည်။

ဓါးထိသောနေရာ၊ လှံချက်ထိသောနေရာများမှ အညိုရောင်သွေးရည်များ စီးကျလာသည်။

"ရှေ့မတိုးကြနဲ့ ဒီဘက်လာကြ. . .၊ နောက်ကိုပြန်ဆုတ်ကြမယ်. ."

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်တော့. . . အလုပ်သမားနှစ်ယောက်က နောက်သို့ပြန်ဆုတ်လာသည်။

သစ်ပင်ဘဝမှ မကောင်းဆိုးဝါး အသွင်ပြောင်းပြီး အသက်ဝင်နေသော သစ်စုန်းပင်ကြီးကတော့ သူတို့လက်ထဲမှာကျန်နေသော သွေးအိုးရှိရာသို့ တဖြည်းဖြည်းတိုးလာလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လေးယောက်သား နောက်သို့ဆုတ်ပေးကြလေသည်။

မကောင်းဆိုးဝါးကြီးကလည်း ရှေ့တိုးလိုက်လာလေသည်။ နောက်ဆုံးတော့ အိမ်နှင့်မနီးမဝေး ကွက်လပ်ရှိရာသို့ ရောက်လာလေသည်။

ထိုနေရာမှာတော့ ကောက်ရိုး၊ ဝါးကိုင်းအခြောက်၊ သစ်ကိုင်းအခြောက်များကို စက်ဝိုင်းသဏ္ဌာန် ပုံထားလေသည်။

ထိုအစီအစဉ်ကလည်း ညနေပိုင်းကတည်းက ကြိုတင်ပြုလုပ်ထားခြင်းဖြစ်သည်။

အိမ်ထဲမှ ကြည့်နေသူများမှာလည်း ထိုမြင်ကွင်းကို မြင်တွေ့ရသောအခါ အသက်ရှူရန်ပင် မေ့လျော့နေကြသည်။

ဒေါက်တာမင်းထွဋ်ကျော်တို့က တဖြည်းဖြည်းနှင့် နောက်ဆုတ်လာရာ မိစ္ဆာသစ်ပင်ကြီးကလည်း တဖြည်းဖြည်းနှင့် ရှေ့တိုးလိုက်လာသည်။

စက်ဝိုင်းသဏ္ဌာန်ပြုလုပ်ထားသည့် အလယ်နေရာသို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က သွေးထည့်ထားသောအိုးကို ချထားလိုက်ပြီး စည်းဝိုင်းအစပ်၌ ရပ်နေလေသည်။





မိစ္ဆာသစ်ပင်ကြီးက စည်းဝိုင်းအလယ်သို့ ဝင်လိုက်လာပြီး သွေးထည့်ထားသည့်အိုးကိုယူ၍ သောက်လေတော့သည်။

"ဒီနေ့တော့ နောက်ဆုံးနေ့ပဲလို့သာ မှတ်လိုက်ပေတော့"

ထိုသို့ပြောပြီး မီးခြစ်ကိုခြစ်ပြီး ကောက်ရိုးပေါ်သို့ ပစ်ချလိုက်သည်။

ဓါတ်ဆီနှင့်ရေနံဆီများ လောင်းထားသောကြောင့် ခဏချင်းမှာပင် မီးတောက်များထလာပြီး တစ်နေရာမှတစ်နေရာ ကူးသွားလေတော့သည်။

စက်ဝိုင်းသဏ္ဌာန်မီးတောက်များ ထလာသောအခါ အထဲရောက်နေသော မိစ္ဆာသစ်ပင်ကြီးမှာ အပြင်သို့ပြန်ထွက်ရန် ကြိုးစားသည်။

ထိုအခါ အရှိန်ရနေသော မီးတောက်များက ထိုသစ်ပင်ကိုပါ စွဲလောင်လေတော့သည်။

ထိုအခြေအနေကိုမြင်သောအခါ အသင့်စောင့်နေကြသော အလုပ်သမားများက ထွက်လာပြီး ဓါတ်ဆီပုလင်း၊ ရေနံဆီထည့်ထားသော ပုလင်းများဖြင့် သစ်ပင်ကြီးရှိရာသို့ ပစ်ပေါက်ကြရာ မီးတောက်ကြီးများက ပိုမိုများပြားလာတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကြီးတစ်ပင်လုံးလည်း မီးတောက်များက စွဲလောင်နေတော့သည်။

နောက်ဆုံးမှာတော့ မီးတောက်များကြားမှာ ဖရိုဖရဲနှင့် လဲကျသွားလေရာ. . မီးတောက်များက ဝါးမြိုသွားလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ အိမ်ထဲမှာရှိနေကြသူများမှာ အပြင်သို့ ထွက်လာကြလေသည်။

"ဦးနေဒွန်းကိုသတ်သွားတဲ့ တရားခံကတော့ ဒီသစ်ပင်ပါပဲ၊ တစ်လက်စတည်း ထွန်းခနဲ့မာလတို့ကို သတ်တဲ့တရားခံကိုပါ တစ်ပါတည်းရှင်းလိုက်တာ ပိုကောင်းမယ်. ."

ဟု ပြောပြီး သွေးစုပ်ပန်းပင်ရှိရာသို့ တစ်ကျော့ပြန်သွားကာ နုတ်ယူ၍ မီးရှို့လိုက်ကြလေသည်။

အောက်မှာကြွေကျနေသော ပန်းပွင့်ကိုတော့ နမူနာအဖြစ် အဝတ်ဖြင့်ထုပ်ကာ ယူလာခဲ့သည်။

ယခုတော့လည်း ကြောက်မက်ဖွယ်ကောင်းသောအန္တရာယ်များ ပြီးဆုံးသွားပြီဟု ဆိုရတော့ပေမည်။







# အခန်း(၁၂)

## ပျော်ရွှင်ဖွယ်ရာဘဝလမ်းခရီး

BURMESE CLASSIC .com

ကိစ္စအားလုံး ပြီးသွားသောအခါ ဒေါက်တာမင်းထင်ကျော်လည်း ရန်ကုန်ပြန်ရန် ပြင်ဆင်လေသည်။

ယခုအခါမှာတော့ ဦးကျော်ခေါင်နှင့် နန်းမာလာတို့မှာလည်း အနှောက်အယှက်များ မရှိတော့သဖြင့် ယခင်ကဲ့သို့ ပြေလည်သွားကြပြီဖြစ်ရာ နန်းမာလာလည်း ရှမ်းပြည်သို့ ပြန်မလိုက်တော့ပေ။

ထိုအခါ ရှမ်းပြည်သို့ နန်းသူဇာနှင့်ဒေါ်မင်းဇာတို့


www.burmeseclassic.com

www.burmeseclassic.com

မိန်းမသား နှစ်ယောက်တည်း ပြန်ရတော့မည်မို့ အဆင်မပြေ ဖြစ်နေတော့သည်။ သို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလေသည်။

"နှစ်ယောက်တည်းပြန်ဖို့ အဆင်မပြေဖြစ်နေရင် ကျွန်တော်တို့ အဖော်လိုက်ခဲ့ပေးပါ့မယ်. . ၊ ဟိုရောက်တော့လည်း လည်ရင်းပတ်ရင်းပေါ့. ."

ထိုစကားကြားတော့ ငယ်ရာမှကြီးလာသော ဒေါ်မင်းဇာက သဘောပေါက်သဖြင့် ဝင်မေးလိုက်သည်။

"အဖော်အဖြစ် လိုက်ခဲ့တာတော့ ဟုတ်ပါပြီ၊ အဖော်လုပ်ပေးမယ့်သူက ဟိုမှာ ဘယ်လောက်ကြာကြာ နေပေးနိုင်မှာမို့လဲ"

"ကာယကံရှင်တွေက လက်ခံမယ်ဆိုရင် ဘယ်လောက်ကြာကြာ နေပေးနိုင်ပါတယ်"

ထိုစကားကြောင့် နန်းသူဇာမှာ ရှက်သွေးဖြာသော မျက်နှာဖြင့် ခေါင်းငုံ့နေသော်လည်း ကျန်သူများကတော့ သဘောပေါက်သဖြင့် ရယ်ကြလေသည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွယ်. ."

ထိုသို့ပြောဆိုပြီး ဒေါက်တာမင်းထင်ကျော်တို့ ကားဖြင့် ရန်ကုန်ပြန်ကြသောအခါ ဒေါ်မင်းဇာနှင့် နန်းသူဇာတို့ နှစ်ယောက်ကိုပါ တစ်ပါတည်း ခေါ်လာခဲ့လေတော့သည်။





"အင်း. . အလာတုန်းက ရှမ်းပြည်ပြန်ရင် နန်းမာလာကို ခေါ်သွားဖို့ပဲ၊ ဒါပေမယ့် တစ်ကယ်ကျတော့ နန်းသူဇာအတွက် ဖူးစာဖက်ရှာပေးရသလို ဖြစ်နေပြီ. . ."

"အို. . အရီးကလည်း ဘာတွေပြောနေတာလဲ၊ ဒီမှာဖြင့် ဘာမှတောင်မဖြစ်သေးဘဲနဲ့"

"အခုမှတော့ ရှက်မနေပါနဲ့တော့အေ၊ အခုလို သင့်တော်တဲ့သူနဲ့ ဖူးစာဆုံရတော့လည်း စိတ်အေးရတာပေါ့၊ ရှမ်းပြည်ပြန်ရောက်ရင်တော့ ညည်းမိဘတွေက သမီးပြန်ပါလာမယ်ထင်ပြီး စောင့်နေကြမှာ. . . သမီးမပါဘဲ သမက်ပါလာတော့လည်း ဝမ်းသာကြမှာပါ"

ထိုသို့ပြောလိုက်သောအခါ နန်းသူဇာက ဘာမှထွေထွေထူးထူး ထပ်မပြောတော့ဘဲ ဒေါက်တာမင်းထင်ကျော်ကို ရှက်ပြုံးကလေးဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ကျေနပ်ဝမ်းသာနေသော အမူအယာဖြင့် ပြန်ကြည့်နေရာ. . နှစ်ယောက်သား အကြည့်ချင်းဆုံ သွားကြလေတော့သည်။

ထိုမြင်ကွင်း အခိုက်အတံ့ကလေးကပင် မြင်ရသူများအတွက် ပျော်ရွှင်ကြည်နူးစရာ ဖြစ်ပေတော့သည်။

"ဒီလိုလေးနဲ့ ဇာတ်သိမ်းလိုက်ရတော့လည်း ကျွန်မရဲ့ စာဖတ်ပရိသတ်တွေက ကျေနပ်ကြမှာပါပဲ၊ အခုမှပဲ ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းက အဆုံးသတ်ရတော့မယ်. . ."

"ဘယ်ကအဆုံးသတ်ရမှာလည်း စာရေးဆရာရဲ့၊ ခင်ဗျားရဲ့ ဝတ္ထုဇာတ်လမ်းကသာ ဆုံးသွားပေမယ့် သူတို့ နှစ်ယောက်ရဲ့အချစ်ဇာတ်လမ်းက အခုမှ စရုံပဲရှိသေးတယ်ဗျ၊ နောက်ဆက်တွဲတွေ အများကြီးထပ်လာဦးမှာဗျ. ."

ဟု ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ဝင်ပြောလိုက်ရာ. . အားလုံးသဘောကျစွာ ရယ်မောလိုက်ကြလေသည်။ သူတို့အားလုံးကိုတင်ဆောင်လာသော ကားကလေးသည် ပြည်လမ်းမကြီးအတိုင်း မော်ဘီမှရန်ကုန်ဘက်သို့ ဦးတည်မောင်းလျက် ရှိနေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သွေးစုပ်ပန်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုသည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

တြိသစ်

စာပြီးချိန်။ ။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၅ရက်၊ တနင်္လာနေ့နံနက် (၁၁)နာရီ။

☺ အောင်မြင်စာပေ ☺




www.burmeseclassic.com